# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
## (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသည် တံခါးပိတ်အစည်းအဝေးမဟုတ်သည့်အတွက် ရှေ့ဝင်ပေါက်နှစ်ပေါက်ကို အမြဲတမ်းဖွင့်ပေးထားတာဖြစ်ပါတယ်။ အစည်းအဝေးကျင်းပနေစဉ်ကာလအတွင်း ၎င်းဝင်ပေါက်ကြီး နှစ်ခုမှ အသုံးမပြုပါရန်နှင့် အခြားအသုံးပြုနိုင်သော ဝင်ပေါက်/ထွက်ပေါက်များမှသာ အသုံးပြုပါရန် ပန်ကြားအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ ထန်တလန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျန်း၏ မိတ်ဆွေ ၄ ဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန၊ အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာန သင်တန်းသား သင်တန်းသူ ၂၀၈ ဦး စုစုပေါင်း ၂၁၂ ဦး တက်ရောက်လေ့လာလျက်ရှိပါတယ်။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၃၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ ဒုတိယအကြိမ်

ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုကို ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဒေါက်တာမြင့်သိန်း၊ ညောင်လေးပင်မဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၈ ဦးရှိပါတယ်။ ယင်းကိုယ်စားလှယ်များကတော့-

(၁) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁ ရက်၊

(၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၃) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၄) ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ခွင့် ၃ ရက်၊

(၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၆) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၂ ရက်၊

(၇) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်နှင့်

(၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၀ ဦး ရှိပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးအောင်ကျော်ဇံ ပေါက်တောမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၄-၈-၂၀၁၆ နေ့ သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြားသားသုံးဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှတတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အရေးကြီးအဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ကျော်ဇံ၊ ပေါက်တောမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ (၃၀-၈-၂၀၁၆) ရက်နေ့တွင် တင်သွင်းတဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၄-၈-၂၀၁၆ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြားသားသုံးဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှတတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အရေးကြီးအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၃၄ ဦးရှိပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးတဲ့အခါမှာ နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(ဂ)အရ အဆိုတစ်ရပ်ကိုဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျ သက်ဆိုင်စေရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ အပြုသဘောအမြင်နဲ့ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆွေးနွေးဖို့ ကြိုတင်အသိပေးအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံရဲ့ အရေးကြီးအဆိုကို ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ သိမ်မွေ့နက်နဲတဲ့ဖြစ်ရပ်ကို ဖြေရှင်းနိုင်မည့်နည်းလမ်းကောင်းများရရှိရေးအတွက် ကိုဖီအာနန်ဦးဆောင်တဲ့ နိုင်ငံတကာမှပညာရှင်သုံးဦးနဲ့ ပြည်တွင်းမှပညာရှင်ခြောက်ဦး စုစုပေါင်းကိုးဦးဖြင့် ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ဒီကော်မတီကို ဖွဲ့စည်းတဲ့နေရာမှာလည်းပဲ ကျွန်တော်တို့ ဘက်လိုက်မှုကင်းရှင်းခြင်း၊ လူအများလေးစားခြင်း၊ အတွေ့အကြုံရင့်ကျက်ခြင်း၊ ထင်ပေါ်ကျော်ကြားမှုရှိခြင်းစတဲ့ ညီညွတ်မှုရှိတဲ့ အချက်များနှင့်အညီ တာဝန်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ကော်မရှင်မှာပါတဲ့ ကိုဖီအာနန်ဟာ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် တာဝန်အပြင်၊ ကုလသမဂ္ဂတာဝန်ကို ထမ်းဆောင်နေတဲ့ကာလမှာ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ ပြဿနာရပ်များကို ဘက်လိုက်မှုကင်းစွာဖြင့် ဆောင်ရွက်ပေးခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ လက်ဘနွန်နိုင်ငံသား မစ္စတာဂါဆန်ဆလမ်ကလည်းပဲ မိမိနိုင်ငံရဲ့ ယဉ်ကျေးမှုဝန်ကြီးအပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်တာဝန်အပြင် နယ်သာလန်နိုင်ငံသူ မစ္စလက်တီတီရာဗန်ဒန်အာဆမ်ကလည်း ဗြိတိန်နိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံရဲ့ သံအမတ်ကြီးနဲ့ ကုလသမဂ္ဂရဲ့ HIV, AIDS ဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံသား ခြောက်ဦးထဲမှာပါဝင်တဲ့ ဦးဝင်းမြနဲ့ ဒေါ်စောခင်တင့်တို့ဟာ ရခိုင်လူမျိုးများဖြစ်ပါတယ်။ ကျန်တဲ့လူမျိုးများအားလုံးကလည်းပဲ မြန်မာနိုင်ငံရဲ့အရေးနဲ့ပတ်သက်ပြီးတော့ ဦးဆောင်ဦးရွက်ပြုနေကြသူများ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်ဟာ တာဝန်ပေးအပ်မှုအပေါ်မှာ ဆုံးဖြတ်မှုပေးရမှာမဟုတ်ပါဘူး။ မိမိတို့ရဲ့ ရှာဖွေတွေ့ရှိချက်များကို လေ့လာသုံးသပ်အကြံပြုပြီးတော့မှ ဒီအစီရင်ခံစာကို ကျွန်တော်တို့ သက်ဆိုင်ရာအစိုးရကိုတင်ပြီးတော့မှ ကျွန်တော်တို့အစိုးရကနေပြီးတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေများအရ ဆုံးဖြတ်ပေးရမှာဖြစ်ပါတယ်။ ပြဿနာရဲ့အရင်းခံကဘာလဲ၊ ဘယ်လိုဖြစ်လာတာလဲဆိုတာနဲ့ပတ်သက်လို့ ကြည့်မယ်ဆိုရင် အိမ်နီးချင်းနိုင်ငံမှ ဆင်းရဲမွဲတေပြီးတော့ အလုပ်အကိုင်ရှားပါးလို့ ရခိုင်ပြည်နယ်ထဲကို စိမ့်ဝင်လာတယ်။ နေထိုင်စားသောက်မှုအဆင်ပြေတဲ့အခါကျတော့ မပြန်တော့ဘဲနဲ့ နောက်ပိုင်းမှာ ဘိုးစဉ်ဘောင်ဆက်ကတည်းကနေလာတာပါ၊ ဒို့က လူမျိုးစုတစ်စုဖြစ်ပါတယ်ဆိုပြီးတော့ ဟစ်ကြွေးလာကြတယ်။

ဒါကို သူတို့နဲ့ဆက်နွယ်တဲ့ နိုင်ငံတကာက ပုဂ္ဂိုလ်တွေကနေပြီးတော့ မီဒီယာလောက၊ သံတမန်လောက ကို ထဲထဲဝင်ဝင်လုပ်ကြပြီးတော့ သတင်းစာရှင်းလင်းပွဲတွေလုပ်တယ်။ ဆန္ဒပြပွဲတွေလုပ်တယ်။ ဝါဒဖြန့်ချိမှုတွေလုပ်လာတယ်။ ဒီလိုလုပ်လာတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံက တာဝန်ရှိသူများနဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ လှည်းအိုကြီးပေါ်မှာ အသံချဲ့စက်ကိုတင်ပြီးတော့ အော်သလိုလုပ်တဲ့အခါကျ တော့ ကျွန်တော်တို့ရဲ့အသံကမထွက်ဘဲနဲ့ သူတို့ရဲ့အသံတွေသာလျှင် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် လူ့အခွင့်အရေးကော်မတီနဲ့ ကျန်တဲ့နိုင်ငံတွေဆီမှာ တွင်ကျယ်လာသလို အာဆီယံနိုင်ငံထဲအထိ အသံတွေဟာ ပေါက်လာတာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့အဖွဲ့အစည်းတွေထဲမှာလည်းပဲ ရခိုင် ပြည်တွင်းနေထိုင်တဲ့သူတွေဟာ မြန်မာနိုင်ငံအစိုးရအဆက်ဆက်ကနေပြီးတော့ ကျွန်တော်တို့ကို နှိပ်ကွပ်တယ်။ လူ့အခွင့်အရေးတွေဖောက်ဖျက်တယ်ဆိုပြီးတော့ ပြောလာသလို ကုလသမဂ္ဂလူ့အခွင့် အရေးကော်မတီကလည်း ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့တာကို သွားတွေ့ ရတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်မှာဖြစ်တဲ့ပြဿနာကို နိုင်ငံတကာအသိုင်း အဝိုင်းနဲ့သက်ဆိုင်တဲ့ပြဿနာတစ်ခုအဖြစ် ဖန်တီးလာတာကို ကျွန်တော်တို့ထင်ထင်ရှားရှားတွေ့ရပါ တယ်။ ဒီအခြေအနေမှာ အစိုးရဘက်က ပြည်တွင်းပြဿနာတစ်ခုအနေနဲ့ ဆောင်ရွက်မယ်ဆိုရင် အမှန် တရားတွေကို နိုင်ငံတကာက လက်ခံလာလိမ့်မယ် မဟုတ်ပါဘူး။ ဒါကြောင့်လည်းပဲ ၂၁ ရာစု ပင်လုံ ညီလာခံကို တက်ရောက်လာတဲ့ မစ္စတာ ဘန်ကီမွန်းကိုယ်တိုင်က ရခိုင်ပြည်နယ်အရေးဟာ နက်ရှိုင်းတဲ့ အရေးကိစ္စဖြစ်တယ်။ ပြဿနာအရင်းအမြစ်တွေဖြေရှင်းတဲ့နေရာမှာ စိန်ခေါ်မှုတွေရှိလာနိုင်တယ်။ ဒီပြဿနာကို စောင့်ကြည့်စစ်ဆေးဖို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်တဲ့အဖွဲ့ကို ဖွဲ့စည်းပေးတာဟာ သင့်မြတ်ပါတယ်၊ ဝမ်းသာပါတယ်ဆိုပြီးတော့ပြောသွားသလို ကျွန်တော်တို့ ကော်မရှင်အဖွဲ့ဝင်ဖြစ်တဲ့ ဒေါက်တာဦးသာလှရွှေကိုယ်တိုင်ကလည်းပဲ ဒီပြဿနာကို ကျွန်တော်တို့ ပြည်တွင်းကရှင်းမယ်ဆိုရင် နိုင်ငံတကာက လက်ခံမှာမဟုတ်ဘူး။ နိုဘယ်(လ်) ငြိမ်းချမ်းရေးဆုရှင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်းဖြစ်တဲ့ ပုဂ္ဂိုလ်ပါလာတဲ့အတွက် ထွက်လာတဲ့ရလဒ်တွေကို ပိုပြီးတော့ လက်ခံဖို့များပါတယ်ဆိုပြီးတော့ Global သတင်းဌာနကို ပြောခဲ့တာလည်းရှိပါတယ်။ အစိုးရပြောရေးဆိုခွင့်ရှိသူကလည်းပဲ ရခိုင်အရေးကိစ္စဟာ နိုင်ငံတကာ ဖိအားတွေ ပတ်သက်နေတဲ့အတွက် ကိုဖီအာနန်ဦးဆောင်တဲ့ပြည်ပပညာရှင်များကို ထည့်သွင်းဖွဲ့စည်း ခြင်းဖြစ်ပါတယ်။ ကိုဖီအာနန် ပါလာတဲ့အတွက် ထွက်လာတဲ့အဖြေကို လက်ခံဖို့ ပိုပြီးအခွင့်အရေးရလာ

တယ်ဆိုပြီးတော့ ပြောသလို အစိုးရဘက်ကလည်းပဲ သမိုင်းကြောင်းအရ သမာသမတ်ကျတဲ့ ဘက်လိုက်မှုကင်းတဲ့ တွေ့ရှိချက်များဖြစ်လာဖို့ တာဝန်ယူပါတယ်လို့လည်း ပြောဆိုသွားတာရှိပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရခိုင်ပြည်နယ်ကိစ္စဟာ ပြည်ပကစိမ့်ဝင်လာတဲ့ လူတွေက သူတို့လူမျိုးစုတစ်စု ဖြစ်တယ်။ သူတို့အနေနဲ့ ဒါဟာ ဒီမှာနေခဲ့တာကြာပြီ။ ဒီလူမျိုးစုနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာမှာ ဟစ်ကြွေးလာတဲ့အခါ နိုင်ငံတကာက လက်ခံလာတဲ့အခါကျတော့ ကျွန်တော်တို့မှာ ဒီပြဿနာရှင်းဖို့က ဘက်ပေါင်းစုံကစဉ်းစားရတဲ့အချိန်တွေကို ရောက်လာပါတယ်။ ဒါကြောင့်မို့ ဒီကိစ္စသည် မြန်မာနိုင်ငံ၏ ပြည်တွင်းပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်တယ်ဆိုတော့ အဆိုပြုချက်ဟာ လွန်စွာမှားယွင်းနေတာကို တွေ့ရပါတယ်။ ဒ့ါအပြင် ဒီနေ့အခြေအနေမှာ ထင်ရှားပေါ်ပေါက်လာတဲ့အချက်များအရ ကြည့်မယ်ဆိုလို့ရင်လည်းပဲ ဒီပြဿနာရဲ့အရင်းအမြစ်မှန်ကို နိုင်ငံတကာသို့ပေါက်ရောက်ရေးအတွက် နိုင်ငံတကာက ပေါက်ပေါက်ရောက်ရောက်ဖြေရှင်းနိုင်တဲ့ နိုင်ငံတကာမှ လေးစားလက်ခံသူကို ကော်မရှင်အလိုက် တာဝန်ပေးခြင်းသည် ကျွန်တော်တို့အနေနဲ့ ဒီရခိုင်အရေးမှာ ပြည်တွင်းအရေးဖြစ်တယ်လို့ အော်ဟစ်နေရုံနဲ့ ဒါဟာ ကျွန်တော်တို့ရဲ့ တန်ပြန်စစ်ဟာ အောင်နိုင်မှာမဟုတ်တဲ့အတွက် ကျွန်တော်တို့ ဦးအောင်ကျော်ဇံရဲ့ အဆိုကို ကန့်ကွက်ပါကြောင်း လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဩဂုတ်လ ၃၀ ရက်နေ့က တင်သွင်းတဲ့ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့ အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်က ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို ဖျက်သိမ်းပေးဖို့မဟုတ်ဘဲ နိုင်ငံခြားသားတွေနေရာမှာ နိုင်ငံသားတတ်သိပညာရှင်တွေနဲ့ ပြန်လည်ဖွဲ့စည်းပေးဖို့သာ ဖြစ်ပါတယ်။ ဒီကော်မရှင်ဖွဲ့စည်းခြင်းနဲ့ပတ်သက်ပြီးတော့ သမ္မတရုံးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက OIC အပါအဝင် နိုင်ငံတကာပတ်သက်မှု၊ နိုင်ငံတကာဖိအားတွေကြောင့် ရခိုင်ပြည်နယ်အကြံပေးကော်မရှင်မှာ နိုင်ငံခြားသားများကို ထည့်သွင်းဖွဲ့စည်းခဲ့ရကြောင်းကို အစိုးရရဲ့ ရက်(၁၀၀)ရှင်းလင်းပွဲမှာ ရှင်းရှင်းလင်းလင်းပြောထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီကော်မရှင်ဟာ နိုင်ငံခြားပရောဂမကင်းတဲ့ လာခြင်းမကောင်းတဲ့ကော်မရှင်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက် အုပ်ချုပ်သူများရဲ့ အလွဲအမှားတွေ၊ တာဝန်မကျေပွန်မှုတွေအတွက် သွေးနဲ့ပေးဆပ်ခဲ့ရတာက ဘင်္ဂါလီငလျင်ဗဟိုချက်မမှာနေရတဲ့ ရခိုင်တိုင်းရင်းသားများဖြစ်ပါတယ်။ အတိတ်တစ္ဆေရဲ့ခြောက်လှန့်မှုကို ခံစားနေရတဲ့ ကျွန်တော်တို့နဲ့ တခြားဒေသက လူတွေဟာ ခံစားချက်ချင်း၊ ရင်ခုန်သံချင်း တူနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီကော်မရှင်အပေါ်မှာ ရခိုင်ပြည်သူတွေအနေနဲ့ စိုးရိမ်ကြောင့်ကြမှုကိုအခြေခံပြီး ကျွန်တော်တို့ ကိုယ်စားလှယ်တွေက ထောက်ပြ ပြောဆိုနေရတာဖြစ်ပါတယ်။ ပါတီပေါင်း ၃၀ ကျော်နဲ့ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကြော်ငြာချက်တွေ ထုတ်ပြန်ပြီး ကော်မရှင်အပေါ်မှာ သူတို့ရဲ့ စိုးရိမ်ပူပန်မှုကို ဖော်ပြကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံ ဦးဆောင်တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ရခိုင်ပြည်သူတွေက မျှော်လင့်ချက်နဲ့ ကြိုဆိုကြပါတယ်။ ဒါပေမဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်က နောက်ထပ်အတိုင်ပင်ခံအကြံပေးဖို့အတွက် နိုင်ငံခြားသားသုံးဦးဦးဆောင်တဲ့ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းလာတဲ့အပေါ်မှာတော့ အထူးပဲစိုးရိမ်မကင်းဖြစ်ရပါတယ်။ ရခိုင်ပြည်နယ်ပြဿနာကို ကိုယ့်နိုင်ငံသားတတ်သိပညာရှင်တွေနဲ့ တိုင်ပင်ဆွေးနွေးအဖြေမရှာဘဲ နိုင်ငံတကာအရေးဖြစ်အောင် လမ်းဖွင့်ပေးလိုက်ခြင်းကြောင့် နောက်ထပ်ကြုံတွေ့လာရမယ့် ဆိုးကျိုးတွေကိုတွေးပြီး စိုးရိမ်ကြောင့်ကြမှုတွေဖြစ်လာရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် နိုင်ငံသားမဟုတ်သူတွေက ဘူးသီးတောင်၊ မောင်တောဒေသမှာ လူဦးရေ ၉၆ ရာခိုင်နှုန်းလောက် နေရာယူထားပြီး ဖြစ်ပါတယ်။ မကြာခင် တိုင်းရင်းသားမဟုတ်သူများလက်ထဲကို လုံးလုံးကျရောက်သွားတော့မယ့် အခြေအနေမျိုး ရောက်နေပါတယ်။ ဘင်္ဂါလီတွေက သူတို့ဟာ တစ်ဖက်နိုင်ငံက လာတာမဟုတ်ဘဲ ဒီနိုင်ငံသားတွေလို့ပဲ ပြောပါတယ်။ တစ်ဖက်နိုင်ငံကလည်း သူတို့နိုင်ငံသားမဟုတ်ဘူးလို့ ငြင်းပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း ကိုယ့်ပြည်တွင်းပြဿနာတစ်ခုလိုဖြေရှင်းဖို့ အစဉ်တစိုက် ကြိုးစားလာခဲ့ရပါတယ်။ UN ၊ EU ၊ OIC စတဲ့အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေကလည်း လူ့အခွင့်အရေးကို အကြောင်းပြုပြီးတော့ သူခိုးကိုသားမက်ဖြစ်အောင် ဖိအားပေးပြောဆိုလာခြင်းအပေါ် နိုင်ငံတကာအရေးဖြစ်နေပြီဆိုပြီး ကျွန်တော်တို့က သံယောင်လိုက်ပြီးတော့ မပြောသင့်ပါဘူး။ ဥပမာပြောရရင် မိမိအိမ်တွင်းရေးအခြေအနေကို တစ်ရွာလုံးက သိချင်သိမှာဖြစ်ပေမယ့် ရွာရဲ့ပြဿနာတော့ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာလည်း ဒီလိုနယ်စပ်ဖြတ်ကျော်တရားမဝင်အခြေချမှုတွေကို ကိုယ်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းနေကြတယ်ဆိုတာ အမေရိကန်၊ အိန္ဒိယ၊ ဩစတေးလျတို့မှာ အထင်အရှားတွေ့နိုင်ပါတယ်။ နိုင်ငံတကာအရေးဖြစ်နေတယ်ဆိုပြီး ဘယ်နိုင်ငံခြားသားကိုမှ

အကြံပေးဖို့ဖိတ်ခေါ်တာမရှိခဲ့ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ တရုတ်နိုင်ငံနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ မြစ်ဆုံစုံစမ်းရေးကော်မရှင်ကို နိုင်ငံသားများဖြင့်သာ ဖွဲ့စည်းထားတာကို တွေ့နိုင်ပါတယ်။ ရခိုင်ပြည်နယ်အရေးကိုမှ နိုင်ငံတကာခေါင်းစဉ်အောက်ကို ထိုးသွင်းလိုက်ခြင်းဟာ နိုင်ငံတကာက တရားဝင် ဝင်ရောက်စွက်ဖက်လာနိုင်အောင် နှပ်ကြောင်းပေးလိုက်သလို ဖြစ်နေပါတယ်။ ကိုယ့်ပြဿနာကို ကိုယ်ဖြေရှင်းနိုင်တဲ့ အရည်အချင်းရှိသူတွေ မြန်မာပြည်မှာမရှိဘူးလို့ ဝန်ခံလိုက်သလို ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုဖီအာနန်ဟာ ငြိမ်းချမ်းရေး နိုဘယ်(လ်)ဆုရှင်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းဖြစ်သည်နှင့်အညီ ကုလသမဂ္ဂအစီရင်ခံစာများ၊ နိုင်ငံတကာမီဒီယာများနှင့် ပညာရှင်အမည်ခံ ကြေးစားဘင်္ဂါလီလော်ဘီများရဲ့ တစ်ဖက်သတ် ဝါဒဖြန့်ချိမှုတွေနဲ့ ထိတွေ့ယဉ်ပါးပြီး ရခိုင်အရေးမှာ နိုင်ငံတကာလူ့အခွင့်အရေး စံပေတံများနှင့် ဝေဖန် သုံးသပ်ခြင်း၊ ကောက်ချက်ချခြင်း၊ အကြံပြုခြင်းတို့ကို ပြုလာလိမ့်မယ်ဆိုတာ လုံးဝ ယုံကြည် ပါတယ်။ ကော်မရှင်ကို ထောက်ခံသူများပြောတာကတော့ ဒီကော်မရှင်ဟာ အကြံပေးရုံ သက်သက်ဖြစ်ပြီး လိုက်နာခြင်း၊ မလိုက်နာခြင်းက အစိုးရကဆုံးဖြတ်မှာမို့လို့ စိုးရိမ်စရာမရှိဘူးလို့ ဆိုပါ တယ်။ ကျွန်တော်တို့ စဉ်းစားရမှာက ကိုဖီအာနန်ကဲ့သို့ အထင်ကရပုဂ္ဂိုလ်တစ်ဦးရဲ့ အကြံပေးချက်ဟာ အစိုးရက လက်မခံဆိုရုံနဲ့ လေထဲမှာပျောက်သွားမှာ မဟုတ်ပါဘူး။ ဘင်္ဂါလီအရေးနှင့်ပတ်သက်ပြီး ကမ္ဘာကထောက်ပြဝေဖန်နိုင်တဲ့ စံမှတ်တမ်းများအဖြစ် ကမ္ပည်းတင်ခြင်းခံရမှာသာ ဖြစ်ပါတယ်။ အကြံပေးခြင်းအတိုင်း လိုက်နာမဆောင်ရွက်သော အစိုးရကိုလည်း တစ်ကမ္ဘာလုံးက လက်ညှိုးထိုးပြီး အပြစ်တင်ခံရမှာ အသေအချာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်ဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်မှာ နိုင်ငံတကာကျွမ်းကျင်သူများ၊ နိုင်ငံတကာအရေးပါသည့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပြီးတော့ အမြင်သဘောထားကို ရယူရန် နိုင်ငံ့ပြင်ပမှာရောက်ရှိနေတဲ့ ဒုက္ခသည်များကိုလည်း ပြန်လည်စိစစ်သုံးသပ် သွားမည်လို့ဖော်ပြထား ပါတယ်။ သတင်းမီဒီယာများအဆိုအရ ကမ္ဘာ့အနှံ့ကိုရောက်နေတဲ့ ဘင်္ဂါလီဦးရေဟာ တစ်သန်းမှ သုံးသန်းကြား ရရှိတယ်လို့ဆိုပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကဆိုရင် သူတို့နိုင်ငံမှာ ဘင်္ဂါလီသုံးသိန်း ကနေ ငါးသိန်းအထိရှိတယ်ဆိုပြီးတော့ ပြန်လည်လက်ခံနေဖို့ တောင်းဆိုနေပါတယ်။ ဒါကြောင့် ဒီလို ကော်မရှင်ကို လုပ်ပိုင်ခွင့်ပိုတိုးပေးလိုက်ခြင်းဟာ နိုင်ငံတော်အတွက် အခက်အခဲဝန်ထုပ်ဝန်ပိုးကြီး

ဖြစ်သည်သာမက မမြင်နိုင်တဲ့ လက်မည်းကြီးတွေရဲ့ ကစားကွက်ထဲကို ရောက်သွားနိုင်တာမို့လို့ အလွန်အမင်း စိုးရိမ်မိပါကြောင်း တင်ပြအပ်ပါတယ်။

ရခိုင်အရေးဟာ ထိလွယ်ရှလွယ်ဆိုပြီးတော့ စကားတစ်လုံးပင် အမှားမခံနိုင်အောင် အကဲဆတ်လွန်းပါတယ်။ ရိုဟင်ဂျာဆိုတဲ့အမည်နဲ့နောက်ကွယ်မှာ ရည်ရွယ်ချက်များစွာရှိပြီးတော့ နောက်ဆက်တွဲပြဿနာတွေလည်း တန်းစီလို့ ရှိနေပါတယ်။ ဒါကြောင့် သမ္မတကြီး ဦးသိန်းစိန်ကရော၊ ကာကွယ်ရေးဝန်ကြီးချုပ်ကရော ရိုဟင်ဂျာဆိုတာ မရှိဘူးလို့၊ လက်မခံနိုင်ဘူးလို့ အပြတ်ပြောထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ရိုဟင်ဂျာဆိုတဲ့ ဝေါဟာရကို မသုံးစွဲဖို့ တိုက်တွန်းပြောဆိုထားတာ ရှိပါတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးတစ္ဆေပူးကပ်နေတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းတွေကတော့ အလေးမထားပါဘူး။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကပင်လျှင် ၃၀ ရက်နေ့က သတင်းစာရှင်းလင်းပွဲမှာ ရိုဟင်ဂျာလို့ ပြောင်ပြောင်တင်းတင်းသုံးစွဲခေါ်ရုံတင်မက ဒီလူတွေကို နိုင်ငံသားပေးဖို့တောင် တောင်းဆိုခဲ့ပါတယ်။ အလားတူစွာ ကိုဖီအာနန်လို ပုဂ္ဂိုလ်မျိုးကို ကော်မရှင်ဥက္ကဋ္ဌနေရာပေးလိုက်ခြင်းဟာ ကိုယ်ငှားလိုက်တဲ့ရှေ့နေက ကိုယ့်တစ်ဖက်အမှုသည်ကို စေတနာပိုနေတဲ့အဖြစ်မျိုး ပိတ်ဆရာတွေကိုလည်း လျှပေါ်တင်ပြီးတော့ခေါ်လာမိတဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့လာနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဦးအောင်ကျော်ဇံရဲ့အဆိုအား ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ပေါက်တော မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံရဲ့အဆိုကို ကျွန်မ အပြုသဘောနဲ့အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မသည် မွန်လူမျိုး၊ မွန်တိုင်းရင်းသူတစ်ဦးဖြစ်ပါတယ်။ တိုင်းရင်းသားမောင်နှမများစုပေါင်းနေထိုင်တဲ့ ကျွန်မတို့ရဲ့ပြည်ထောင်စုမြန်မာနိုင်ငံမှာ မည်သည့်တိုင်းရင်းသားတစ်ဦးကဖြစ်စေ ပြဿနာအရေးကိစ္စကြုံလာလို့ရှိရင် ကျန်တဲ့တိုင်းရင်းသားမောင်နှမတွေကလည်း မျက်နှာလွှဲပြီးတော့မနေပါဘူး။ ယခုလည်း ရခိုင်တိုင်းရင်းသားရဲ့အရေးကိစ္စကိုလည်း ကျွန်မတို့ မွန်

တိုင်းရင်းသားလူမျိုးများအနေနဲ့ ထပ်တူထပ်မျှခံစားရပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံမှာ တိုင်းရင်းသားအချင်းချင်းစစ်မက်ဖြစ်ပွားနေသည်မှာလည်း နှစ်ပေါင်း ၆၀ ကျော်နေပါပြီ။ ငြိမ်းချမ်းရေးမရှိတဲ့အတွက် တိုင်းရင်းသားပြည်သူများမှာလည်း အေးဆေးစွာမနေထိုင်ရပါဘူးရှင်။ ထို့အပြင် အိမ်နီးနားချင်းနိုင်ငံများမှထိစပ်နေတဲ့ပြည်နယ်တွေမှလည်း တရားမဝင် ဝင်ရောက်လာမှုတွေကြောင့် တိုင်းရင်းသားတွေနဲ့ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေဟာလည်း စိတ်မအေးရပါဘူးရှင်။ ယခုအစိုးရသစ်လက်ထက်မှာ တိုင်းရင်းသားမောင်နှမများအားလုံး ၂၁ ပင်လုံညီလာခံကိုကျင်းပပြီး ငြိမ်းချမ်းရေးအတွက် ကျွန်မတို့ဆွေးနွေးနေကြပါပြီ။ မကြာမီမှာ တစ်နိုင်ငံလုံးစစ်မက်တွေရပ်ပြီး အေးချမ်းသာယာတဲ့နိုင်ငံတော်ကို ကျွန်မတို့ပိုင်ဆိုင်ရပါတော့မယ်။ ဒါပေမဲ့ ရခိုင်ပြည်နယ်မှာ ရခိုင်တိုင်းရင်းသားများနှင့် အိမ်နီးနားချင်းနိုင်ငံများမှ တရားမဝင် ဝင်ရောက်လာသူများနဲ့ ဖြစ်ပွားနေတဲ့ပဋိပက္ခကိုတော့ မငြိမ်းချမ်းဘဲနဲ့ နောင်လာနောက်သားများရဲ့ဘဝ လုံခြုံရေးအတွက်ကိုပါ စိုးရိမ်စိတ်တွေနဲ့ ဆက်လက်ပြီးတော့ရှင်သန်နေမယ်ဆိုရင် ကျွန်မတို့ရဲ့တိုင်းရင်းသားများအနေနဲ့ စိတ်မချမ်းမြေ့ရပါဘူးရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်ရဲ့အရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်းဖြစ်တဲ့ ပြည်တွင်းစစ်အရေးကိစ္စမဟုတ်ပါဘူးရှင်။ ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ပဋိပက္ခသည် နိုင်ငံသားတိုင်းရင်းသားနှင့် နယ်မြေချင်းထိစပ်နေတဲ့အိမ်နီးနားချင်းက တရားမဝင် ဝင်ရောက်နေထိုင်သူများနှင့်ဖြစ်သောပြဿနာကိုတော့ ကျွန်မတို့က ပြည်တွင်း/ပြည်ပအရေး၊ နိုင်ငံတော်ရဲ့အရေးကိစ္စလို့ ကျွန်မတို့သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒီလိုမျိုးပြဿနာတွေကိုတော့ ကျွန်မတို့ရဲ့အိမ်တွင်းရေးဆိုပြီးတော့ ကြိတ်ပြီးငြိမ်နေလို့ကတော့မရပါဘူးရှင်။ ဖြစ်ပွားလာခဲ့တာလည်း နှစ်ပေါင်း ၅၀၊ ၆၀ ကြာမြင့်နေပါပြီ။ ဒီအတိုင်းပစ်ထားလို့လည်းမရပါဘူး။ အရင်တုန်းက ပြည်တွင်းမှာပဲ ကြိတ်ပြီးဖြေရှင်းခဲ့လို့လည်း ပြေလည်မှုတွေမရဘဲနဲ့ ပိုမိုပြီးတော့ကြီးထွားလာတာပဲရှိခဲ့ပါတယ်။ ပြောင်းလဲလာတဲ့ခေတ်စနစ်နှင့်အတူ နိုင်ငံတကာနဲ့ဆက်ဆံတဲ့အခါမှာသော်လည်းကောင်း မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂအခွင့်အရေးအစီရင်ခံစာကို လေးနှစ်တစ်ကြိမ် သွားရောက်ပြီးတော့တင်ပြတဲ့အခါမှာလည်း အခြားနိုင်ငံများမှ မေးမြန်းမှုအခံရဆုံးပြဿနာဟာလည်း ရခိုင်အရေးကိစ္စပဲဖြစ်ပါတယ်ရှင်။ နိုင်ငံတကာသို့သွားရောက်ပြီးနေထိုင်နေကြတဲ့ တိုင်းရင်းသားမောင်နှမများအနေနဲ့လည်း ဘယ်နိုင်ငံကိုရောက်ရောက် ရခိုင်အရေးကိစ္စကိုသာမေးမြန်းပြောဆိုခံခဲ့ကြရပါတယ်။ နိုင်ငံတကာရဲ့စောင့်ကြည့်ခြင်း၊ တစ်ဖက်သတ်ထင်မြင်ချက်နဲ့ ပြောဆိုခြင်းကိုလည်းခံခဲ့ရပါတယ်။ ပြည်ပရောက်မြန်မာနိုင်ငံသားတွေရဲ့ လုံခြုံရေးအတွက်ကိုလည်း စိုးရိမ်ပူပန်ရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ရခိုင်အရေးဖြေရှင်းပေးရန်အတွက်

**မူကြမ်း**

ကော်မရှင်အဖွဲ့အသစ်တစ်ဖွဲ့ကို ထပ်မံဖွဲ့စည်းလိုက်ခြင်းဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့ဆိုတာ ပြဿနာကို ဆုံးဖြတ်ချက်ပေးရန်မဟုတ်ပါဘူး။ ပြဿနာကို သုံးသပ်ရေးအတွက်သာဖြစ်ပါတယ်။ ကော်မရှင်၏ လုပ်ဆောင်ချက်သည် ဘက်မလိုက်သော၊ အမှား/အမှန်၊ အဆိုး/အကောင်းကို မှန်မှန်ကန်ကန်သုံးသပ်ပေးရန်သာဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့က ဘယ်လိုပဲသုံးသပ်ချက်တွေကို ပေးပေမယ့်လည်း စောင့်ကြည့်ပေးရမှာက ကျွန်မတို့ရဲ့လွှတ်တော်ဘက်ကရော၊ အစိုးရဘက်ကရော၊ ပြည်သူဘက်ကရော လက်လွတ်စပယ်ပစ်ထားဖို့ မဟုတ်ပါဘူး။ စောင့်ကြည့်ပေးရမှာပါရှင်။ ယခုဖွဲ့စည်းလိုက်သော ကော်မရှင်အဖွဲ့မှာလည်း ရခိုင်လူမျိုးတိုင်းရင်းသားဘက်မှ လေးစားအားထားရတဲ့ပုဂ္ဂိုလ်များလည်း ပါဝင်ပါတယ်။ နိုင်ငံခြားသားသုံးဦးဆိုတာလည်း တွေ့ရာပုဂ္ဂိုလ်ကို ခန့်အပ်ထားခြင်းလည်း မဟုတ်ပါဘူး။ နိုင်ငံတကာမှလေးစားယုံကြည်ရတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်ဆိုတာကလည်း ငြိမ်းချမ်းရေးနိုဘယ်(လ်)ဆုရရှိထားတဲ့လူတစ်ဦးဖြစ်ပါတယ်။ ဘက်မလိုက်ဘဲ၊ ခံစားချက်မပါဘဲ သုံးသပ်မယ့်တတိယအဖွဲ့တစ်ခုလိုအပ်ပါတယ်။ မစ္စတာကိုဖီအာနန်သည် နိုင်ငံတကာမှာ သြဇာရှိရုံတင်မကပါဘူး။ ကုလသမဂ္ဂထိကို သြဇာလွှမ်းမိုးနိုင်တဲ့သူဖြစ်ပါတယ်။ ကမ္ဘာတစ်ဝှမ်းမှ စိတ်ဝင်စားမှုရှိတဲ့ ရခိုင်အရေးကိစ္စမှာလည်း ၎င်း၏ဂုဏ်သိက္ခာနှင့်ရင်းပြီး မှန်မှန်ကန်ကန်သုံးသပ်ချက်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ရခိုင်အရေးသည် မြန်မာနိုင်ငံအရေးဖြစ်တဲ့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှလည်း မစ္စတာကိုဖီအာနန်လို ကမ္ဘာကြီးကို မှန်မှန်ကန်ကန်စုံစမ်းသုံးသပ်ပေးနိုင်တဲ့ပုဂ္ဂိုလ်မျိုး ပါဝင်စေခြင်းဖြင့် ဒဏ်ရာဒဏ်ချက်များနဲ့ပြည့်နှက်နေတဲ့ ဆုံးရှုံးမှုနစ်နာခဲ့တာတွေကို မှန်ကန်စွာတင်ပြနိုင်မယ်လို့ မျှော်လင့်တဲ့အတွက် အဖွဲ့ကိုဦးဆောင်ပြီး ခန့်အပ်ထားခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်သူတွေအနေနဲ့ ကော်မရှင်အဖွဲ့၏လုပ်ဆောင်ချက်သည် ပြည်တွင်းရေးကို နိုင်ငံတကာအရေးကိစ္စ၊ နိုင်ငံတကာအဖြစ် ဦးတည်ဆောင်ရွက်သွားနိုင်တယ်ဆိုတဲ့စိုးရိမ်စိတ်ကိုလည်း နားလည်သဘောပေါက်ပါတယ်ရှင့်။ သို့သော် ဘက်ပေါင်းစုံမှသုံးသပ်ပြီး ဖွဲ့စည်းထားသော ကော်မရှင်အဖွဲ့၏လုပ်ဆောင်ချက်ကို လေ့လာပြီးမှ မှတ်ချက်ချသင့်ပါတယ်။ ဆောလျင်စွာ ထင်မြင်ချက်တစ်ခုတည်းနဲ့ကန့်ကွက်နေမယ်ဆိုရင် ပြဿနာကိုဖြေရှင်းရာမရောက်ဘဲ ပြဿနာကို နောင်မျိုးဆက်တွေအတွက်ပါ ဆက်လက်ပြီးမွေးမြူထားသလို ဖြစ်လာနိုင်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ငြိမ်းချမ်းရေးအခွန့်ရှည်တည်မြဲအောင် နေထိုင်ရေးအတွက် ပြည်တွင်းပြဿနာများကိုရော၊ ပြည်ပပြဿနာများကိုပါ အတူလက်တွဲပြီး တတ်သိကျွမ်းကျင်တဲ့ပညာရှင်များ၏

အကြံဉာဏ်ကိုရယူပြီး ရင်ဆိုင်ဖြေရှင်းကြပါစို့လို့ အပြုသဘောနဲ့အကြံပြုဆွေးနွေးလိုက်ရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှာ ပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံတင်သွင်းခဲ့တဲ့ အရေးကြီးအဆိုနဲ့ပတ်သက်ပြီးတော့ အပြုသဘောဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဒီအရေးကြီးအဆိုကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် အဆိုရှင်ရဲ့စိတ်ပူပန်တဲ့ အဓိကအချက်သုံးချက်ကို တွေ့ရှိရပါတယ်။ အဆိုရှင်စိတ်ပူသလိုပါပဲ ကျွန်မတို့အနေနဲ့လည်း ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်ပြီးတော့ ရတက်မအေးဖြစ်နေရတာကြာပါပြီ။ ကျွန်မအနေနဲ့ အဆိုရှင်က ရခိုင်ပြည်နယ်အကြံပေးကော်မရှင်မှာ နိုင်ငံခြားသားသုံးဦးပါဝင်နေတဲ့အချက်နဲ့ ပတ်သက်ပြီးတော့ ကိုယ့်နိုင်ငံရဲ့ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်ပါသဖြင့်ဆိုတဲ့ ကန့်ကွက်လိုတဲ့သဘော ပြောပါတယ်။ ကျွန်မ ဒီအချက်ဟာ အမှန်တကယ်ဖြစ်ရပ်ထက် စွပ်စွဲချက်သက်သက်သာဖြစ်တယ်လို့မြင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအမြင်ပြောရရင်တော့ ဒီပြဿနာဟာ ပြည်တွင်းရေးသက်သက်လို့ပြောရလောက်အောင် မရိုးရှင်းပါဘူး။ ပထဝီနိုင်ငံရေးအရ နိုင်ငံတကာမှာ ဆွေးနွေးစရာပြဿနာတစ်ခုဖြစ်ခဲ့တာ ကာလအတန်အသင့်ကြာခဲ့ပြီဖြစ်ပါတယ်။ Power Point မှာ ပြထားသလိုပါပဲ။ ကျွန်မတို့ Google Search Engine မှာ ရခိုင်ပဋိပက္ခလို့ ရိုက်ထည့်လိုက်တာနဲ့ ၀.၄၈ စက္ကန့်အတွင်းမှာပဲ သတင်းအချက်အလက်ပေါင်းဟာ နှစ်သိန်းနဲ့လေးသောင်းကျော်ကို အင်္ဂလိပ်ဘာသာစကားနဲ့ဖော်ပြထားတာကို တွေ့ရပါလိမ့်မယ်။ ဒါဟာ ကျွန်မတို့ဘာကိုပြသလဲဆိုရင် ကြိုက်သည်ဖြစ်စေ/မကြိုက်သည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ/မှားသည်ဖြစ်စေ ဒီသတင်းအချက်အလက်တွေဟာ ကမ္ဘာကိုပတ်နေခဲ့တာကြာပါပြီ။ ဒီအခြေအနေတွေကိုကြည့်ခြင်းအားဖြင့် ကျွန်မတို့ရခိုင်ပြည်နယ်နဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာက ဘယ်လောက်အထိ စိတ်ဝင်တစားစောင့်ကြည့်နေတယ်ဆိုတာကို သိနိုင်ပါတယ်။ ဒါ့အပြင် ရခိုင်အရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာရဲ့ဖိအားပေးခြင်းကိုလည်း ပြီးခဲ့တဲ့ အစိုးရလက်ထက်ကတည်းက ခံခဲ့ကြရတာဖြစ်ပါတယ်။ နောက်အချက်က ရခိုင်ပြည်နယ်ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့နယ်နိမိတ်ချင်းထိစပ်နေတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း

လေ့စီးဒုက္ခသည်လိုပြဿနာမျိုးကစလို့ နယ်စပ်စည်းမျဉ်းသတ်မှတ်တဲ့ကိစ္စအဆုံး နိုင်ငံတကာနဲ့ထိတွေ့ဖြေရှင်းရတာဖြစ်ပါတယ်။ ဒီအခြေအနေအချက်အလက်တွေကို ကြည့်မယ်ဆိုရင် ရခိုင်ပြဿနာဟာ ပြည်တွင်းရေးသီးသန့်ပြဿနာ မဟုတ်တာသေချာပါတယ်။ ဒါကြောင့် အဆိုရှင်စိုးရိမ်သလိုမဟုတ်ဘဲနဲ့ ကိုဖီအာနန်လို နိုင်ငံတကာမှာ သြဇာတိက္ကမရှိတဲ့ပုဂ္ဂိုလ်မျိုးကို ကော်မရှင်မှာပါဝင်စေခြင်းဟာ သင့်တော်တယ်လို့ထင်မြင်မိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ မခိုင်လုံတဲ့အချက်အလက်တွေနဲ့အခြေခံလာတဲ့ နိုင်ငံတကာဖိအားကို တုံ့ပြန်တဲ့နေရာမှာ စိတ်ခံစားမှုတွေနဲ့တုံ့ပြန်တာထက် လက်တွေ့ကျတဲ့ချဉ်းကပ်မှုမျိုးက သာကျွန်မတို့အတွက် အပြုသဘောဆောင်တဲ့ရလဒ်တွေ ရလာနိုင်မယ့်လမ်းစတစ်ခုလို့ ထင်မြင်မိပါ တယ်။

ကော်မရှင်ရဲ့အခန်းကဏ္ဍ၊ လုပ်ပိုင်ခွင့်တွေနဲ့ပတ်သက်လို့ လေ့လာကြည့်တဲ့အခါမှာလည်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနဲ့ ကိုဖီအာနန်ဖောင်ဒေးရှင်းတို့ကြားမှာ MOU ရေးထိုးရမှာဖြစ်ကြောင်းနဲ့ လောလောဆယ်မှာလည်း MOU ကို ရွှေ့နေချုပ်ရုံးကိုပို့ထားတယ်ဆိုတာကိုလည်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်မှာ ပါဝင်သူတွေကို ရွေးချယ်တဲ့နေရာမှာလည်း အလျင်စလိုရွေးချယ်ခဲ့တာမဟုတ်ဘဲ စံသတ်မှတ်ချက်တွေနဲ့အညီ ရွေးချယ်ထားတာဖြစ်တယ်ဆိုတာကို ကျွန်မတို့ နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့သတင်းစာရှင်းလင်းပွဲမှာ ရှင်းလင်းပြီးလည်းဖြစ်ပါတယ်။ အဲဒါတွေကတော့ ဘက်လိုက်မှုကင်းရမယ်။ လူအများကလေးစားတဲ့သူဖြစ်ရမယ်။ အတွေ့အကြုံရင့်ကျက်သူဖြစ်ရမယ်။ ထင်ပေါ်ကျော်ကြားတဲ့လူ ဖြစ်ရမယ်။ ဒီစတဲ့အချက်တွေနဲ့ အခြေခံရွေးချယ်ထားတာဖြစ်တဲ့အတွက်လည်း အခုဖွဲ့စည်းလိုက်တဲ့ကော်မရှင်ဟာ ပြည်တွင်းနဲ့နိုင်ငံတကာအတွေ့အကြုံရှိသူတွေပေါင်းစပ်ထားတဲ့ သင့်လျော်တဲ့ပေါင်းစပ်ဖွဲ့စည်းမှုလို့ထင်ပါတယ်။ ကျွန်မနောက်ဆုံးအနေနဲ့ ဆွေးနွေးလိုတဲ့အချက်ကတော့ ရခိုင်ပြည်နယ်အရေးဟာ ပြည်ထောင်စုအရေးဖြစ်လို့ တိုင်းတစ်ပါးသားများရဲ့အကြံဉာဏ်၊ အကူအညီရယူခြင်းနှင့် ညီနောင်တိုင်းရင်းသားများအနေဖြင့် သာ ကျောချင်းကပ် ရင်ချင်းအပ်ပြီး ပြဿနာကိုအဖြေရှာသင့်တယ်ဆိုတဲ့အချက်ပါ။ ဥက္ကဋ္ဌကြီးရှင်။ ယခု အစိုးရသစ်လက်ထက်မှာ ကျွန်မတို့ ရခိုင်ပြည်နယ်ပြဿနာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုပြီးတော့ နိုင်ငံတကာအသိုင်းအဝိုင်းကနေပြီးတော့ စိတ်ဝင်တစားစောင့်ကြည့်နေကြတာဖြစ်ပါတယ်။ ဒီပြဿနာဟာ အလွန်နူးညံ့သိမ်မွေ့ပြီးတော့ တစ်ပြိုင်နက်တည်းမှာလည်း ထိလွယ်ရှလွယ်တဲ့အခြေအနေမှာရှိပါတယ်။ ဒီလိုအနေအထားကို ကျွန်မတို့တွေချည်းပဲသိနေရုံနဲ့ မလုံလောက်ပါဘူး။ ကျွန်မတို့တွေကို ဖိအားပေးနေတဲ့နိုင်ငံတကာအသိုင်းအဝိုင်းကလည်း သိမြင်နားလည်ဖို့လိုပါတယ်။

**မူကြမ်း**

ယခင်အစိုးရလက်ထက်တုန်းက မြန်မာပြည်တွင်းက ကျွမ်းကျင်သူပုဂ္ဂိုလ်တွေနဲ့ ရခိုင်စုံစမ်းစစ်ဆေးရေး ကော်မရှင်ဆိုပြီးဖွဲ့ခဲ့တာ အားလုံးလည်းအသိပါပဲ။ အဲဒီတုန်းကလည်း အဲဒီကော်မရှင်က ကဏ္ဍအလိုက် အကြံပြုချက်တွေ ပေးခဲ့တာတွေရှိပါတယ်။ အကြံပေးချက်တွေအကုန်လုံးကို ယခင်အစိုးရအနေနဲ့ အကုန်လုံး အကောင်အထည်ဖော်စရာမလိုအပ်ခဲ့ပါဘူး။ ဒါကြောင့် ကော်မရှင်ကနေတစ်ဆင့် အချုပ်အခြာ အာဏာကိုထိပါးလို့ လုံးဝမရနိုင်ပါဘူး။ အခုကော်မရှင်ကလည်း ဒီသဘောအတိုင်းပါပဲ။ ကျွန်မတို့ ဒီနေရာမှာ နိုင်ငံတကာဖိအားတွေကိုတန်ပြန်ဖို့ဆိုရင်လည်း တိုင်းရင်းသားညီအစ်ကိုတွေ အချင်းချင်း ကျောချင်းကပ် ရင်ချင်းအပ်ဖို့လိုသလို နိုင်ငံတကာရဲ့မိတ်ဆွေတွေဆိုတာလည်း အင်မတန် မှအရေးကြီးပါတယ်။ ရှိဖို့လည်းလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ပထမပိုင်းမှာဆွေးနွေးခဲ့သလိုပါပဲ။ ကျွန်မတို့ရဲ့ရခိုင်ပြည်နယ်အရေးဟာ ပြည်တွင်းရေးသက်သက်လို့ပြောရလောက်အောင် မရိုးရှင်း၊ မလွယ်ကူလှဘဲ ယခုလို Globalization ခေတ်မှာ နိုင်ငံတကာအမြင်၊ နိုင်ငံတကာဖိအားတွေဆိုတာကလည်း ထည့်သွင်းတွက်ချက်ရမယ့် အချက်အလက်ဖြစ်လို့နေပါတယ်။ ဒါကြောင့် အဆိုရှင်စိုးရိမ်ပူပန်သလိုမျိုး ရခိုင်တိုင်းရင်းသူ တစ်ယောက်ဖြစ်တဲ့ ကျွန်မအနေနဲ့လည်း အင်မတန်မှစိုးရိမ်ပူပန်ပါတယ်။ သို့သော်လည်း ဒီကိစ္စကို ဖြေရှင်းရာမှာတော့ ကျွန်မတို့ညီနောင်တိုင်းရင်းသားတွေရော၊ မစ္စတာကိုဖီအာနန်လို ကမ္ဘာကလေးစား ရတဲ့ပုဂ္ဂိုလ်မျိုးတွေပါ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက် အဆိုရှင်စိုးရိမ်သလိုမျိုး စိုးရိမ် စရာမရှိဘူးလို့ထင်မြင်မိတဲ့အတွက် ဒီထင်မြင်မိတဲ့အကြောင်းကိုဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင် ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ် ရှင်။ ရိုသေလေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ တင်သွင်းတဲ့အရေးကြီးအဆိုနှင့်ပတ်သက်ပြီး တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး ရှုထောင့်က အပြုသဘောနဲ့ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန သတင်း ထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တစ်ရပ် ဖွဲ့စည်းမှာဖြစ်ကြောင်းနှင့် နိုင်ငံခြားသားသုံးဦး ပါဝင်ဖွဲ့စည်းမှာဖြစ်ကြောင်း သိရှိရပါတယ်။ သတင်းထုတ်ပြန်ချက်တွေမှာ ကော်မရှင်ဟာ ရခိုင်ဒေသရှိပြည်သူများ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများ အာမခံချက်ပေးနိုင်

ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးရေး၊ ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေး၊ အခြေခံအဆောက်အဦတည်ထောင်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးစသည့် ကဏ္ဍများအတွက် လေ့လာအကြံပြုတင်ပြရမည်ဟု ဖော်ပြထားရှိပါတယ်။ ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေကို ဖော်ပြထားကြောင်း တွေ့ရပါတယ်။ အထက်က ဖော်ပြပေးတဲ့ ရည်ရွယ်ချက်ကောင်းတွေဟာ တရားဥပဒေစိုးမိုးမှုမရှိဘဲနဲ့ ဘယ်လိုမှဖြစ်လာစရာအကြောင်းမရှိပါဘူး။ အခုပြဿနာဖြစ်နေတာက တစ်ဖက်နိုင်ငံက ခိုးဝင်ဘင်္ဂါလီတွေကိစ္စပဲဖြစ်ပါတယ်။ ဘင်္ဂါလီတွေက သူတို့ကိုယ်သူတို့ ရိုဟင်ဂျာဆိုပြီး နာမည်တစ်မျိုးဖန်တီးနေကြပါတယ်။ ကျွန်မဆွေးနွေးမှာကတော့ ဒီရိုဟင်ဂျာဆိုတဲ့ဟာမျိုးမဟုတ်ပါဘူး။ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်လုံခြုံရေးကိစ္စဖြစ်ပါတယ်။ တစ်နည်းပြောရလို့ရှိရင် အချုပ်အခြာအာဏာနှင့် သက်ဆိုင်ပါတယ်။ အခု ရခိုင်ပြည်နယ်ထဲမှာ အထူးသဖြင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှာ ရောက်ရှိနေကြတဲ့ ဘင်္ဂါလီတွေဟာ ခိုးဝင်တဲ့လူတွေလား၊ တရားသဖြင့် ရောက်ရှိနေတဲ့လူတွေလား ဆိုတာကို ဦးစွာပထမစိစစ်ရမှာဖြစ်ပါတယ်။ အခုဆိုရင် ရခိုင်ပြည်နယ်မှာ ရခိုင်တိုင်းရင်းသားတွေနေထိုင်ကြတဲ့ ကျေးရွာရပ်ကွက်တွေကို တာဝန်ရှိသူတွေ အချိန်မရွေးဝင်ရောက်သွားလာနိုင်ကြပါတယ်။ ဒါပေမဲ့ ဘင်္ဂါလီတွေနေတဲ့ ကျေးရွာရပ်ကွက်တွေကို သာမန်အရပ်သားမဆိုထားနဲ့ လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်များပင် မဝင်ရဲကြတဲ့အခြေအနေမှာရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ခိုးဝင်ဘင်္ဂါလီလား၊ တရားသဖြင့်ရောက်ရှိနေကြသူများလားဆိုတာကို တည်ဆဲဥပဒေနှင့်စိစစ်ရမှာ ဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေဟာ တည်ဆဲဥပဒေဖြစ်ပါတယ်။ ဒီဥပဒေနှင့် ထိထိရောက်ရောက်မှန်မှန်ကန်ကန် အမြန်ဆုံးစိစစ်ပေးဖို့လိုပါတယ်။ နိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရမှာက အစိုးရကဖြစ်ပါတယ်။ ကျွန်မဥပမာတစ်ခုပေးပါ့မယ်။ ကျွန်မတို့ မောင်တောမြို့နယ်မှာ လူဦးရေ ၅ သိန်းနီးပါးရှိပါတယ်။ ဒီထဲမှာ တိုင်းရင်းသားလူဦးရေက ငါးသောင်းပဲရှိပါတယ်ရှင်။ အဲဒီတော့ ကျွန်မတို့နယ်မြေရဲ့ လုံခြုံရေးကံကြမ္မာကို ဘယ်လိုလုပ်ကြပါမလဲ။ ဒီလေးသိန်းကျော်လောက် လူတွေဟာ ခိုးဝင်တွေလား၊ တရားသဖြင့် ဝင်လာသူတွေလားဆို တာစိစစ်နိုင်ဖို့အင်မတန်အရေးကြီးနေပါတယ်။ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားပြုမှုဥပဒေအရ နိုင်ငံသားစိစစ်ဖို့အတွက် တာဝန်ရှိသူတွေ ဘင်္ဂါလီကျေးရွာကိုဝင်လို့မရနိုင်တဲ့အခြေအနေကို အကုန်လုံးအသိဖြစ်ပါတယ်။ ဒီလူတွေစိစစ်ခံလာအောင် တည်ဆဲဥပဒေနှင့် ကိုင်တွယ်ရမှာလား။ နိုင်ငံခြားသားတွေကိုခေါ်ပြီး ကူပါ၊ ကယ်ပါလို့ တောင်းဆိုရမှာလား။ ဒါဟာ သိပ်အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးအောင်

လုပ်ရမယ့် အလုပ်က လက်ရှိအစိုးရတာဝန်ဖြစ်ပါတယ်။ တရားဥပဒေမစိုးမိုးဘဲနဲ့ လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ပဋိပက္ခကြိုတင်ကာကွယ်မှု၊ ပြန်လည်ရင်ကြားစေ့မှု၊ အခြေခံအဆောက်အဦများ တည်ဆောက်မှုစတဲ့လုပ်ငန်းတွေကို ဘယ်လိုလုပ်နိုင်ကြပါ့မလဲ။ ဖွဲ့စည်းမယ့်ကော်မရှင်ရဲ့လုပ်ငန်းစဉ်တွေကိုကြည့်ရင် ကျွန်မတို့နိုင်ငံနဲ့ ကျွန်မတို့တိုင်းရင်းသားတွေရဲ့အကျိုးစီးပွားထက် နိုင်ငံတကာလူ့အခွင့်အရေးရှုထောင့်က အလေးထားဆောင်ရွက်မှာဖြစ်ကြောင်း တွေ့ရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် ဘင်္ဂါလီကိုထောက်ခံကြတဲ့ သတင်းမီဒီယာသမားတွေက ခိုးဝင်ဘင်္ဂါလီကိစ္စကို လူ့အခွင့်အရေးဇာတ်ပြပြီးတော့ နိုင်ငံတကာပြဿနာဖြစ်အောင် ဖန်တီးနေတာကြာပါပြီရှင်။ ကျွန်မတို့အစိုးရဟာ တိုင်းပြည်ရဲ့အချုပ်အခြာအာဏာခိုင်မြဲရေးကို အလေးထားမှာလား၊ လူ့အခွင့်အရေးကို ဦးစားပေးမှာပါလား။ တိုင်းပြည်ရဲ့အချုပ်အခြာအာဏာကို အလေးမထားဘဲ လူ့အခွင့်အရေးကို ရှေ့တန်းတင်မယ်ဆိုရင်တော့ ရခိုင်ဒေသက ခိုးဝင်ဘင်္ဂါလီတွေရဲ့ပြဿနာကို နိုင်ငံခြားသားတွေလက်ထဲထိုးအပ်လိုက်ရာ ရောက်သွားပါလိမ့်မယ်။ ရခိုင်အရေးကို OIC က ဖိအားပေးနေတယ်ဆိုတာကို နိုင်ငံတော်ဘက်က သိရှိကြောင်းကို သတင်းမီဒီယာတွေမှာ တွေ့နေရပါတယ်။ ရခိုင်အရေးဟာ ပြည်တွင်းရေးသက်သက်ဖြစ်တာကြောင့် ပြည်တွင်းရေးကို တိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက်မှုမရှိကြောင်း UN Charter က အာမခံထားတယ်လို့လည်း လေ့လာသိရှိပါတယ်။ ကျွန်မက ရခိုင်ပြည်သူလူထုကို ကိုယ်စားပြုပြီးပြောနေခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်သူတွေဟာ ဒီကိစ္စအတွက် အထူးစိုးရိမ်ပူပန်နေကြပါတယ်။ ရခိုင်ပြည်သူတွေရဲ့ စိုးရိမ်ပူပန်ကန့်ကွက်မှုများကို နိုင်ငံတော်အစိုးရအနေနဲ့ အလေးထားဖို့လိုအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ခိုးဝင်ဘင်္ဂါလီပြဿနာဟာ ရခိုင်ပြည်နယ်တစ်ခုတည်းနဲ့၊ ရခိုင်လူမျိုးတစ်မျိုးတည်းနဲ့ သက်ဆိုင်တာမဟုတ်ပါဘူး။ ဒီ့တာဝန်အရေးသုံးပါး ဦးထိပ်ထားကြတဲ့ တိုင်းရင်းသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ရခိုင်ပြည်နယ်မှာ မောင်တောနယ်မြေဒေသမှသည် ပုသိမ်မော်တင်စွန်းကမ်းရိုးတန်းအထိ လုံခြုံမှုမရှိပါဘူး။ ရခိုင်ပြည်နယ်တွင် ရခိုင်နှင့် ဘင်္ဂါလီပဋိပက္ခဖြေရှင်းဖို့အတွက် ပြီးခဲ့တဲ့အစိုးရလက်ထက်ကပင် ဒေါက်တာမျိုးမြင့်ဦးဆောင်တဲ့ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ယင်းကော်မရှင်ကတင်ပြခဲ့တဲ့ အစီရင်ခံစာကို အကောင်အထည်ဖော်ဖို့သည် အစိုးရတာဝန်ဖြစ်တယ်လို့ ပြောချင်ပါတယ်။ နောက်ထပ်ကော်မရှင်ဖွဲ့စရာလည်းမလိုပါဘူးရှင်။ ဖွဲ့မယ်ဆိုရင်လည်း ကိုယ်နိုင်ငံရဲ့အချုပ်အခြာအာဏာနှင့်ဆိုင်တဲ့ကိစ္စဖြစ်လို့ နိုင်ငံခြားသားတွေလက်ထဲကိုထိုးအပ်ပြီး ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာဖြစ်အောင် မလုပ်သင့်ပါဘူးရှင်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်

ကြတဲ့ အမေရိကန်၊ ရုရှားတို့ဟာ တစ်ကမ္ဘာလုံးမှာ စစ်စခန်းတွေ ဖွင့်လှစ်နေကြတာတွေဟာ လူ့အခွင့်အရေးအတွက် မဟုတ်ပါဘူး။ သူတို့တွေရဲ့အမျိုးသားအကျိုးစီးပွားအတွက်နဲ့။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကော့ကရိတ်မဲဆန္ဒနယ်က ဦးစိုးငွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးငွေ(ကော့ကရိတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးငွေဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့ အရေးကြီးအဆိုအပေါ် မတူကွဲပြားတဲ့အမြင်နဲ့ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ငြိမ်းချမ်းရေးနိုဘယ်(လ်)ဆုရှင် ဂါနာလူမျိုး ခရစ်ယာန်ဘာသာဝင် မစ္စတာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ နိုင်ငံခြားသားသုံးဦး၊ ပြည်တွင်း တတ်သိပညာရှင်ခြောက်ဦး စုစုပေါင်းကိုးဦးနှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေး ကော်မရှင်ဖွဲ့စည်း တာကို ကျွန်တော့်အနေနဲ့ လေးနက်စွာကြိုဆိုထောက်ခံပါတယ်။ ရခိုင်ပြည်နယ်အရေးဟာ ပဋိပက္ခ အသွင်ဆောင်နေပြီး သိမ်မွေ့နက်နဲတဲ့သဘောရှိတာကြောင့် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ သားတွေ၊ တိုင်းရင်းသားအားလုံးနှင့် အထူးသဖြင့် ရခိုင်ပြည်နယ်တိုင်းရင်းသားတွေဟာ အထူးစိုးရိမ် ပူပန်နေကြရပါတယ်။ အလားတူပဲ ကုလသမဂ္ဂ၊ အာဆီယံ၊ ဥရောပသမဂ္ဂ၊ OIC ၊ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဩစတေးလျနိုင်ငံစတဲ့ နိုင်ငံတကာအဖွဲ့အစည်းဝင်နိုင်ငံတွေကလည်း စိုးရိမ်ပူပန်နေကြ ရပါတယ်။ ဒါကြောင့်မို့ ရခိုင်ပြည်နယ်အရေးကို ပြည်တွင်းတတ်သိပညာရှင်များဖြင့်သာ လေ့လာ သုံးသပ်ရုံဖြင့် မလုံလောက်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ နိုင်ငံတကာတတ်သိပညာရှင်များဖြင့် စူးစမ်းလေ့လာ သုံးသပ်တာကို ကြိုဆိုထောက်ခံရခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရေးကို အချို့သော အုပ်စုတွေက ပုံကြီးချဲ့ချင်နေတာကိုလည်း ကျွန်တော်တို့ သတိပြုမိရမှာ ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်၊ ကုလသမဂ္ဂ အထွေထွေညီလာခံက Responsibility To Protect ဆိုပြီးတော့ R To P မူကို သဘောတူချမှတ်ထားခဲ့ပါတယ်။၂၀၀၆ ခုနှစ်မှာ လုံခြုံရေးကောင်စီက အဲဒီမူကို လက်ခံခဲ့ပါတယ်။ ဒီမူရဲ့အကြမ်းဖျင်းဆိုလိုချက်က နိုင်ငံတစ်နိုင်ငံဟာ ပြည်တွင်းပဋိပက္ခအတွင်း သာမန်ပြည်သူများကို

အစုပြုံလိုက်သတ်ဖြတ်ခြင်း၊ လူမျိုးတုံးသတ်ဖြတ်မှုအန္တရာယ်များမှ ထိရောက်စွာမကာကွယ်ပေးနိုင်လျှင် ကုလသမဂ္ဂနှင့် နိုင်ငံတကာက ဝင်ရောက်စွက်ဖက်ခွင့်တာဝန်ရှိတယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ ဒီမူအရ ၂၀၁၁ ခုနှစ်မှာ လစ်ဗျား၊ အိုင်ဗရီကို့စ်၊ တောင်ဆူနန်နိုင်ငံများမှာ ဝင်ရောက်စွက်ဖက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်ကစလို့ ဆီးရီးယားနိုင်ငံမှာလည်း ဝင်ရောက်ဆောင်ရွက်နေဆဲဖြစ်တာကို တွေ့ရမှာပါ။ ၂၀၁၃ ခုနှစ်မှာ ဗဟိုအာဖရိကနိုင်ငံမှာဝင်ရောက်ဆောင်ရွက်တာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်ပဋိပက္ခမှာ လူ ၁၉၂ ဦးသေဆုံးပြီး ၂၆၅ ဦးဒဏ်ရာရခဲ့ပါတယ်။ အိမ်အဆောက်အဦ ၈၆၁၄ လုံးပျက်စီးပြီး လူပေါင်းတစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါတယ်။ ယခင်အစိုးရက ပြည်တွင်းတတ်သိပညာရှင်များအဖြစ်ပါဝင်တဲ့ ကော်မရှင်အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ခဲ့တာမို့ ဒီအခြေအနေကို ထိန်းသိမ်းထားနိုင်နေပြီ ဖြစ်ပါတယ်။ သို့သော်လည်း ပဋိပက္ခရဲ့အရင်းအမြစ်ကို ချေဖျက်သုတ်သင်နိုင်ခြင်းမရှိသေးတာ၊ နောက် နိုင်ငံတကာနှင့် ကုလသမဂ္ဂရဲ့စိုးရိမ်ပူပန်မှုတွေကို ချေဖျက်သုတ်သင်နိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ စောစောကတင်ပြတဲ့ R To P မူနဲ့ကျွန်တော်တို့ရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်အောင်လည်း ငြိမ်းချမ်းစွာပဋိပက္ခဖြေရှင်းဆောင်ရွက်ဖို့လည်း လိုအပ်နေပါသေးတယ်။ ရခိုင်ပြည်နယ်အရေးဟာနယ်ချဲ့စနစ်နဲ့ ပထဝီနိုင်ငံရေးရဲ့ဆိုးမွေတွေကြောင့်ဖြစ်လာတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ၁၈၂၄-၁၈၂၆ ခုနှစ်နောက်ပိုင်းဗြိတိသျှတို့ရဲ့လက်အောက် ရခိုင်ပြည်နယ်ရောက်ရှိပြီး နိုင်ငံခြားကုမ္ပဏီတွေက နိုင်ငံခြားသားစိုက်ပျိုးရေး လုပ်သားတွေကို အလုံးအရင်းနှင့်ခေါ်သွင်းလာတယ်။ ဗြိတိသျှသန်းခေါင်စာရင်းအရ ၁၈၇၁ ခုနှစ်မှာ လူဦးရေ ခြောက်သောင်းလောက်ရှိတဲ့ နိုင်ငံခြားသားအလုပ်သမားတွေဟာ ၁၉၁၁ ခုနှစ်မှာ လူဦးရေ ၁၈၀၀၀၀ ထိများပြားလာတာကိုတွေ့ရပါတယ်။ ၁၉၄၂-၁၉၄၃ ခုနှစ် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာလည်း စွန့်ခွာသွားတဲ့ဗြိတိသျှတို့က နိုင်ငံခြားသားအုပ်စုကိုလက်နက်ပေးပြီးတော့ လွတ်လပ်ရေးကြိုးပမ်းနေတဲ့ရခိုင်တိုင်းရင်းသားတွေကိုတော့ ဂျပန်တွေက ထောက်ခံအားပေးခဲ့တာကြောင့် ရခိုင်ပြည်နယ်အရေးဟာ အဲဒီအချိန်ကတည်းက အစပျိုးလာခဲ့တယ်လို့သုံးသပ်ရပါတယ်။ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ဟာ ရခိုင်ပြည်နယ်အရေးကို သူ့ရဲ့ ၁၂ လတာကာလစူးစမ်းလေ့လာတွေ့ရှိသုံးသပ်ပြီးတော့ အကြံပြုချက်ကို နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရထံတင်ပြမှာဖြစ်ပါတယ်။ အကြံပြုချက်တွေထဲက အချုပ်အခြာအာဏာ ပိုင်ရှင်ဖြစ်တဲ့ပြည်သူထောက်ခံတဲ့အဆိုပြုချက်တွေကို ရေတိုကာလအတွင်းအကောင်အထည်ဖော်နိုင်ပြီး ပြည်သူလူထုမထောက်ခံတဲ့အချက်တွေကို တည်ဆဲဥပဒေနှင့်အညီ ငြိမ်းချမ်းစွာဆက်လက်ညှိနှိုင်းသွားရမှာဖြစ်ပါ

တယ်။ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး ကော်မရှင်မှာမပါတဲ့ ပြည်တွင်းတတ်သိပညာရှင်များရဲ့ အမြင်၊ တွေ့ရှိချက်အထောက်အထားတွေကို ယခုဖွဲ့စည်းလိုက်တဲ့ကော်မရှင်ကို တင်ပြဆောင်ရွက်နိုင်ပါတယ်။ နိုင်ငံတကာစိုးရိမ်ပူပန်မှုတွေလျော့နည်းပပျောက်အောင် ကုလသမဂ္ဂတို့ရဲ့လက်ခံကျင့်သုံးနေတဲ့ R To P မူနှင့်အရေးယူခြင်းမခံရအောင် အကြံပေးကော်မရှင်ကို အထောက်အထားခိုင်ခိုင်လုံလုံနဲ့ တင်ပြနိုင်ရင် ပြည်တွင်းကစိုးရိမ်ပူပန်မှုတွေ လျော့နည်းပပျောက်သွားမှာဖြစ်ပါတယ်။ နိုင်ငံခြားတတ်သိပညာရှင်တွေပါတဲ့အတွက် နိုင်ငံတကာကလက်ခံတဲ့ ကော်မရှင်ဖြစ်တာကြောင့် ကော်မရှင်ဖွဲ့စည်းပေးတဲ့ မြန်မာနိုင်ငံရဲ့ပုံရိပ်ဟာလည်း ပိုမိုကောင်းမွန်လာပြီး ငြိမ်းချမ်းစွာပဋိပက္ခ ဖြေရှင်းရေးကိုအထောက်အကူဖြစ်စေမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ရခိုင်ပြည်နယ် အရေးကိုငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးဦးတည်ပြီးဆောင်ရွက်ထားတဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီး ဌာနကဖွဲ့စည်းလိုက်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှာ နိုင်ငံခြားသားတတ်သိပညာရှင် သုံးဦး၊ ပြည်တွင်း တတ်သိပညာရှင်ခြောက်ဦးပါဝင်ဖွဲ့စည်းထားခြင်းကို အလေးအနက်ကြိုဆို ထောက်ခံသည့်အတွက် ပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံရဲ့ အရေးကြီးအဆိုကို ကန့်ကွက်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံရဲ့ အရေးကြီးအဆိုတင်သွင်းခြင်းအပေါ် ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးနှင့် တည်ဆောက်ထားတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း သိရှိထားပါတယ်။ ရခိုင်လူမျိုးဟာလည်း တိုင်းရင်းသားမျိုးနွယ်စုဖြစ်လို့ မိမိရဲ့ ရခိုင်လူမျိုးများရဲ့ အရေးအရာကိစ္စကို တင်ပြပေးခြင်းဟာ တိုင်းရင်းသားအရေးကိစ္စတင်ပြပေးတာဖြစ်လို့ အဆိုရှင်ကို ကျေးဇူးများစွာတင်ရှိကြောင်း ပြောကြားလိုပါတယ်။ သို့ပေမယ့်လည်း ယခုအစိုးရသစ်ရဲ့မူဝါဒမှာ တိုင်းရင်းသားအရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားများရဲ့အခွင့်အရေးကို အာမခံရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုထူထောင်မယ်။ နိုင်ငံသားတွေရဲ့ တန်းတူညီမျှမှုအခွင့်အရေးကို ကာကွယ်စောင့်ရှောက်မယ်လို့ အတိအလင်းကြေညာခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယခုအစိုးရသစ်ရဲ့သက်တမ်း ငါးလကျော်

မူကြမ်း

အတွင်းမှာလည်း တိုင်းရင်းသားအရေးနဲ့ပတ်သက်ပြီးတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနတစ်ခုကိုလည်း ဖွဲ့စည်းထားပေးပါတယ်။ ငြိမ်းချမ်းရေးအတွက်လည်း ၂၁ ရာစုပင်လုံငြိမ်းချမ်းရေး ညီလာခံကို လေးရက်တိုင်တိုင် ကျင်းပပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွက်တော့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဦးဆောင်တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကော်မတီ ကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အစိုးရတစ်ရပ်အနေနဲ့ မိမိရဲ့တာဝန်ယူရတဲ့အချိန်မှာ တိုင်းပြည် မှာရှိတဲ့ ဘယ်အကြောင်းကိစ္စမဆို ဖြေရှင်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အကြောင်းကိစ္စဆိုတဲ့ နေရာမှာ လူနည်းစုအတွင်းဖြစ်နေတဲ့ပြဿနာတွေ၊ ပြည်တွင်းမှာဖြေရှင်းဆောင်ရွက်ရမယ့်ပြဿနာ တွေအပြင် ကမ္ဘာ့နိုင်ငံများက စိတ်ဝင်စားပြီး ပတ်သက်ဆက်နွယ်မှုရှိတဲ့ ပြဿနာကြီးများလည်း ပါဝင် ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်အရေးဟာ ယခင်အစိုးရ အဆက်ဆက်က ဘေးကျပ်နံကျပ်ဖြေရှင်းဖို့ ခက်ခဲခဲ့တဲ့ပြဿနာကိစ္စအဖြစ်သာရှိခဲ့တယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ပြည်တွင်းကိစ္စတစ်ရပ်အဖြစ်နဲ့ ဆောင်ရွက်ခဲ့တာဖြစ်လို့လည်း ပြဿနာကို မဖြေရှင်းနိုင်ခဲ့တဲ့အတွက် တစ်စတစ်စနဲ့ ပြဿနာကြီးကကြီးထွားလာခဲ့ပါတယ်။ ယခုအခါမှာတော့ မြန်မာတစ်နိုင်ငံလုံးရဲ့ အကြောင်းကိစ္စတွေအနက် ရခိုင်ပြည်နယ်ရဲ့အရေးဟာ ကမ္ဘာ့နိုင်ငံအချို့က စိတ်ဝင်စားနေတဲ့ ပြဿနာဖြစ်နေတာဟာတော့ ငြင်းမရတဲ့အချက်ပဲဖြစ်ပါတယ်။ ယခုအစိုးရဟာ ၂၄-၈-၂၀၁၆ ရက်နေ့ နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ ထုတ်ပြန်ချက်မှာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်အဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒီကော်မရှင်ရဲ့သက်တမ်းဟာ တစ်နှစ် ဖြစ်ပြီးတော့ ကော်မရှင်ရဲ့အဓိက ကတော့ တာဝန်ကြီးနှစ်ရပ်ပဲဖြစ်ပါတယ်။ ဒီကော်မရှင်မှာ အဖွဲ့ဝင် ကိုးဦးပါဝင်ပြီး သုံးဦးဟာတော့ နိုင်ငံခြားသားတွေဖြစ်ပါတယ်။ ဒီအချက်ကို သုံးသပ်မိတာက ကော်မရှင်အနေနဲ့ ဆုံးဖြတ်ချက်ချနိုင်ခြင်းနဲ့ ဆုံးဖြတ်ချက်ချရမယ့်သူတွေ မဟုတ်ပါဘူး။ အကြံပြုချက် တွေ၊ လေ့လာသုံးသပ်မှုတွေ တင်ပြပေးဖို့ သက်သက်သာဖြစ်ပါတယ်။ ကျန်တဲ့ကိစ္စတွေကို ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနှင့်အညီ ဆုံးဖြတ်သွားမှာဖြစ်ကြောင်းလည်း နိုင်ငံတော်သမ္မတရုံးရဲ့ ပြောရေးဆိုခွင့် ရှိသူ ဦးဇော်ဌေးက ပြောကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်အရေးကို နိုင်ငံတကာက စိတ်ဝင်စားမှု ရှိနေတာကြောင့် နိုင်ငံတကာမှာ ကြည်ညိုလေးစားတဲ့ပုဂ္ဂိုလ်သုံးဦးကို ဒီကော်မရှင်မှာ ပါဝင်စေခြင်း အားဖြင့် ကမ္ဘာမှာ ရခိုင်ပြည်နယ်ရဲ့အရေးကို အမြင်ရှင်းလင်းပြီးတော့ မြန်မာနိုင်ငံရဲ့ပုံရိပ်ကလည်း ကြည်လင်စေမှာဖြစ်ပါတယ်။ အစိုးရသစ်ရဲ့နိုင်ငံခြားရေးမူဝါဒမှာ နိုင်ငံတကာနဲ့ဆက်ဆံတဲ့အခါမှာ

အမှန်တကယ်တက်ကြွတဲ့ လွတ်လပ်သောနိုင်ငံခြားရေးဝါဒကိုကျင့်သုံးပြီးတော့ နိုင်ငံရေးအရ ချစ်ကြည်ရင်းနှီးမှုရအောင် ဆောင်ရွက်မယ်။ အထူးသဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ စီမံကိန်းတွေကို ဖော်ထုတ်ပြီးတော့ ဒေသရဲ့အကျိုးကိုဦးတည်ပြီး လက်တွဲဆောင်ရွက်မယ်လို့လည်း ဖော်ပြထားပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ရဲ့ ကျောက်ဖြူစီမံကိန်းဟာလည်း တဖြည်းဖြည်းနဲ့ အကောင်အထည်ဖော်နေတာလည်းဖြစ်ပါတယ်။ ဒါဟာလည်း ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံအနေနဲ့ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေးအတွက် အစိုးရတစ်ရပ်ရဲ့ မဖြစ်မနေတာဝန်ယူရမယ့်ကိစ္စကို ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်မှာကြုံတွေ့ရတဲ့ပြဿနာဟာ မြန်မာတစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ အမျိုးသားရေးပြဿနာသာ ဖြစ်ပါတယ်။ ပြည်သူများ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်တာနှင့်အညီ ပြည်သူတွေရဲ့အရေးကို အကောင်းဆုံးဖြေရှင်းပေးနေခြင်းသာဖြစ်တယ်လို့ ယုံကြည်ဖို့တော့ အထူးပဲလိုအပ်ပါတယ်။ ဒီလိုယုံကြည်မှုတည်ဆောက်ဖို့ ယခု ရခိုင်အရေးကိစ္စအတွက် ကော်မရှင်မှာ နိုင်ငံခြားသားသုံးဦးပါဝင်နေမှုဟာ ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ နိုင်ငံများကလည်း အမြင်ရှင်းစေဖို့ ဆောင်ရွက်တာဖြစ်ကြောင်းလည်း ပြည်သူများနားလည်သဘောပေါက်အောင် ရှင်းပြဖို့ကတော့ ရခိုင်လူမျိုးလွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်သလို ယခုလိုလွှတ်တော်ကြီးကနေပြီး ရခိုင်ပြည်နယ်သားများရဲ့ အမြင်မှား၊ အထင်မှားနေခြင်းကို ရှင်းလင်းတင်ပြပေးတာကိုလည်း နားလည်လက်ခံလိမ့်မယ်လို့ ယုံကြည်ပါကြောင်းပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်မ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျှန်းဖြစ်ပါတယ်။ ကျွန်မကတော့ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့အရေးကြီးအဆိုကို အပြုသဘောဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြားသားသုံးဦး၏ကိုယ်ရေးအကျဉ်းကို ကျွန်မတင်ပြလိုပါတယ်။ ကော်မရှင်၏ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်သည် ဂါနာနိုင်ငံသားဖြစ်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ၁၀ နှစ်ထမ်းဆောင်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှာ နိုဘယ်(လ်)ငြိမ်းချမ်းရေးဆုကို ရရှိခဲ့သူ ဖြစ်

ပါတယ်။ ဒုတိယအဖွဲ့ဝင်တစ်ဦးဖြစ်သူ မစ္စတာဂါဆန်ဆလမ်ဟာ လက်ဘနွန်နိုင်ငံသားဖြစ်ပြီး ဥပဒေနှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်မှာ ပညာရှင်ဖြစ်ပါတယ်။ ၂၀၀၀ ခုနှစ်မှ ၂၀၀၃ ခုနှစ်တွင် လက်ဘနွန်မှာ ယဉ်ကျေးမှုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့တယ်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါ တယ်။ တတိယအဖွဲ့ဝင်တစ်ဦးဖြစ်သူ မစ္စလက်တီတီရာဗန်ဒန်အာဆမ်သည် နယ်သာလန်နိုင်ငံသူဖြစ်ပြီး သံအမတ်အဖြစ် လှည့်လည်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ကုလသမဂ္ဂ HIV နှင့် AIDS ဆိုင်ရာ အစီအစဉ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကော်မရှင်မှာပါတဲ့ နိုင်ငံခြားသားသုံးဦးဟာ ကမ္ဘာ့အဆင့်မီ သိက္ခာရှိတဲ့ခေါင်းဆောင်များဖြစ်တဲ့အတွက် အခြားနိုင်ငံရေးဥပဒေ၊ နည်းဥပဒေများကို ချိုးဖောက်စွက်ဖက်သူမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ ကော်မရှင်အနေနှင့် သက်ဆိုင်သူများနှင့် ကျယ်ပြန့်စွာဆွေးနွေးညှိနှိုင်းမှုပြုလုပ်ပြီး ရှာဖွေတွေ့ရှိချက်များနှင့် လေ့လာသုံးသပ်အကြံပြုချက်များ ပါဝင်သည့်အစီရင်ခံစာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် မြန်မာနိုင်ငံအစိုးရထံ တင်ပြမည်ဖြစ်ပြီး ပြည်သူလူထုသိရှိနိုင်ရေးအတွက် အစီရင်ခံစာကို ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတကာလူ့အဖွဲ့အစည်းများသည် တစ်ဦးတစ်ယောက်တည်းနေလို့မရသလို လူမျိုးတိုင်းနိုင်ငံတိုင်းသည် အထီးကျန်နေလို့မရဘူးဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ယနေ့ကမ္ဘာကြီးဟာ Global Village ဟုခေါ်သော ကျေးရွာတစ်ရွာကဲ့သို့ အပြန်အလှန်ဆက်နွှယ်ပတ်သက်မှုရှိနေကြပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံသားအသီးသီးအပြန်အလှန် ညှိနှိုင်းဆက်သွယ်ကာ အမြင်ချင်း၊ အတွေ့အကြုံ၊ ဗဟုသုတချင်း ဖလှယ်နေကြပါပြီ။ ဒေသဆိုင်ရာနိုင်ငံများအနေနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးစသဖြင့် ပူးပေါင်းဆောင်ရွက်ကြတာ တွေ့မြင်ရပါတယ်။ ဥပမာ-အာဆီယံနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အာရပ်နိုင်ငံများ စသဖြင့် ပေါင်းစည်းနေကြပါပြီ။ ယနေ့ နိုင်ငံတကာအဖြစ်အပျက်ကို လှမ်းကြည့်ပြီး ကျွန်မတို့နိုင်ငံမှာလည်း ပူးပေါင်းဆောင်ရွက်သင့်ပါက ပူးပေါင်းသင့်ကြောင်း ကျွန်မဆွေးနွေးလိုပါတယ်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးဟာ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် ထပ်တူထပ်မျှဖြစ်သဖြင့် အလွန်အရေးကြီးသောကိစ္စဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို ယနေ့တိုင် ပြေလည်အောင် မဖြေရှင်းနိုင်သည့်အတွက် များစွာစိတ်မကောင်းဖြစ်မိပါတယ်။ အဆိုပါ ရခိုင်ပြည်နယ်ရဲ့ပြဿနာသည် ပြည်တွင်းရေးကိစ္စသက်သက်မဟုတ်တော့သည့်အတွက် နိုင်ငံတကာမှ

ယုံကြည်လက်ခံသော ပညာရှင်ဖြစ်သည့်သာမက ငြိမ်းချမ်းရေးနိုဘယ်(လ်)ဆုရှင်ဖြစ်သော မစ္စတာကိုဖီအာနန်ကဲ့သို့သော ပုဂ္ဂိုလ်၏သုံးသပ်ချက်များသည် နှစ်ဖက်အကျိုးကိုသာဦးတည်၍ တရားမျှတမှုရှိပြီး မျှော်လင့်ချက်ဖြည့်ဆည်းပေးနိုင်မည်ဟု ကျွန်မယုံကြည်မိပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ချိုချိုဝင်းဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံတင်သွင်းတဲ့ အရေးကြီးအဆိုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံပြည်သူလူထုတစ်ရပ်လုံးရဲ့အကျိုးကို မျှော်ကိုးပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့တင်ပြချက်များကို သုံးသပ်ရလျှင်ကော်မရှင်အဖွဲ့ဝင်တွေနဲ့ပတ်သက်၍ ကန့်ကွက်ခြင်းသာမက ကော်မရှင်ကိုဖွဲ့စည်းရန်မလိုဟုလည်း ထည့်သွင်းဆွေးနွေးသွားတာကို တွေ့ရပါတယ်ရှင်။ ကော်မရှင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဆွေးနွေးလိုပါတယ်။ လက်ရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရများ၊ ပြည်နယ်အစိုးရများဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြည်သူလူထုရဲ့ဆန္ဒအရ ဖွဲ့စည်းပေါ်ပေါက်လာသော အစိုးရများဖြစ်ကြပါတယ်။ ယခင်အစိုးရနှင့် လက်ရှိအစိုးရသစ်တို့ဟာ မူအားဖြင့်တူညီတာတွေရှိသလို မတူညီတာတွေလည်း များပြားလှပါတယ်။ ယခင်အစိုးရလက်ထက် ဖွဲ့စည်းခဲ့သောကော်မရှင်မှာ လူမျိုးရေး၊ ဘာသာရေးအကြောင်းပြု အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ပြီးမှ ဖွဲ့စည်းသော ရခိုင်ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖြစ်ပါတယ်ရှင်။ ယခုအစိုးရသစ်ဖွဲ့စည်းတဲ့ ကော်မရှင်ကတော့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဖြစ်ပါတယ်။ အစိုးရတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံအေးချမ်းသာယာဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ရခိုင်ပြည်နယ်ကိုလည်း ချန်လှပ်၍မရပါဘူး။ အထူး အလေးထားဆောင်ရွက်ရမယ့် နေရာဒေသတစ်ခုလည်းဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံမှာနယ်စပ်ပြဿနာများစွာရှိပါတယ်။ နယ်စပ်ဖြတ်ကျော်ပြီး လူဝင်လူထွက်ပြဿနာ၊ သယံဇာတခိုးယူမှုပြဿနာ၊ မူးယစ်ဆေးဝါးတင်သွင်းမှုပြဿနာ၊ လူကုန်ကူးမှုပြဿနာ၊ နယ်နိမိတ်ပြဿနာများစွာရှိပါတယ်။ စီးပွားရေးအရ နယ်စပ်ဖြတ်ကျော် ကျူးကျော်ဝင်ရောက်မှုများရှိသလို တိုင်းရေး၊ ပြည်ရေး၊ နိုင်ငံရေးအခြေအနေအရ အိမ်နီးချင်းနိုင်ငံများသို့ ပြေးဝင်ခိုလှုံကြ

တာတွေလည်း ရှိပါတယ်။ စီးပွားရေးအရကျူးကျော်ဝင်ရောက်လာသူများကို မိမိနိုင်ငံ၏ ဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်လို့ရပေမယ့် ဒုက္ခသည်အဖြစ် အစုလိုက်၊ အပြုံလိုက် ပြေးဝင်ခိုလှုံသူများ ကိုတော့ လူသားချင်းစာနာမှုအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များအရ လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းကူညီဖြေရှင်း ဆောင်ရွက်ကြရပါတယ်။ မြန်မာနိုင်ငံသားများအနေဖြင့်လည်း စီးပွားရေးအကြပ်အတည်းအရလည်း ကောင်း၊ နိုင်ငံရေးအခြေအနေအရလည်းကောင်း၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ နယ်စပ်ဖြတ်ကျော်ပြီး ဒုက္ခသည်အဖြစ် ခိုလှုံမှုများရှိခဲ့ပါတယ်။ အပြည်ပြည် ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းကြီးမှလည်း သက်ဆိုင်ရာတိုင်းပြည်များနှင့်ညှိနှိုင်းပြီး မြန်မာနိုင်ငံသား ဒုက္ခသည်များအရေးကို နှစ်ရှည်လများ ကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့် အရေး ကိစ္စများကို ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများကို ရှာဖွေသွားမည်ဖြစ်ပါသည်ဟု ပါရှိတဲ့ အတွက် မြန်မာပြည်သူလူထုတစ်ရပ်လုံးရဲ့ကိုယ်စား နိုင်ငံတော်အစိုးရအား အထူးကျေးဇူးတင်ရှိပါ တယ်ရှင်။ ဒီလိုပြောရခြင်းအကြောင်းကတော့ ရခိုင်ပြည်နယ်ရဲ့နယ်စပ်ပြဿနာဟာ အခြားနယ်စပ် ပြဿနာများထက် ပိုပြီးတစ်တိုင်းတစ်ပြည်လုံးကို ရင်တမမဖြင့်စိုးရိမ်သောကရောက်စေပါတယ်။ ရခိုင် ပြည်နယ်မှာဖြစ်ပျက်ခဲ့တဲ့ လူမျိုးရေး၊ ဘာသာရေးပြဿနာများဟာ မီးမွှေးရလွယ်ကူပြီး နှံ့လွယ်ပြီး မသမာသူများရဲ့ ယိုးမယ်ဖွဲ့ပြစ်တင်ရလွယ်ကူတဲ့ ကိစ္စလည်းဖြစ်ပါတယ်။ မည်သည့်လူ့အသိုင်းအဝိုင်း မှာမဆို ဖြစ်လေ့ဖြစ်ထရှိသော သာမန်အမှုအခင်းလေးတွေကို အကြောင်းပြုပြီး ပဋိပက္ခကြီးများအသွင် ဖန်တီးယူမှုများကိုလည်း ရင်နင့်ဖွယ်ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါတယ်ရှင်။ ပြည်ပရောက်မြန်မာလူမျိုးများ အထိပါ ဆိုးကျိုးကိုသက်ရောက်စေပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အခုအခါ တိုင်းရင်းသားညီအကို မောင်နှမများအားလုံးက အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ထို့မှတစ်ဆင့် ဖက်ဒရယ် ပြည်ထောင်စုစနစ်တည်ထောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ ဤကော်မရှင် ဖွဲ့စည်းခြင်းဟာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ပဋိပက္ခများ ကြိုတင်ကာကွယ်ရန်ဖြစ်တဲ့အတွက် အခြေအနေအချိန်အခါအရလည်း လျော်ကန်သင့်မြတ်လှပါ တယ်ရှင်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ ကော်မရှင်ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ဥက္ကဋ္ဌအဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ငြိမ်းချမ်းရေးနိုဘယ်(လ်)ဆုရှင် မစ္စတာကိုဖီအာနန်၊ အကြံပေးအဖွဲ့ဝင်များအဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သော လက်ဘနွန်နိုင်ငံသား မစ္စတာဂါဆန်ဆလန်နှင့် ကုလသမဂ္ဂ၏ HIVနှင့် AIDS ဆိုင်ရာအစီအစဉ် UN Aid ၏အထူးအကြံပေးပုဂ္ဂိုလ် မစ္စလက်တီတီရာဗန်ဒန်အာဆမ်တို့အား ထည့်သွင်းဖွဲ့စည်းထားခြင်းကိုလည်း ထောက်ခံပါတယ်ရှင်။ ကမ္ဘာ့ကုလသမဂ္ဂမှာ အမြင့်ဆုံးရာထူးတာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်တဲ့အပြင် ကမ္ဘာ့ပြဿနာအရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းပေးခဲ့သော အတွေ့အကြုံများလည်းရှိကြပါတယ်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုအနည်းဆုံးအဖြစ် သတ်မှတ်ခံရသော ရခိုင်ပြည်နယ်၏ နယ်မြေအေးချမ်းဖို့၊ ပြည်သူလူထုများဘဝလုံခြုံဖို့၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံအဆောက်အဦကောင်းများရရှိဖို့ဆိုရင် ပြဿနာများရဲ့အရင်းခံများကို မြန်မာကြည့် ကြည့်၍မရဘဲ ကမ္ဘာ့အမြင်ဖြင့် ရှုထောင့်ကနေကြည့်ရမှာဖြစ်ပါတယ်ရှင်။ သို့မှသာ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး အခြေအနေအမှန်များကို ပွင့်လင်းမြင်သာစွာ ကမ္ဘာသို့ချပြနိုင်မှာဖြစ်ပြီး နိုင်ငံတကာရဲ့အထင်အမြင်လွဲမှားမှုများ ရှိခဲ့ပါကလည်း ဖြေရှင်းရာရောက်ပါတယ်။ ထို့ကြောင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ဖွဲ့စည်းသော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဖွဲ့စည်းခြင်းသည် ရခိုင်ပြည်နယ်အပါအဝင် မြန်မာတစ်နိုင်ငံလုံးအတွက် ငြိမ်းချမ်းရေးမျှော်လင့်ချက်တစ်ခု ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် ဦးအောင်ကျော်ဇံ၊ ပေါက်တောမဲဆန္ဒနယ်၏အဆိုတွင် ကမ္ဘာ့နိုင်ငံအသီးသီးက လေးစားကြည်ညို၍ ကမ္ဘာ့ရေးရာကိစ္စများကို ဆောင်ရွက်ခွင့်ပေးခဲ့သော ကမ္ဘာ့လူသားတို့၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နေသော ပုဂ္ဂိုလ်များအား ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပရောဂ ဝင်ရောက်ပူးကပ်နေသူများဟု နှိမ့်ချပြောဆိုခြင်းမှာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေပါတယ်။ နိဂုံးချုပ်အားဖြင့် အဆိုရှင်အနေဖြင့် မိမိ၏အဆိုအား ပြန်လည်သုံးသပ်သင့်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့ ပါတယ်။ ကျွန်မကတော့ ကယားပြည်နယ်၊ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပေါက်တောမဲဆန္ဒနယ်က

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့အရေးကြီးအဆိုကို အပြုသဘောနဲ့ဆွေးနွေးသွား မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသမှာကြုံတွေ့နေရတဲ့ပြဿနာ ဟာ ပြည်နယ်တစ်ခုတည်းအတွက်သာမဟုတ်ဘဲ တစ်မျိုးသားလုံးနဲ့သက်ဆိုင်နေတဲ့အတွက် တစ်နိုင်ငံ လုံးအတွက် အရေးကြီးပါတယ်။ ယခင့်ယခင်ပြဿနာကို ကိုင်တွယ်တိုင်းမှာ ပြည်တွင်းရေးကိစ္စအမြင် မျိုးနဲ့သာ ရှုမြင်ကိုင်တွယ်ခဲ့ကြလို့ ရလဒ်ကောင်းတစ်ခုမှ မထွက်ခဲ့ပါဘူး။ အိမ်နီးချင်းအခြားနိုင်ငံနှင့် ပူးပေါင်းဖြေရှင်းရမယ့်ပြဿနာဖြစ်တဲ့အတွက် ပြည်ပအရေးအနေနဲ့ ပါဝင်နေပါတယ်။ နိုင်ငံတကာ အရေးလည်း ဖြစ်လာပါတယ်။ ဖွံ့ဖြိုးမှုမရှိခြင်းအကြောင်းတရားကြောင့် ငြိမ်းချမ်းမှုမရှိဘဲ ပြဿနာ ပေါင်းစုံဖြစ်လာပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ ခုထဲမှာ ဖွံ့ဖြိုးမှုအနောက်ကျ ဆုံးကတော့ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်ဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်နှင့်အတူ ပိုပြီးတော့ ကျွန်မတို့ ကယားဟာလည်း မျှခံစားရပါတယ်ရှင်။ အဲဒီထဲမှာ ရခိုင်ပြည်နယ်ဟာ တခြား နိုင်ငံနှင့် ထိစပ်နေရာက နယ်စပ်ဒေသလုံခြုံမှုကြောင့် ရှုပ်ထွေးတဲ့လူမှုရေးပြဿနာကလည်း ရှိနေ ပြန်လာပါတယ်။ ဖွံ့ဖြိုးမှုမရှိဘဲ ရေရှည်ငြိမ်းချမ်းမှုမရရှိနိုင်သလို၊ ရေရှည်ဖွံ့ဖြိုးမှုမရှိဘဲ ငြိမ်းချမ်းရေး မရရှိနိုင်ပါဘူး။ အဲဒီအယူအဆကို အခြေခံပြီးလှုပ်ရှားဆောင်ရွက်နေတာကတော့ မစ္စတာကိုဖီအာနန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Sustaiable Development Goal မှာ ရည်မှန်းချက် ၁၇ ခုပါဝင်ပြီး ၂၀၃၀ ခုနှစ်မှာ နိုင်ငံများကြားမှာ ဖွံ့ဖြိုးမှုမညီမျှခြင်းမရှိအောင် ဆောင်ရွက်ရမယ့်ကိစ္စဟာ မြန်မာနိုင်ငံအရေး တင်မဟုတ်တဲ့ နိုင်ငံတကာကိစ္စဖြစ်တဲ့အတွက် အခြေခံကောင်းပြီး ခံယူချက်ကောင်းတဲ့ နိုင်ငံတကာ ပုဂ္ဂိုလ်များလည်း ပံ့ပိုးကူညီဖို့လိုအပ်လာပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဟာ မြန်မာအစိုးရအပေါ်မှာတာဝန်ရှိသလို ကမ္ဘာ့နိုင်ငံများရဲ့ စိတ်ဝင်တစားဖြေရှင်း ရမယ့်ကိစ္စလည်း ဖြစ်ပါတယ်ရှင်။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ နိုင်ငံတကာအလှည့် ကျပြန်လည်ဆန်းစစ်မှု UPR (Universal Periodic Review)မှာ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ မြန်မာနိုင်ငံရှိ လူနည်းစုပြဿနာ ၄၈ ခုကို တင်ပြထားရာမှာ ယခင်အစိုးရလက်ထက်က ခုနစ်ခုသာ လက်ခံခဲ့ပါတယ်။ ၄၁ ခုမှာတော့ မှတ်တမ်းတင်ခြင်းခံရပါတယ်။ မှတ်တမ်းတင်ထားတဲ့ ၄၁ ခုမှာ မြန်မာနိုင်ငံရှိ ရခိုင်ဒေသ ဖြစ်ပါတယ်။ ကိစ္စတစ်ခုဖြစ်လာလျှင် ကိုယ်နဲ့လက်လှမ်းမှီသလောက်အပေါ်မှာသာ ဖြေရှင်းလေ့ရှိကြ ပါတယ်။ ပြဿနာများကိုပဲဖြစ်ဖြစ်၊ ကိစ္စများကိုပဲဖြစ်ဖြစ် ကြည့်ရှုတဲ့ရှုထောင့်အမျိုးမျိုးရှိနိုင်ပြီး ပြဿနာ ရဲ့အကြီးအသေးနဲ့ ဖြေရှင်းပုံဖြေရှင်းနည်းကလည်း ကွာခြားနိုင်ပါတယ်။ အဲဒီနေရာမှာ ကြိုတင်ပြီး

အငြင်းပွားနေဖို့မလိုအပ်တော့ပါဘူး။ ရခိုင်အရေးကို ဖြေရှင်းခဲ့ခြင်းများ ရှိဘူးခဲ့ပေမယ့် ပြဿနာကို ပြည်တွင်းရေးအဖြစ်နဲ့သာ ဖြေရှင်းခဲ့ပြီး ယခုအချိန်အထိ အပြီးမပြတ်ဘဲ မဖြေရှင်းနိုင်ခြင်း ဖြစ်နေပါတယ်။ နိုင်ငံခြားသား သုံးဦးပါဝင်နေတဲ့အပေါ် စိုးရိမ်နေတဲ့ပုဂ္ဂိုလ်များအားလုံးကို ပြောကြားလိုတာကတော့ အကြံပေးကော်မရှင်မှာ ရွေးထားတဲ့ဦးဆောင်သူ မစ္စတာကိုဖီအာနန်က ၂၀၀၁ ခုနှစ် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်ဖြစ်ပါတယ်။ ခုနစ်ယောက်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်လည်းဖြစ်ပြီး ကိုယ်ဖီအာနန်ဖောင်ဒေးရှင်းကို တည်ထောင်သူ ဖောင်ဒေးရှင်းရဲ့ ဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်မှာ နယ်ပယ်စုံကခေါင်းဆောင်များကို လိုအပ်တဲ့နေရာတိုင်းမှာ ခေါင်းဆောင်မှုပေးနိုင်မှု ဆောင်ရွက်ပေးနေပါတယ်။ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးတို့အတွက် ခြိမ်းခြောက်စည်းလုံးလှုံ့ဆော်လှုပ်ရှားမှုအသစ်များကို ဆန်းစစ်ဖော်ထုတ်ဖို့နဲ့ ကာကွယ်ရေး၊ သံခင်း၊ တမန်ခင်း လှုပ်ရှားမှုနဲ့ ကြားဝင်ဖြေဖျန်ရေးလှုပ်ရှားမှုတို့ကို အထောက်အပံ့ပေးဖို့ လုပ်ဆောင်နေတဲ့သူလည်းဖြစ်ပါတယ်။ မစ္စလက်တီတီရာဗန်ဒန်အာဆမ်ဟာ နယ်သာလန်နိုင်ငံမှာ သံအမတ်လည်း ထမ်းဆောင်ခဲ့ဖူးပါတယ်။ နောက်တစ်ယောက်ကတော့ မစ္စတာဂါဆန်ဆလန် ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထက်တန်းအကြံပေးလည်း ဖြစ်ပါတယ်။ ယခု နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနကဖွဲ့စည်းပေးတဲ့ အကြံပေးကော်မရှင်က ထွက်လာမည့်အကြံပြုချက်များဟာ နိုင်ငံတကာစင်မြင့်ပေါ်မှာ ပြည်တွင်းကော်မရှင်က ထွက်ပေါ်လာတဲ့ အကြံပေးချက်များထက်ပိုပြီး ထိရောက်အားကောင်းနိုင်ခြေရှိပါတယ်။ အကြံပေးကော်မတီရဲ့ သမာသမတ်ကျမှုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ကြီးကြပ်ထိန်းကျောင်းပြီး ၎င်းကတစ်ဆင့် အစိုးရကော်မရှင်ပါ ရည်မှန်းချက်အတိုင်း ပြည်သူများအား ချပြပြီးဆုံးဖြတ်သွားမှာဖြစ်ပါတယ်။

ကော်မရှင်ရဲ့အကြံပြုချက်ကို မူတည်ပြီး ဆောင်ရွက်သင့်/မသင့် ဆုံးဖြတ်ဖို့ဟာအခုအချိန်မှာ စောလွန်းပါတယ်။ စိတ်ခံစားမှုနဲ့ စိုးရိမ်လွန်မှုအပေါ် အခြေခံထားခြင်းတို့ကြောင့်သာ ဖြစ်လာရတယ်လို့ ယူဆမိပါတယ်။ ပြည်သူများ ဒီမိုကရေစီနည်းကျကျ ရွေးချယ်တင်မြှောက်ထားတဲ့အစိုးရဖြစ်တာနှင့်အညီ ကိုယ့်နိုင်ငံရှိ ပြည်သူ့အရေးပြဿနာကို အကောင်းဆုံးဖြေရှင်းနေခြင်းသာဖြစ်လို့ ယုံကြည်မှုတည်ဆောက်ပေးဖို့အထူး လိုအပ်ပါတယ်။ အကောင်းဆုံးနည်းလမ်း ရှာဖွေရန်အတွက် ပတ်သက် ပါဝင်နေသူများနှင့်လည်းကောင်း နိုင်ငံတကာအရေးပါတဲ့ ပုဂ္ဂိုလ်များနှင့်လည်းကောင်း ဆွေးနွေးပြီးအချက်အလက်များ ရရှိမှာဖြစ်ပါတယ်။ အစိုးရသစ်အနေနဲ့ ယခုလက်ရှိ နိုင်ငံကို ကမ္ဘာ့အလယ်မှာ တင့်တယ်စွာ ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ဒီမိုကရေစီနိုင်ငံ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ ဒီနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့မှာ ကျွန်တော် ဆွေးနွေးမှာကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ တင်သွင်းတဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြားသားသုံးဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှ တတ်သိပညာရှင်များဖြင့်သာ ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အရေးကြီးအဆိုကို ကန့်ကွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို ၂၄-၈-၂၀၁၆ ရက်နေ့က ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ကြေညာပြီး ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းလို့ပြီးသွားပါပြီ။ ၃-၉-၂၀၁၆ ရက်နေ့က မစ္စတာကိုဖီအာနန်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပါတယ်။ ဒီနေ့ ၆-၉-၂၀၁၆ ရက်နေ့မှာ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကို ရောက်ရှိနေပါပြီ။ ဒီအချိန်ဟာ ကန့်ကွက်နေရမယ့်အချိန်မဟုတ်တော့ပါဘူး။ မလိုလားအပ်တဲ့အရိပ်လက္ခဏာတွေ ပြရမယ့်အချိန်လည်း မဟုတ်တော့ပါဘူး။ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုးရဲ့ပုံရိပ်ကောင်းတွေကို ပြသရမယ့်အချိန်ပဲဖြစ်ပါတယ်။ စိတ်ကျေနပ်မှုတွေပေးဖို့ လိုအပ်ပါတယ်။ အကြံပေးကော်မရှင်ဆိုတာ ရန်သူတွေမဟုတ်ပါဘူး။ ရန်ငြိုးရှိသူတွေလည်းမဟုတ်ပါဘူး။ အတူတကွပူးပေါင်းရမယ့်အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်သူတွေအနေနဲ့ ဒီကော်မရှင်နဲ့ ထိတွေ့ဆက်ဆံမယ့် အရပ်ဘက်အဖွဲ့အစည်းတွေကို သဘောထားပျော့ပျောင်းသူ၊ ဂုဏ်သိက္ခာကြီးမားသူ၊ ဩဇာတိက္ကမကြီးမားသူများနှင့် ဖွဲ့စည်းထားသင့်ပါတယ်။ ကော်မရှင်ရဲ့အားသာချက်၊ အားနည်းချက်တွေကို လေ့လာထားသင့်ပါတယ်။ ကော်မရှင်ကိုသော်လည်းကောင်း၊ အစိုးရကိုသော်လည်းကောင်း၊ ကန့်လန့်တိုက်နေမယ်ဆိုရင် မှတ်ချက်ကောင်းတွေ၊ ရလဒ်ကောင်းတွေ ရလာမှာမဟုတ်ပါဘူး။

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်ရဲ့အဆိုထဲမှာ ပြည်တွင်းမှ တတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းအကြံပြု ထားတာ တွေ့ရပါတယ်။ ကမ္ဘာက လေးစားရတဲ့ပုဂ္ဂိုလ်များမပါဘဲ ပြည်တွင်းမှ တတ်သိပညာရှင်များ ဖြင့်သာကော်မရှင်ကို ဖွဲ့စည်းမည်ဆိုပါက ကမ္ဘာ့အမြင်မှာ ဘက်လိုက်မှုမကင်းသောအဖွဲ့အစည်းအဖြစ် ထင်မြင်ယူဆစရာဖြစ်လာနိုင်ပါတယ်။ မြန်မာ့အရေးသည် ကမ္ဘာ့အရေးနှင့်ဆက်စပ်နေသောကြောင့် ကမ္ဘာကလက်ခံနိုင်မယ့်အဖွဲ့အစည်းဖြစ်ဖို့ အထူးလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေး ကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်ဟာ ဂါနာနိုင်ငံသားဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂမှာ အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ၁၀ နှစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုကြီးကို လည်း ရယူထားသူဖြစ်ပါတယ်။ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ပြီးတော့ ကမ္ဘာ့အရေးပေါင်းများစွာကို ဖြေရှင်းခဲ့ဖူးတဲ့ အတွေ့အကြုံရင့်ကျက်သူလည်း ဖြစ်ပါတယ်။ ဒီကော်မရှင်မှာပါဝင်တဲ့ လက်ဘနွန်နိုင်ငံ သား မစ္စတာဂါဆန်ဆလမ်နှင့် နယ်သာလန်နိုင်ငံသူ မစ္စလက်တီတီရာဗန်ဒန်အာဆမ်တို့ဟာလည်း ကမ္ဘာ့ကုလသမဂ္ဂမှာပဲ တာဝန်ထမ်းဆောင်ဖူးသူတွေဖြစ်လို့ ကမ္ဘာ့အတွေ့အကြုံရှိသူများဖြစ်ပါတယ်။ သမာသမတ်ကျကျ ရပ်တည်ပေးမယ့်ပုဂ္ဂိုလ်များအဖြစ် ကမ္ဘာကလက်ခံနိုင်သူများဖြစ်ပါတယ်။ ရခိုင် ပြည်သူတွေအနေနဲ့ သိထားသင့်တာကတော့ ဒီကော်မရှင်ဟာ အပြီးသတ်ဆုံးဖြတ်ချက်တွေပေးမယ့် အဖွဲ့အစည်းမဟုတ်ဘဲ အကြံပြုချက်တွေ၊ သုံးသပ်ချက်တွေသာ တင်ပြအစီရင်ခံရမယ့်အဖွဲ့အစည်းဖြစ် တယ်ဆိုတာပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၁ ရာစုမှာ ကမ္ဘာကြီးကို Global Village လို့ တွင်တွင်သုံးလျက်ရှိပြီး ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလိုဖြစ်နေပါပြီ။ ပြဿနာကို ပူးပေါင်းအဖြေရှာဖြေရှင်းတယ်ဆိုတာ ခေတ်သစ်ကမ္ဘာရဲ့ မြင့်မားတဲ့နိုင်ငံရေးယဉ်ကျေးမှုပဲ ဖြစ်ပါတယ်။ မစ္စတာ ကိုဖီအာနန်ဦးဆောင်သော ကော်မရှင်အဖွဲ့ကို လှိုက်လှိုက်လှဲလှဲကြိုဆိုထောက်ခံသင့်ပါတယ်။ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ မိမိပြည်နယ်၊ မိမိလူမျိုးရဲ့အရေးကို ဖြေရှင်းပေးနိုင်သော ကမ္ဘာကျော်ပုဂ္ဂိုလ်ထူးများပါဝင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို လက်သင့်မခံနိုင်ဘဲ ရွှေတုံးရွှေခဲကြီးကို ခွဲပေးရတော့ မယ့်အတိုင်း ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ ကန့်ကွက်နေခြင်းသည် ရခိုင်ပြည်နယ်၏ ပုံရိပ်ကို ကျဆင်းစေရုံသာမက အမိမြန်မာနိုင်ငံ၏ပုံရိပ်ကိုပါ ကျဆင်းစေပါကြောင်း ရှုမြင်သုံးသပ်မိပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မရှင်တွင် နိုင်ငံခြားသား သုံးယောက်ပါဝင်နေခြင်းနှင့်ပတ်သက်လို့ မြန်မာနိုင်ငံ လွတ်လပ်ရေးသမိုင်းကိုပဲကြည့်ကြည့်၊ ဒီမိုကရေစီသမိုင်းကိုပဲကြည့်ကြည့် နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ကိုင်ခဲ့တဲ့ သာဓကများစွာရှိပါတယ်။ လိုရာပန်းတိုင်ကိုရောက်နိုင်ခဲ့တာပဲ တွေ့ရပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင် ဖွဲ့စည်းရတဲ့ရည်ရွယ်ချက်ကို လေ့လာကြည့်မယ်ဆိုရင်လည်း ကောင်းမွန်သော စေတနာများဖြင့် ဖွဲ့စည်းထားတာကို တွေ့ရပါတယ်။ ဒီကော်မရှင်မှာ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မယ့် မစ္စတာ ကိုဖီအာနန်ကို လေ့လာကြည့်မယ်ဆိုရင်လည်း ကမ္ဘာ့အငြိမ်းစားသမ္မတတွေ၊ နိုင်ငံတကာက ထင်ပေါ်ကျော်ကြားသူတွေ၊ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်တွေနဲ့ ဖွဲ့စည်းထားတဲ့ အင်မတန်မှဂုဏ်သြဇာကြီးမားတဲ့ The Elder ဆိုတဲ့အဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုစေတနာနဲ့ ဖွဲ့စည်းထားသောကော်မရှင်၊ ဂုဏ်သိက္ခာကြီးမားသော ကမ္ဘာ့ခေါင်းဆောင်ပါဝင်သောကော်မရှင်ကို ကြိုဆိုထောက်ခံသင့်ပါကြောင်းနှင့် ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏အဆိုကို ပြတ်ပြတ်သားသားကန့်ကွက်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများရှင့်။ ဒီအဆိုကို မဆွေးနွေးမီမှာ ရခိုင်တိုင်းရင်းသားများရဲ့ဆန္ဒ၊ ရခိုင်ပြည်သူတွေရဲ့ဒုက္ခကို ကျွန်မတို့ စာနာနားလည်ပါကြောင်းနှင့် ရခိုင်ဒေသမှ ကိုယ်စားလှယ်တော်ကြီးများရဲ့ သံသယနဲ့ စိုးရိမ်စိတ်ကိုလည်း ခံစားမိပါကြောင်း ပြောလိုပါတယ်။ ရခိုင်အရေးပြဿနာဟာ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၇၀ ကြာညောင်းခဲ့ပြီဖြစ်ပါတယ်။ ပြဿနာကို နိုင်ငံတကာမှ လူသားချင်းစာနာမှု အထောက်အပံ့ရယူတာကလွဲလို့ ပြည်တွင်းရေးပြဿနာအနေနဲ့သာ အစိုးရအဆက်ဆက်က ကိုင်တွယ်ဖြေရှင်းခဲ့တာကို တွေ့ရပါတယ်။ အခုလို နိုင်ငံတကာမှ ပုဂ္ဂိုလ်တွေပါဝင်တဲ့အစုအဖွဲ့ကို အကြံပေးအဖြစ် တာဝန်ပေးပါဝင်စေခြင်းဟာ ပထမဦးဆုံးသောအကြိမ်ဖြစ်ပါတယ်။ ဒါကြောင့်ဘာကြောင့် ပြည်တွင်းရေးသက်သက်သာ ရှုမြင်လို့မရသလဲ။ ဘယ်လိုလက်တွေ့ကျတဲ့လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ဖြေရှင်းရန် လိုအပ်တဲ့အတွက် နိုင်ငံတကာရဲ့ သံသယကင်းတဲ့အမြင်နဲ့ ထောက်ခံမှုတို့

**မူကြမ်း**

လိုအပ်သလဲဆိုတာကို အပြုသဘောနဲ့ ဆွေးနွေးလိုပါတယ်။ ဒီပြဿနာဟာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကြားမှ ပြဿနာဖြစ်နေခြင်း၊ အစွန်းရောက်ဝါဒီ IS တို့ရဲ့ အန္တရာယ် ကမ္ဘာကြီးကခြိမ်းခြောက်လာခြင်းနဲ့ Responsibility to Protect (R to P) ဆိုတဲ့ နိုင်ငံတကာအယူအဆ ပေါ်ပေါက်ကျင့်သုံးလာခြင်း စတဲ့အချက်တွေကြောင့် ပြည်တွင်းရေးသက်သက်အနေနဲ့ ရှုမြင်လို့မရဘူးဆိုတာ ထင်ရှားပါတယ်။ တစ်ဖန် ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ ရခိုင်ပြည်နယ်ရှိ လူသုံးဦးမှာ အနည်းဆုံးတစ်ဦးဟာ ထိုပုဂ္ဂိုလ်များဖြစ်ပါတယ်။ သို့သော် ၎င်းတို့ရဲ့ လူဦးရေတိုးပွားမှုနှုန်းဟာ အခြားဌာနေတိုင်းရင်းသားများထက် အနည်းဆုံးနှစ်ဆခန့်ရှိနေပါတယ်။ ရခိုင်တစ်ယောက်တိုးတိုင်း ထိုပုဂ္ဂိုလ်လေးယောက်တိုးတယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဒီနှုန်းအတိုင်းသာဆက်သွားနေမယ်ဆိုရင် လာမယ့်နှစ် ၂၀ နောက်ပိုင်းမှာ အခြားတိုင်းရင်းသားလူဦးရေစုစုပေါင်းထက် ကျော်လွန်သွားဖွယ်ရှိပါတယ်။ ထိုပုဂ္ဂိုလ်တွေရဲ့ လက်ရှိလူဦးရေဟာလည်း မြန်မာနိုင်ငံရှိ အချို့တိုင်းရင်းသားများထက်ပင် အဆမတန်များပြားနေတာကို တွေ့ရပါတယ်။ ဒီကိစ္စဟာ ရခိုင်ပြည်နယ်တစ်ခုတည်းအတွက်သာမက မြန်မာနိုင်ငံတစ်ဝှမ်းလုံးအတွက်ပါ နိုင်ငံရေးအရ၊ လူမှုရေးအရ မတည်ငြိမ်မှုများကို ဖန်တီးနေပါတယ်။ ဒါကြောင့် မဝေးလှတော့တဲ့ကာလတစ်ခုမှာ ဒီပြဿနာဖြေရှင်းနိုင်ဖို့အတွက် လူဦးရေမူဝါဒတစ်ခုကို နိုင်ငံတော်အဆင့်အနေနဲ့ချမှတ်ပြီး အကောင်အထည်ဖော်ရပါလိမ့်မယ်။ ဒါ့အပြင် ထိုပုဂ္ဂိုလ်များရဲ့ နိုင်ငံရေးရည်မှန်းချက်ဟာ နိုင်ငံသားဖြစ်ရုံတင်မကပါပဲ တိုင်းရင်းသားအဖြစ်နဲ့ နိုင်ငံရေးအခွင့်အရေး ရယူလိုကြောင်း ၎င်းတို့ရေးသားထုတ်ဝေပြောဆိုမှုများက တစ်ဆင့်လည်း ထင်ရှားစေပါတယ်။ ဒါပေမဲ့ ဒီလှုပ်ရှားမှုတွေကို နိုင်ငံတွင်းမှာ လုပ်ဆောင်နေတာမဟုတ်ပါပဲ နိုင်ငံတကာမျက်နှာစာမှာ တွင်တွင်ကျယ်ကျယ်လှုပ်ရှားဆောင်ရွက်နေခဲ့တာ ကြာလှပြီဖြစ်ပါတယ်။ နိုင်ငံတကာကလည်း ဒီကိစ္စအပေါ်အမျိုးမျိုးသောဝေဖန်မှုတွေ ပြုခဲ့ကြတာ ၎င်းတို့ပြုစုခဲ့တဲ့ စစ်တမ်းတွေ၊ အစီရင်ခံစာတွေအရ အထင်အရှားလေ့လာသိရှိနိုင်ပါတယ်။ ဒါကြောင့် ဒီအရေးဟာ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်း၊ ဥပဒေကြောင်းနဲ့သာ သက်ဆိုင်တဲ့အရေးမဟုတ်ပါဘဲ အမျိုးသားအကျိုးစီးပွားအတွက်ပါ အလွန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ပထဝီနိုင်ငံရေးအရ အရေးပါလာတဲ့ ရခိုင်ကမ်းမြောင်ဒေသကို လွှမ်းမိုးလိုတဲ့ နိုင်ငံရေးရည်မှန်းချက်များဖြစ်နေသလားဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ ဒီကိစ္စရဲ့နောက်ကွယ်မှ ပါဝင်ပတ်သက်မှုတွေအများကြီး ရှိနေနိုင်တယ်ဆိုတာလည်းပဲ ကျွန်မတို့ ခန့်မှန်းလို့ရပါတယ်။

တစ်ခါ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနဲ့ စိစစ်မယ်ဆိုရင်လည်း နိုင်ငံသားဖြစ်ခွင့်ရသူ၊ နိုင်ငံသားပြုခွင့်ရသူ အမြောက်အမြားပေါ်ထွက်လာနိုင်တယ်ဆိုတာလည်း ကျွန်မတို့ စဉ်းစားထားရပါ

**မူကြမ်း**

လိမ့်မယ်။ အဲဒီအခါမှာ မြန်မာ့လူ့အဖွဲ့အစည်းများနဲ့ အတူယှဉ်တွဲနေထိုင်ဖို့အတွက် ၎င်းတို့မှာ လိုအပ်ချက်များစွာရှိနေပါလိမ့်မယ်။ လက်ရှိတည်ဆဲဖြစ်တဲ့ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေမှာ ထိုလူမှုရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့်ဥပဒေများ လုံလုံလောက်လောက်ပြဋ္ဌာန်းထားတာမရှိတာလည်း တွေ့ရပါတယ်။ ဒါကြောင့် သီးခြားဥပဒေများပြဋ္ဌာန်းပြီး လုံလောက်တဲ့ကြားကာလတစ်ခုသတ်မှတ်ကာ ထိုပုဂ္ဂိုလ်များကို လေ့ကျင့်သင်ကြားပေးဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံသားမဖြစ်ထိုက်သူတွေ၊ ပြုခွင့်မရှိသူတွေ အမြောက်အမြားလည်း ပေါ်ပေါက်လာပါလိမ့်မယ်။ ထိုသူများကိုလည်း လက်ရှိဥပဒေအရ ကန့်သတ်ရမှာဖြစ်ပြီး လက်ရှိဥပဒေအရပင် ခံစားခွင့်အချို့ကိုလည်း ပေးရမှာဖြစ်ပါတယ်။ သီးခြားဥပဒေများ လိုအပ်ကောင်းလည်း လိုအပ်လာပါလိမ့်မယ်။ ထိုသူများကို မူရင်းနိုင်ငံကသော်လည်းကောင်း၊ တတိယနိုင်ငံတစ်ခုခုကသော်လည်းကောင်း လက်ခံမယ့်အခြေအနေတွေ ပေါ်ပေါက်လာဖို့အတွက် ကြိုးစားရမှာဖြစ်ပြီး အဲဒီလိုပေါ်ပေါက်လာပါက တရားဥပဒေနှင့်အညီ လွှဲပြောင်းပေးနိုင်ရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ရပါလိမ့်ဦးမယ်။ ဥပဒေနှင့်မညီညွတ်ပါပဲ နိုင်ငံသားဖြစ်နေမှုတွေ၊ မြေယာပိုင်ဆိုင်နေမှုတွေ စတဲ့ တရားဥပဒေစိုးမိုးမှုမရှိလို့ ဖြစ်ခဲ့ရတဲ့ကိစ္စရပ်တွေကို ဥပဒေအရပြန်လည်တည့်မတ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်ဖို့ လိုအပ်နေပါသေးတယ်။ ရခိုင်အရေးပြဿနာဟာ အချိန်ကာလကြာရှည်လာတဲ့အခါ တရားဥပဒေစိုးမိုးမှုမရှိခဲ့တဲ့အတွက် နိုင်ငံရေးပြဿနာအဖြစ်သာမက အရင်းအမြစ်မတူတဲ့လူမျိုးနှစ်ခုရဲ့ လူမျိုးရေးပဋိပက္ခအသွင်ကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ခေတ်အဆက်ဆက်သောအစိုးရတို့ရဲ့ ရပ်တည်ချက်ကြောင့် မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးကဏ္ဍမှာ နိုင်ငံတကာရဲ့ယုံကြည်မှုပျောက်ဆုံးခဲ့တာ ဆယ်စုနှစ်ပေါင်းများစွာ ရှိခဲ့ပါပြီ။ ထိုသို့သောအခြေအနေကို အခွင့်ကောင်းယူပြီး ရခိုင်ပြည်နယ်မှ ထိုပုဂ္ဂိုလ်များဟာ နိုင်ငံတကာမျက်နှာစာကိုအသုံးပြုပြီး ကျွန်မတို့နိုင်ငံကို ဘယ်လိုအပုပ်ချခဲ့တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အစိုးရများဘက်က ဘယ်လိုဖြေရှင်းခဲ့သည်ဖြစ်စေ ရလဒ်ကောင်းတစ်ခုကို မတည်ဆောက်နိုင်ခဲ့ပါဘူး။ နိုင်ငံရေး၊ စီးပွားရေးတွေမှာ လုံလောက်တဲ့အောင်မြင်မှုမရတဲ့အပြင် နိုင်ငံတကာရဲ့ယုံကြည်မှုကိုပါ ပျောက်ဆုံးတဲ့အခါ အစိုးရတစ်ရပ်အနေနဲ့ ရခိုင်အရေးကဲ့သို့သောပြဿနာကို ကိုင်တွယ်ရန်မစွမ်းတဲ့အပြင် အဆုံးသတ်ရန်နည်းလမ်းကိုလည်း ရှာဖွေနိုင်မယ့်အခြေအနေမှာမရှိနိုင်ပါဘူး။

ရခိုင်ပြဿနာရဲ့အရင်းအမြစ်နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ လုံလောက်တဲ့ပူးပေါင်းပါဝင်မှု၊ နိုင်ငံတကာရဲ့ သံသယကင်းတဲ့အမြင်နဲ့ လုံလောက်တဲ့ပူးပေါင်းဆောင်ရွက်မှုမပါဘဲ ကျွန်မတို့ ရခိုင်အရေးကိစ္စကဲ့သို့သော နိုင်ငံတကာနဲ့ဆက်စပ်နေတဲ့ပြဿနာကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့

ခဲယဉ်းပါလိမ့်မယ်။ ရခိုင်အရေးကဲ့သို့သော နိုင်ငံတကာနှင့်ဆက်စပ်နေတဲ့ပြဿနာကို သံကင်း၊ တမန်ကင်း နည်းလမ်းအရ ဖြေရှင်းတဲ့အခါ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နိုင်ငံတကာမှာ ဩဇာရှိတဲ့ခေါင်းဆောင်တစ်ယောက်ကို နိုင်ငံကပိုင်ဆိုင်ထားဖို့ လိုပါတယ်။ ဒီ သဘောတရားဟာ ကိစ္စပြီးမြောက်အောင်မြင်စေခြင်းရဲ့ အခြေခံအကြောင်းတရားတစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုခေါင်းဆောင်ပေါ်ပေါက်ဖို့ ကျွန်မတို့နိုင်ငံမှာ နှစ် ၃၀ မျှအချိန်ယူခဲ့ကြရတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ အခုအချိန်မှာ မြန်မာ့နိုင်ငံအရေးဟာ ဒီမိုကရက်တစ်အသွင်ကူးပြောင်းရေးကိုဦးတည်နေပြီး တိုင်းရင်းသားရေးကိစ္စကိုလည်း နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ အားလုံးဝိုင်းဝန်းကြိုးစားနေတဲ့အတွက် နိုင်ငံတကာရဲ့ထောက်ခံအားပေးမှုလည်း ရရှိနေတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ရခိုင်အရေးကိစ္စကို ဖြေရှင်းတဲ့အခါ ကျွန်မတို့ရဲ့အစိုးရ၊ တပ်မတော် အစရှိတဲ့ ပုဂ္ဂိုလ်တွေဟာ နိုင်ငံတကာမျက်နှာစာကို အသုံးပြုပြီး တင့်တင့်တယ်တယ် ထက်ထက်မြက်မြက် ပြန်လည်တုံ့ပြန်ဆောင်ရွက်တဲ့အခါ နိုင်ငံတကာမှ မလိုလားအပ်တဲ့ ဖိအားပေးမှုတွေကို ရှောင်ရှားဖို့ရန်အတွက် ပထမဦးဆုံး စတင်လိုက်တဲ့ခြေလှမ်းလို့သာ ယုံကြည်ပါကြောင်း ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်က ဖောင်းပြင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ တင်သွင်းတဲ့ အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ပိုင်းခြားစိတ်ဖြာဆွေးနွေးသွားမှာဖြစ် ပါတယ်။ အဆိုရှင်ရဲ့ အရေးကြီးအဆိုမှာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် နိုင်ငံခြားသား သုံးဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာ ရောက်စေပါတယ်လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။ Globalization ခေါ်တဲ့ ကမ္ဘာအနှံ့ဖြစ်စဉ် ကြီးထဲမှာ ပြည်တွင်းရေးနှင့် နိုင်ငံတကာရေးရာက ခွဲခြားလို့မရအောင် တစ်သားတည်းဆက်စပ်နေပါ တယ်။ ၂၀၁၂ ခုနှစ်က ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ပဋိပက္ခဟာ နိုင်ငံတကာမျက်နှာစာပေါ်ကို ရောက်သွားရတဲ့အထိ ဖြစ်ခဲ့တာဟာ အဆိုရှင်ရဲ့အသိပဲဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ ရခိုင်ပြည်နယ် ဆိုင်ရာအကြံပေးကော်မရှင်မှာပါတဲ့ ပုဂ္ဂိုလ်များကို ဂါနာနိုင်ငံသား၊ လက်ဘနွန်နိုင်ငံသား၊ နယ်သာလန်နိုင်ငံသူ စသည်အားဖြင့် နိုင်ငံခြားသား၊ နိုင်ငံခြားသူလို့

ဒီလိုသုံးသပ်သိမြင်ထားပုံရပါ တယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်အပိုဒ် ၂ မှာ အကြံပေးကော်မရှင် တွင် ဘက်လိုက်မှုကင်းသည့်၊ လူအများ လေးစားသည့်၊ အတွေ့အကြုံရင့်ကျက်သည့်၊ ထင်ပေါ်ကျော် ကြားသည့်ဆိုတဲ့နာမဝိသေသနတွေကို လျှစ်လျူရှုထားတာကိုတော့ တွေ့ရပါတယ်။ မြန်မာနိုင်ငံသား ခြောက်ဦးနှင့်အတူ နိုင်ငံတကာမှ ပုဂ္ဂိုလ်သုံးဦးတို့ရဲ့ ထင်ရှားတဲ့ ဂုဏ်ဒြပ်တွေကိုတော့ အသိအမှတ်ပြု ပေးရမှာဖြစ်ပါတယ်။ နောက်အဆိုရှင်ရဲ့အဆိုမှာ အကြံပေးကော်မရှင်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက် သုံးချက်လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် ရည်ရွယ်ချက် မဟုတ်ဘဲ အကြံပေးကော်မရှင်ကဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များဖြစ်ပြီးမှ ခွဲခြားစိတ်ဖြာကြည့်မယ် ဆိုရင် လုပ်ငန်းစဉ်(၄)ရပ်ရှိတာကို တွေ့ရပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင် ဖွဲ့စည်း ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က အပိုဒ် ၁ မှာ ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့် အရေးကိစ္စများကို ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများရရှိရေးအတွက် အကြံပြုပေးရန်ဆိုတာသည် အဓိက ရည်ရွယ်ချက်ဖြစ်ပါတယ်။ နောက်ပြီးတော့ အဆိုရှင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံခြား အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ စသည့် နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်လိုသည့်အတွက်လို့ ဒီလိုပြော ထားပါတယ်။ ဒါဟာ အကြံပေးကော်မရှင်ဖွဲ့စည်းခြင်းရဲ့ အဓိကရည်ရွယ်ချက်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကို တွေ့ရပါတယ်။ အစိုးရသစ်တက်လာပြီး လပိုင်းမျှသာရှိသေးတဲ့ သက်တမ်းအတွင်းမှာ အစိုးရသစ်သည် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး နှင့်ဖွံ့ဖြိုးရေးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပြီးဆောင်ရွက်နေတာ အသိပဲဖြစ်ပါတယ်။ နောက်ပြီးတော့ ကော်မရှင်အား နိုင်ငံခြားသား များကို ဦးဆောင်ပါဝင်စေခြင်းဖြင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခွင့်ပေးထားကြောင်း တွေ့ရပါသည်လို့ အဆိုရှင်ရဲ့အဆိုမှာ ပါဝင်ပါတယ်။ ဒီနေရာမှာ အကြံပေးခြင်းနှင့် ဝင်ရောက်စွက်ဖက်ခြင်းဟာ ဝေါဟာရအားဖြင့် လွန်စွာခြားနားပါတယ်။ အဆိုပါ နိုင်ငံခြားသားသုံးဦးဟာ ထင်ပေါ်ကျော်ကြားတဲ့ဂုဏ်သတင်းနှင့်ပြီးပြည့်စုံတဲ့ ပညာရှင်များ ဖြစ်သည်နှင့် အမျှ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေနှင့် နည်းဥပဒေများ နိုင်ငံတကာပဋိညာဉ်များရဲ့ အကန့်အသတ်ရှိမှုနှင့် မရှိမှုတွေကို နားလည်သဘောပေါက်ထားကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ နောက်အဆိုရှင်က ပြည်ပနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခံယူထားသူ များ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းအရာအပါအဝင် နိုင်ငံတကာဆက်နွယ်မှုတို့ကို သုံးသပ်သွားမည်ဆိုတဲ့အချက်အပေါ်မှာ အဆိုရှင်က ပြဿနာကြီးတစ်ရပ်ကို မီးမွှေးပေးလိုက်သကဲ့သို့ ဖြစ်နေ

ပါတယ် လို့ ဆိုထားပါတယ်။ အဆိုရှင်ဟာ ပင်ရင်းနိုင်ငံဆိုတဲ့အပေါ်မှာ သံသယရှိပုံရပါတယ်။ ၎င်းဒုက္ခသည်များရဲ့ ပင်းရင်းနိုင်ငံသည် မြန်မာနိုင်ငံလို့ အတိအကျဆိုလိုရင်းမဟုတ်ပါဘူး။ ရခိုင်ဒေသ၏ သမိုင်းကြောင်း ပထဝီအခြေအနေကို ထဲထဲဝင်ဝင်နားမလည်ဘဲ နိုင်ငံတကာသတင်းမီဒီယာများမှ တစ်ဆင့် သတင်းအလွဲအမှားများကိုသာသိရှိပြီးလို့ အဆိုရှင်တင်ပြရာမှာ အကယ်၍ သတင်းမီဒီယာများမှတစ်ဆင့် သတင်းအလွဲအမှားများကို သိထားပြီးသူများဖြစ်ပါက မိမိနိုင်ငံမှာလာရောက်ပြီး ထဲထဲဝင်ဝင်လေ့လာစူးစမ်းခွင့်ပေးလိုက်တဲ့အတွက် ရခိုင်ဒေသရဲ့အခြေအနေမှန်ကို သိရှိခွင့်ရသွားပြီး ကြီးမားတဲ့ အကျိုးရလဒ်တစ်ခုကိုလည်း ပေါ်ထွက်လာစေနိုင်ပါတယ်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပယောဂဝင်ရောက်ပူးကပ်နေသူများဦးဆောင်မည့်ကော်မရှင်လို့ အဆိုရှင်ရဲ့ အသုံးအနှုန်းကတော့ မဖွယ်ရာတဲ့ စကားအသုံးအနှုန်းဖြစ်ပါတယ်လို့ ဆိုပါရစေ။ ကော်မရှင်သည် ပြည်တွင်းရေးပြဿနာအား နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးခွင့်ရရှိသွားသဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွား ကိုပါ ထိခိုက်လာနိုင်သည်ဟု ရှုမြင်သုံးသပ်ရပါသည်လို့ အဆိုရှင်က တင်ပြထားပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၁ ရာစုပင်လုံညီလာခံမှာပြောသွားတာ ရှိပါတယ်။ နယ်စပ်လုံခြုံရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီး ကြောင်း ကမ္ဘာကြီး၏လုံခြုံရေးအတွက် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အပြန်အလှန်သုံးသပ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ လုံခြုံရေး အတွက် ကမ္ဘာကြီးနှင့်ပူးပေါင်းဆောင်ရွက်သွားရမယ်လို့လည်း ဒီလိုအပြန်အလှန်သုံးသပ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုအရ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စရာ အကြောင်းမရှိဘူးလို့ ဆိုချင်ပါတယ်။ ရခိုင်ပဋိပက္ခစုံစမ်းရေးကော်မရှင်ရဲ့ တင်သွင်းခဲ့တဲ့ အစီရင်ခံစာ ကို အဆိုရှင်ကထောက်ပြထားပါတယ်။ အဲဒီအစီရင်ခံစာမှာကြည့်မယ်လို့ဆိုလို့ရှိရင်လည်း အချက် ကိုးချက်ပါဝင်ပါတယ်။ အစီရင်ခံစာမှာ အေးချမ်းစွာယှဉ်တွဲနေထိုင်ရေးကိစ္စရပ်များကို ဖော်ဆောင်ရန် ဆိုတဲ့အချက်ကိုးချက်ပါဝင်ပါတယ်။ ဒီမှာတော့ အချိန်မရလို့ ကျွန်တော်အနည်းငယ်ပြောပြပါမယ်။ မြန်မာစာ မြန်မာစကားနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ပိုမိုတတ်မြောက်အောင်သင်ယူစေခြင်း၊ ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများအကြား လူမှုဆက်ဆံရေးပိုမိုထိတွေ့မှုရရှိစေရန်နှင့် အပြန်အလှန်နားလည် မှုရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံအပေါ် သစ္စာစောင့်သိမှုများ တိုးပွားလာစေရန် အလေ့အကျင့် သင်ကြားပေးခြင်း၊ ရသင့်ရထိုက်သည့် လူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေး ခြင်း၊ တရားမဝင်နေထိုင်သူများကို ကိုင်တွယ်ရာတွင် အစိုးရအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်

အရေးဆိုင်ရာသဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း စသဖြင့် လူ့အခွင့်အရေးဆိုင်ရာသဘောတူညီချက်ဆိုတဲ့စကားလုံးတွေကို အဆိုရှင် ဒီကော်မရှင်ရဲ့ အစီရင်ခံစာမှာ တွေ့မှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ သမ္မတကြီးဦးသိန်းစိန်ရဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ လူ့အခွင့်အရေးကြောင်းတွေပြောခဲ့ဖူးပါတယ်။ ထို့ကြောင့် ကျွန်တော့်အနေနဲ့ အဆိုကို အဆိုရှင်ရဲ့အဆိုကို ကန့်ကွက်ပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင်။ ပထမဦးစွာ အထူးအလေးအနက်ထားပြောကြားလိုတာကတော့ အဆိုရှင်အပါအဝင် ဆွေးနွေးကြတဲ့ကိုယ်စားလှယ် ၃၄ ဦးလုံးရဲ့ ရင်ထဲက ရခိုင်အရေး၊ ပြည်ထောင်စုအရေးအပေါ်မှာ အလေးအနက်ထားဆွေးနွေးမှုအပေါ် အထူးကျေးဇူးတင်ရှိပါတယ်။ ရခိုင်တိုင်းရင်းသားများရဲ့ စိုးရိမ်ပူပန်မှုတွေကို အပြည့်အဝစာနာနားလည်ပါကြောင်း ပြောကြားလိုပါတယ်ရှင်။ ယနေ့ ကျွန်မအနေနဲ့ အဆိုရှင် ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံရဲ့အဆိုကို ကျွန်မတို့ ရခိုင်တိုင်းရင်းသားများရဲ့အကျိုး၊ အမိပြည်ထောင်စုနိုင်ငံတော်ကြီးရဲ့အကျိုးကို ရည်သန်ပြီး ရခိုင်ပြည်နယ်အကြံပေးကော်မရှင်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ကိုဖီအာနန်အပါအဝင် ပြင်ပမှ ပညာရှင်ပုဂ္ဂိုလ်သုံးဦးပါဝင်မှုအပေါ် လိုအပ်ချက်အရလျော်ကန်သင့်မြတ်ပါသဖြင့် အလေးအနက်ထားကြိုဆိုထောက်ခံပါကြောင်းနှင့် မူလအဆိုရှင်ရဲ့အဆိုကို ကန့်ကွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျွန်မတို့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကျွန်မတို့ ရခိုင်တိုင်းရင်းသားများရဲ့အရေးဟာ မိမိတို့တိုင်းရင်းသားများအားလုံးရဲ့အရေး၊ တိုင်းပြည်ရဲ့အရေးဟု ယုံကြည်ပါသဖြင့် အဆိုရှင်ရဲ့တင်ပြချက်ထဲမှ ပြည်တွင်းပြဿနာအား နိုင်ငံတကာပြဿနာအဖြစ်ဖန်တီးခွင့်ရရှိသွားသဖြင့်ဟုဆိုရာ ယနေ့ ကျွန်မတို့ ရခိုင်ပြည်နယ်ကြီးထဲကို ပြည်ပမှ နည်းလမ်းပေါင်းမျိုးစုံဖြင့်ဝင်ရောက်လာနေသော မြန်မာနိုင်ငံသားမဟုတ်သည့်ပုဂ္ဂိုလ်များရဲ့အရေးဟာ ပြည်တွင်းရေးဟုတ်ပါသလား။ ပြည်တွင်းရေးဟု သတ်မှတ်ပါမည်လားဆိုတာကို အလေးအနက်ထား ပြန်လည်သုံးသပ်စေချင်ပါတယ်ရှင်။ ယနေ့အချိန်မှာဆိုရင်ဖြင့် ကမ္ဘာဟာ ရွာကြီးတစ်ရွာလို့ တင်စားလာကြတာ

ဟာ ပုံပြင်မဟုတ်ပါဘူးရှင်။ တိုးတက်ခေတ်မီလာတဲ့ နည်းပညာများနှင့်အတူ သတင်းအချက်အလက် စီးဆင်းမှု၊ အယူဝါဒလွှမ်းမိုးမှုတွေဟာ အင်မတန်မှကြီးမားလာနေတယ်ဆိုတာကို လျစ်လျူရှုလို့မရပါဘူးရှင်။ ဒါကြောင့် မိမိတို့ပြည်တွင်းမှ ပညာရှင်များမည်မျှပင်ရှိစေကာမူ မူလကော်မရှင်ရဲ့ တာဝန်များအား ဖော်ပြထားရာတွင်လည်း ကော်မရှင်အနေဖြင့် ပြည်ပနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခံယူသူများ၏ ပင်ရင်းနိုင်ငံနှင့်နောက်ခံအကြောင်းအရာပါဝင် နိုင်ငံတကာဆက်နွယ်မှုတို့ကိုလည်း သုံးသပ်သွားမည်ဟု ဆိုသည့်အချက်ဟာ ယနေ့ ကျွန်မတို့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဒုက္ခသည်များရဲ့အရေးနှင့် ထိုအရေးကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့အချက်ဖြစ်ပြီး ဒီလိုဖြေရှင်းရန်အတွက် ကျွန်မတို့ပြည်တွင်းမှ တတ်သိပညာရှင်များရဲ့အားနဲ့ မည်မျှပင်ဖြေရှင်းစေကာမူ ဘက်လိုက်မှုကင်းသည်ဟု အများက ယုံကြည်လက်ခံပါမည်လား ကျွန်မအနေဖြင့် ဒီအချက်ကို အလေးအနက်ထားစဉ်းစားစေချင်ပါတယ်ရှင်။ ဒါကြောင့် သမိုင်းကြောင်းလှပြီး နိုင်ငံတကာမှ ယုံကြည်လေးစားလက်ခံနိုင်သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် မစ္စတာကိုဖီအာနန်၏ သံတမန်ရေးရာအတွေ့အကြုံနှင့် စွမ်းဆောင်နိုင်မှုများအား အသိအမှတ်ပြုလက်ခံသင့်ပါကြောင်း ပြောကြားလိုပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့အဆိုမှာပါတဲ့ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံတော်လုံခြုံရေးအတွက်ကိုလည်း အထူးစိုးရိမ်စရာမရှိသည်ကို နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးမှလည်း ကော်မရှင်ရဲ့အခန်းကဏ္ဍဟာ အကြံပေးခြင်းသာပြုနိုင်ပြီး ကျန်သည့်ကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနှင့်အညီ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အတိအလင်းပြောကြားခဲ့ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံရဲ့ ရာဇဝတ်ဥပဒေပုဒ်မ ၂ မည်သူမဆို မြန်မာနိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားပင်ဖြစ်စေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ထုတ်ပြန်ထားသည့် တရားဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန်လည်း တာဝန်ရှိပေသည်။ ပြစ်မှုကျူးလွန်သူ မည်သူမဆို ခြားနားမှုမရှိဘဲ ပြစ်ဒဏ်ကျခံရမည်ဟု အတိအလင်းပြဋ္ဌာန်းထားသည့်အတွက် အချုပ်အခြာအာဏာကို ဘယ်လိုမှထိပါးလို့မရသလို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် မစ္စတာကိုဖီအာနန်အပါအဝင် ပြည်ပပညာရှင်ပုဂ္ဂိုလ်သုံးဦးတို့ရဲ့ သံတမန်အတွေ့အကြုံအရ မိမိတို့ရဲ့ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံ၏အရေးကို ဝင်ရောက်စွက်ဖက်မည်မဟုတ်သကဲ့သို့ လုပ်ဆောင်ရာတွင်လည်း ပြည်တွင်းမှ ပညာရှင်ဖြစ်သည့် ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းကြီးရဲ့ဥက္ကဋ္ဌ ဒေါ်ခင်စောတင့်နှင့်အတူ

ရခိုင်တို့ရဲ့သမိုင်းကြောင်း၊ ဌာနေတိုင်းရင်းသားတို့ရဲ့သမိုင်းကြောင်း မြေပြင်ရဲ့ပကတိဖြစ်စဉ်အနေအထားတွေကို သမာသမတ်ကျကျ ဘက်လိုက်မှုမရှိဘဲ ရှာဖွေဖော်ထုတ်နိုင်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံသာမက ကမ္ဘာသို့ပါ ရခိုင်တို့ရဲ့သမိုင်းကြောင်းအခြေအနေမှန်ကို ချပြခွင့်ရသွားမှာဖြစ်ပါတယ်ရှင်။ ထို့အတူ ကော်မရှင်ရဲ့တာဝန်များ အပိုဒ် ၄ ပါ ကော်မရှင်အနေဖြင့် သက်ဆိုင်သူများနှင့် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီးနောက် ရှာဖွေတွေ့ရှိချက်များနှင့် လေ့လာသုံးသပ်အကြံပြုချက်များပါဝင်သည့် အစီရင်ခံစာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် မြန်မာနိုင်ငံအစိုးရထံတင်ပြမည်ဖြစ်ပြီး ပြည်သူလူထုသိရှိနိုင်ရေးအတွက်လည်း အစီရင်ခံစာကို ထုတ်ဝေဖြန့်ချိမည်ဖြစ်ပါသည်ဟု အတိအလင်းဖော်ပြထားပါသဖြင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်ဟာ ကျွန်မတို့ပဲဆိုတာ သေချာတဲ့အတွက် အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံတော်လုံခြုံရေးကို မည်သို့မှမထိခိုက်နိုင်ပါကြောင်း ဆွေးနွေးလိုပါတယ်ရှင်။

နိဂုံးချုပ်အနေဖြင့် ကျွန်မတို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှာ ၂၁ ရာစုပင်လုံညီလာခံကြီးရဲ့ ကျေးဇူးတင်မိန့်ခွန်းတွင် ပြဿနာရှိနေတာက စိုးရိမ်စရာမဟုတ်ပါကြောင်း၊ ပြဿနာမရှိယောင်ဟန်ဆောင်တာကသာ စိုးရိမ်စရာဖြစ်ပါကြောင်းဟု အလေးအနက်ထားပြောကြားခဲ့သလို မိမိတို့အစိုးရမှ လူထုရဲ့ရှေ့မှခံစရာရှိမည်ဆိုပါက ခံပါမည်။ နောက်မှ ကာ၍ခံရလျှင်လည်း ခံပေးပါမည်ဟု အတိအလင်းပြောဆိုထားသည့် အမျိုးသားအကျိုးစီးပွားနှင့်နိုင်ငံတော်လုံခြုံရေးကို ထိခိုက်ခံမည်မဟုတ်သော နိုင်ငံတော်ကို ဦးဆောင်သွားမည့်ပုဂ္ဂိုလ်များရဲ့ စိတ်စေတနာကို ယုံကြည်သည်။ ကျွန်မတို့ညီနောင်တိုင်းရင်းသားများအားလုံးဟာ ရခိုင်အရေး ပြည်ထောင်စုအရေးအဖြစ် အားလုံးညီညီညာညာလက်တွဲဖော်ဆောင်ရမှာဖြစ်ပြီး ဒီလိုဖော်ဆောင်ရာတွင်လည်း ပြည်ပရောက် ကျွန်မတို့ တိုင်းရင်းသားမောင်နှမများနှင့် နယ်စပ်ဒေသများတွင် ခိုလှုံနေကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအတွက် စဉ်းစားပြီး နိုင်ငံတကာအသိအမှတ်ပြု ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ကိုဖီအာနန်အပါအဝင် ပြည်ပမှ ပုဂ္ဂိုလ်သုံးဦးအား ရခိုင်အကြံပေးကော်မရှင်တွင်ပါဝင်သဖြင့် တင်သွင်းသော အဆိုရှင်၏ အဆိုအား လေးလေးနက်နက်ကန့်ကွက်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ အားလုံးကိုလေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမဲဆန္ဒနယ် ရခိုင်ပြည်သူတွေရဲ့ကိုယ်စားလှယ်ပါ။ ကျွန်တော် ရခိုင်ပါတီကပါ။ ကျွန်တော်တို့ ပါတီဟာ ပြည်သူ့လွှတ်တော်မှာ ၁၇ နေရာမှာ ၁၂ နေရာနိုင်တယ်။ အမျိုးသားလွှတ်တော်မှာ ၁၂ နေရာမှာ၁၀ နေရာ။ ပြည်နယ်မှာ ၃၄ နေရာမှာ ၂၃ နေရာနိုင်တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အများစုနိုင် တယ်။ ဒါကြောင့် ကျွန်တော်တို့ ရခိုင်ပြည်သူတွေကို ကိုယ်စားပြုပါတယ်။ အဲဒီတော့ ကျွန်တော် စဉ်းစားတာက ဒီလောက်အင်မတန်အရေးကြီးပါတယ်ဆိုတဲ့ ရခိုင်ပြဿနာကို စဉ်းစားတဲ့ အခါမှာ ဒီ NLD က Marginalization ပါ။ ခေါင်းဆောင်တွေက ကျွန်တော်တို့ကို ဘာဖြစ်လို့ Dialogue Partner လို့မသတ်မှတ်တာလဲ။

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးစရာရှိတာဆွေးနွေးပါ။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမပြောပါနဲ့။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ကျွန်တော်စကားပြောတာကို အနှောင့်အယှက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး တော်မှုကြားဖြတ်ပြောပါ။

**ဥက္ကဋ္ဌ**။ ။ ဒါ ကျွန်တော့် လုပ်ပိုင်ခွင့်ပါ။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ နောက်တစ်ခုက မနေ့က ပါတီနဲ့တွေ့တော့ မစ္စတာကိုဖီအာနန်ကပြောပါတယ်။ ဒီကော်မတီမဖွဲ့ခင် သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေက ရခိုင်ပါတီနဲ့ ဆွေးနွေးလိုက်ပါလို့ အကြံပေးပါတယ်။ မဆွေးနွေးပါဘူးခင်ဗျာ။ အဲဒီတော့ ဒါဟာ ကျွန်တော်တို့ကို Dialogue Partner လို့မသတ်မှတ်ဘူးဆိုတာဟာ ကျွန်တော်တို့အတွက် ဒီဟာကို လက်ခံနိုင်စရာမရှိဘူး။ နောက်တစ်ခုက ကျွန်တော်တို့ ဒီမှာနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို ရှာပြီးဖတ်ကြည့်ကြပါ။ ကျွန်တော်တို့ဒီမှာ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် ငါးချက်ထဲမှာ ကော်မရှင်ဖွဲ့စည်းတယ်ဆိုတာမပါပါဘူး။ ဥပဒေရဲ့အပေါ်ကို ရောက်နေပါတယ်။ ဒါကြောင့် ဒီကော်မရှင်ဟာ ကျွန်တော့်အမြင်ကတော့ ဒါ Legitimacy မဖြစ်ဘူးဆိုတဲ့တစ်ချက်၊ နောက်တစ်ချက်က နိုင်ငံခြားသားသုံးယောက်ပါတယ်။ NLD ကဖြစ်ဖြစ်၊ ချင်းပဲဖြစ်ဖြစ်၊ ဗမာပဲဖြစ်ဖြစ်၊ ကရင်ပဲဖြစ်ဖြစ်ထည့်ပါ။ နိုင်ငံတကာ အသိအမှတ်ပြုတဲ့ ပညာရှင်တွေအများကြီးရှိပါတယ်။ ကျွန်တော်တို့ အဲဒီတော့ နိုင်ငံခြားသားတွေခေါ်ပြီး၊ ပင့်ပြီးထည့်တယ်ဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ဂုဏ်သိက္ခာ အများကြီးထိခိုက်ပါတယ်။ မစ္စတာကိုဖီအာနန်ဟာ နိုဘယ်(လ်)ဆုရတယ်။ ကိုဖီအာနန် နိုဘယ်(လ်)ဆုရပေမယ့် အခုကမ္ဘာကြီးမှာ ဘာဖြစ်နေသလဲ။ လေ့လာကြည့်ကြပါ။ နောက်တစ်ခုက UN ရန်ပုံလီလာတော့ ရခိုင်ပြည်ကို ပြဿနာ

သယ်လာတဲ့အတွက်ကြောင့် ရခိုင်ပြည်သူတွေဟာ ရန်ဟီလီကို အလိုမရှိဘူးလို့ပြောခဲ့တယ်။ အဲဒီတော့ UN ကိုလည်း သိပ်အကောင်းမထင်ပါနဲ့။ ကောင်းတာရှိသလို UN မှာ Advocacy Lobby တွေဝင်ထားတဲ့အတွက် OIC နဲ့ UN နဲ့ဘယ်လို Link ရှိတယ်ဆိုတာလည်း လေ့လာဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့က စိုးရိမ်လို့ပြောနေတာပါ။ ကျွန်တော်တို့ရင်ထဲမှာ စိုးရိမ်စိတ်ကို စာနာပါတယ်။ ပြည်ထောင်စုသားဆိုတာမျိုးတော့ မလုံလောက်ပါဘူးလို့ ကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ချက်က ဒါအရေးကြီးဆုံးအချက် Rule of Law။ ကျွန်တော်တို့ တိုင်းပြည်မှာ ဥပဒေဆိုတာဟာ အချုပ်အခြာအာဏာရဲ့အစိတ်အပိုင်းပဲ။ ဒီဟာကို အကုန်လုံးလိုက်နာရမယ်။ ကျွန်တော်တို့ ရခိုင်ပဲဖြစ်ဖြစ်၊ တိုင်းရင်းသားပဲဖြစ်ဖြစ်၊ တိုင်းရင်းသားမဟုတ်တဲ့သူပဲဖြစ်ဖြစ်၊ အဲဒီတော့ တိုင်းရင်းသားမဟုတ်တဲ့သူတွေက ဥပဒေကိုမနာခံတဲ့အခါမှာ ဥပဒေနဲ့ပဲ ကျွန်တော်တို့လုပ်ရပါလိမ့်မယ်။ အဲဒီလိုဆိုရင် မြန်မာပြည်ဟာဘာဖြစ်လဲဆိုတော့ အခုအစိုးရသစ်လက်ထက်မှာလည်း Rule of Law မရှိဘူးဆိုတာ ဝန်ခံရာကျနေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဘယ်နိုင်ငံခြားသားကိုမှ အားကိုးစရာမလိုဘူး။ ကျွန်တော်တို့ ပြည်သူတွေ၊ ရခိုင်ပြည်သူတွေနဲ့ တိုင်းရင်းသားပြည်သူတွေ ကျောချင်းကပ်ပြီးတော့ ဒီပြဿနာကိုဖြေရှင်းလို့ရပါတယ်။ နိုင်ငံခြားပုဂ္ဂိုလ်တွေခေါ်ပြီးတော့ ကူပါ၊ ကယ်ပါပြောစရာမလိုဘူးလို့ ကျွန်တော်ထင်တဲ့အတွက်ကြောင့် ဒီနိုင်ငံခြားသားပါဝင်မှုကို ကန့်ကွက်ရတာဖြစ်ပါတယ်။ ဗမာတွေထည့်ပါ။ NLD က ကိုယ်စွမ်းကိုယ်စရှိတဲ့သူတွေထည့်ပါ။ အဲဒါကို ပြောချင်ပါတယ်။ နောက်တစ်ချက်က ရခိုင်ပြဿနာဟာ ဘူးသီးတောင်၊ မောင်တောမှာ အဲဒီ ဘာမှန်းမသိတဲ့လူသားတွေရဲ့ Population ဟာ ချင်းပြည်နယ်လူဦးရေရဲ့ နှစ်ဆရှိပါတယ်။ နောက်ကွယ်မှာ အင်မတန်စိုးရိမ်ဖို့ကောင်းပါတယ်။ အဲဒီတော့ ဒါကို ဒီစိုးရိမ်စိတ်ဟာ ကျွန်တော်တို့ ရခိုင်မှာရှိတယ်ဆိုတာ။ ကျွန်တော်တို့ ပြဿနာတွေကို ခြေခြေမြစ်မြစ်သိတယ်။ ဒီကော်မတီကလာတဲ့သူတွေဟာ Research Methodology နဲ့လုပ်လိမ့်မယ်။ မှန်တယ်။ သိပ္ပံပညာမှာ ရချင်ရပါလိမ့်မယ်။ ဒီနေရာမှာ ဒါဟာနိုင်ငံရေးပြဿနာပါ။ ကျွန်တော်တို့ရဲ့စိတ်ခံစားမှုတွေ၊ ကျွန်တော်တို့ရဲ့ သမိုင်းကြောင်းဆိုင်ရာတွေ ဒီလူတွေ ဘယ်လောက်နားလည်မလဲ။ အဲဒီလိုသာနားလည်တမ်းဆိုရင် ကမ္ဘာကြီးမှာ စစ်ပျောက်သွားတာကြာပါပြီ။ အဲဒီတော့ ဒီလောက်ရှုပ်ထွေးတဲ့ပြဿနာကို ဒီလူတွေလာတယ်။ ဒီလူတွေနဲ့ OIC ကြားထဲမှာ ဘယ်လို Link ရှိသလဲ။ အင်မတန်စိုးရိမ်ဖို့ကောင်းတဲ့ကိစ္စတွေပါ။ အဲဒါကြောင့် ကျွန်တော်တို့က ကိုယ့်ပြည်တွင်းရေးပြဿနာမှာ ပြည်တွင်းပြည်ပဖြစ်တဲ့ပြဿနာဆိုတာက သူတို့က ဒီပြဿနာကို ဆွဲတင်တာ။ နိုင်ငံတကာကို ဆွဲတင်တာ။ ပြဿနာကြီးတစ်ခုကို ဆွဲတင်တာ။ သူတို့နောက်မှာ တကယ့်

Real Motive တွေအများကြီးရှိတယ်။ အဲဒီတော့ အခုဖြစ်တဲ့ပြဿနာက ဒီကော်မရှင်ဖွဲ့လိုက်တာက ကျွန်တော်က သူခိုးကို ဓားရိုးကမ်းသလိုဖြစ်သွားပြီ။ တကယ်က ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေ ကျောချင်းရင်ချင်းကပ်ပြီးတော့ ကျွန်တော်တို့ သတ္တိရှိရှိရင်ဆိုင်ရမှာ။ ဥပဒေလွှမ်းမိုးမှုလုပ်ရမယ်။ ဒီအစိုးရရဲ့ဦးဆောင်မှုအောက်မှာ အဲဒီလိုတွေလုပ်ရမယ့်အစား နိုင်ငံခြားကလူတွေကို ပညာရှင်ပါ။ ဘာပါ။ ညာပါဆိုပြီးခေါ်တာ ကျွန်တော်တို့အတွက် သိက္ခာလည်းကျပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုစိတ်ဓာတ်ကင်းမဲ့ရာလည်းကျပါတယ်။ ကျွန်တော်တို့ပြည်တွင်းပြဿနာကို ကျွန်တော်တို့ ပြည်တွင်းကပြည်သူတွေနဲ့ ကျောချင်းကပ်ပြီး ပြတ်ပြတ်သားသားရင်ဆိုင်တာကိုပဲ ကျွန်တော်တို့က လိုချင်ပါတယ်။ အဲဒါအတွက်ကြောင့် ဒီကော်မတီကို ကန့်ကွက်ရတာဖြစ်ပါတယ်။ ပထမအချက်က ကျွန်တော်တို့ဟာ Legitimacy နဲ့မညီဘူး။ ကျွန်တော်တို့ဟာ Democratic Ethic အရ ကျွန်တော်တို့ကို Dialogue Partner လို့မသတ်မှတ်ဘူး။ ဒါဟာ ဒီမိုကရေစီစံနှုန်းတွေကို တန်ဖိုးမထားတာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီဥပဒေရဲ့ဘောင်ကို ကျော်နေပါတယ်။ နောက်တစ်ချက်က နိုင်ငံတကာလည်းပါလာတဲ့အတွက်ကြောင့်၊ စိုးရိမ်စရာတွေရှိနေတဲ့အတွက်ကြောင့် ဒါကို ကျွန်တော်တို့ ကန့်ကွက်နေရခြင်းဖြစ်ပါတယ်။ အဲဒီတော့ နောက်ဆုံးအနေနဲ့ကတော့ ကျွန်တော်တို့ရခိုင်ဟာ တကယ့်အင်မတန်ကြောက်စရာကောင်းတဲ့ Islamization ရဲ့ခြိမ်းခြောက်မှုကို ကြုံနေရပါတယ်။ ဒါဟာ မြန်မာပြည်သူလူထုတစ်ရပ်လုံးနဲ့ဆိုင်တယ်။ အရင်ကဆိုရင်တော့ Burmanization ရှိတယ်။ ဒါပေမဲ့ ဒီအချိန်မှာတော့ Burmanization ဟာမှိန်လာပြီ။ ရှိသေးတယ်။ အဲဒီတော့ Islamization နဲ့ Burmanization ကြားမှာ ရပ်နေတဲ့ ရခိုင်ပြည်သူတွေရဲ့ဘဝကို ကျွန်တော်တို့ အသိဆုံးပါ။ ကျွန်တော်နှင့်တွဲပြီးဖြေရှင်းပါဆိုတာကို လေးလေးနက်နက်ပြောချင်ပါတယ်။ ဒါပါပဲ။ လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပြီး နေ့လယ်တစ်နာရီအချိန်မှာ အစည်းအဝေး ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁) နာရီခန့် ခေတ္တရပ်နားပါသည်။]

**မှူကြမ်း**

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ တနင်္သာရီတိုင်းဒေသကြီး ...

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအောင်ကျော်ဇံရဲ့အဆိုကို လူမျိုးစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အတ္တစွဲကင်းစွာနဲ့ ဝေဖန်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ရခိုင်ပြည်နယ်အရေးဟာ ပြည်တွင်းရေးဖြစ်တယ်လို့ သုံးသပ်တင်ပြထားပါတယ်။ ဒီသုံးသပ်မှုဟာ လွဲမှားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရခိုင်တိုင်းရင်းသားတွေကိုယ်တိုင် ရခိုင်ပြည်နယ်မှာ တရားမဝင်နေထိုင်သူတွေရှိနေတယ်လို့ တဖွဖွပြောဆိုနေခြင်းဟာ ရခိုင်ပြည်နယ်အရေးဟာ ပြည်တွင်းရေးမဟုတ်ဘူးဆိုတာ ထင်ရှားနေပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်မှာရှိတဲ့ ဘင်္ဂါလီလူမျိုးတွေကို နာမည်တစ်ခုအမည်တပ်ပြီးတော့ နိုင်ငံသားအခွင့်အရေးပေးရမယ်ဆိုတဲ့ကိစ္စဟာ နိုင်ငံတကာအသိုင်းအဝိုင်းမှာ လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ပြဿနာဆိုတာ အားလုံးသိမှာပါ။ ရခိုင်ပြည်နယ်အရေးဟာ ပြည်တွင်းရေးထက်ပိုမိုတဲ့ ဒေသတွင်းနိုင်ငံများအရေးဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ဖက်က လူဦးရေဖောင်းပွတဲ့ နိုင်ငံနဲ့ဆက်စပ်နေသလို Boat People လို့ခေါ်တဲ့ လှေစီးဒုက္ခသည်တွေ အရေးမှာလည်း နိုင်ငံတကာအဖွဲ့အစည်းတွေက မြန်မာနိုင်ငံအပေါ်မှာ အထင်အမြင်လွဲမှားမှုတွေရှိတယ်ဆိုတာ အားလုံးသိကြမှာပါ။ အဲဒီတော့ ဒီကိစ္စဟာ ပြည်တွင်းရေးမဟုတ်တော့ဘဲ နယ်မြေကျူးကျော်မှုနဲ့ လူမျိုးရေးပဋိပက္ခအဆင့်ထိရောက်နေပြီးတော့ ဖွဲမီးလို တငွေ့ငွေ့လောင်ကျွမ်းနေပါတယ်။ ဒါကြောင့် ရခိုင်အရေးဟာ နိုင်ငံတကာဖိအားတွေရှိနေတယ်ဆိုတာ ကျွန်တော်တို့ ငြင်းပယ်လို့မရပါဘူး။ ဒါပေမဲ့ ဒီဖိအားတွေကို အလျှော့ပေးဖို့ ကျွန်တော်ပြောနေတာမဟုတ်ပါဘူး။ ကျွန်တော်တို့တိုင်းပြည်ဟာ ဆင်းရဲမွဲတေမှု ဝဲဂယက်ထဲက ရုန်းထဖို့ကြိုးစားနေတဲ့ ဒီလိုအချိန်မှာ ပိနေတဲ့၊ ဖိနေတဲ့ဖိအားတွေကို လိမ္မာ

ပါးနပ်စွာ ဖယ်ရှားနိုင်ဖို့ လိုပါတယ်။ ရခိုင်ပြည်နယ်အရေးကို ဒီကော်မရှင်နဲ့ဖြေရှင်းတာဟာ နိုင်ငံတကာဖိအားတွေကို လိမ္မာစွာ၊ ပါးနပ်စွာ ဖယ်ရှားနေခြင်းလို့ ကျွန်တော်ထင်ပါတယ်။

အဆိုရှင်က နောက်တစ်ချက်တင်ပြထားပါသေးတယ်။ ကော်မရှင်ရဲ့ထုတ်ပြန်ချက်မှာပါတဲ့ ပြည်ပနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခံယူထားသူများ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းတရား အပါအဝင် နိုင်ငံတကာဆက်စပ်မှုတို့ကို သုံးသပ်သွားမည်ဟု ဖော်ပြထားတာကို အဆိုရှင်က စိုးရိမ်ပုံ ရပါတယ်။ နောက်ထပ်ပြဿနာကြီးတစ်ခု မီးမွှေးပေးလိုက်သလိုဖြစ်မယ်လို့ သုံးသပ်တင်ပြထားပါ တယ်။ ဒါလည်း စိုးရိမ်စရာမလိုဘူးလို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ပနိုင်ငံများမှာ ဒုက္ခသည်အဖြစ် ခံယူထားသူများ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းတရားဆိုတာ သူတို့ ဆင်းသက်လာခဲ့တဲ့နိုင်ငံနဲ့ မျိုးရိုးဇာတိကို ပြောတာပါ။ ရှင်းအောင်ပြောရရင် အခြားနိုင်ငံသားနဲ့ လူမျိုးဖြစ်နေရင် မြန်မာနိုင်ငံနဲ့ လုံးဝမဆိုင်ဘူးဆိုတာကို ကမ္ဘာကသိစေချင်လို့ ဒါကိုထည့်သွင်းထုတ်ပြန် ထားတယ်လို့ ထင်ပါတယ်။ နောက်ပြီး အဆိုရှင်က နိုင်ငံတော်လုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာနိုင်တယ်လို့ ရှုမြင်သုံးသပ်ထားပါတယ်။ ဒါကိုလည်း စိုးရိမ်စရာမလိုဘူးလို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကော်မရှင်ဖွဲ့စည်းမှုနဲ့ပတ်သက်ပြီးတော့ ရခိုင်ဒေသရှိပြည်သူများ၏ လုံခြုံရေး နှင့်အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေးကိစ္စများကို စဉ်းစားဆောင်ရွက်မည်ဖြစ်ပါ သည်ဟု ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒီရခိုင်ပြည်သူတွေရဲ့လုံခြုံရေးဆိုတာ အမျိုးသားရေးနဲ့ နိုင်ငံတော်လုံခြုံရေးကို ညွှန်းဆိုတာလို့ ထင်ပါတယ်။ ဒီကော်မရှင်က အကြံပြုချက်ပဲ ပေးရမှာပါ။ ပြည်တွင်းရေးကို စွက်ဖက်လို့မရပါဘူး။ အချုပ်အခြာအာဏာကို ထိပါးလို့မရပါဘူး။ ဒါကို အချုပ်အခြာအာဏာကို ထိပါးတယ်၊ အမျိုးသားအကျိုးစီးပွားကို ထိခိုက်တယ်ထင်ရင်တော့ နောက်ကျ သွားပြီလို့ ကျွန်တော် ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရခိုင်ဒေသမှာ နိုင်ငံခြားသားတွေ ဆိပ်ကမ်းတွေတည်ဆောက်၊ ပိုက်လိုင်းတွေဆောက်ပြီးတော့ နှစ်ရှည်အထိုင်ချ လုပ်ကိုင်နေကြတယ် ဆိုတာ ရခိုင်တိုင်းရင်းသားတွေ အသိဆုံးပါ။ ဒါကြောင့် ရခိုင်အရေးနဲ့ပတ်သက်ပြီးတော့ အကြံပဲပေး မယ့်အဖွဲ့ကို နိုင်ငံတော်လုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်မှာစိုးပြီး ကန့်ကွက်တာဟာ သဘာဝမကျဘူးလို့ ထင်ပါတယ်။

နောက်ပြီး အဆိုရှင်က ကော်မရှင်ကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဇောင်းပေးပြောဆိုလာ မယ်ဆိုတဲ့ အသုံးအနှုန်းကို သုံးထားပါတယ်။ ဒါက ဘာကိုပြောသလဲဆိုရင် ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းမယ်ဆိုရင် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ရှေ့တန်းမတင်ပါနဲ့လို့ ဆိုလိုချင်တာထင်ပါတယ်။

**မူကြမ်း**

ဘာပဲဖြစ်ဖြစ် အခုကျွန်တော်တို့နိုင်ငံလျှောက်လှမ်းနေတာက ဒီမိုကရေစီပန်းတိုင်ပါ။ ဒီမိုကရေစီပန်းတိုင်ကို မျှော်မှန်းတယ်ဆိုရင်တော့ လူ့အခွင့်အရေးဆိုတာ ခေါင်းနဲ့ပန်းလို တစ်ပါတည်း ပါလာမှာပါ။ ခွဲခြားထားလို့ မရပါဘူး။ အာဏာရှင်စနစ်ကို ပြန်မရောက်ချင်ဘူးဆိုရင်တော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို လေးစားဖို့လိုတယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့် ရခိုင်အရေးကို ဖြေရှင်းမယ်ဆိုရင် အမျိုးသားရေးနဲ့ နိုင်ငံတော်လုံခြုံရေးကိစ္စတွေကို အလေးထားရမှာဖြစ်သလို လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှု ရှုထောင့်တွေကနေ ဘယ်လိုသိမ်မွေ့စွာကိုင်တွယ်ဖြေရှင်းမလဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပြောချင်တာကတော့ အကြံပဲပေးမယ့် ကော်မရှင်ကို ကန့်ကွက်နေမည့်အစား ဝိုင်းဝန်းဝန်းရံပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နဲ့ ပတ်သက်တဲ့အဆိုကို လားရာဦးတည်ချက်မတူတဲ့ ရှုထောင့်ကနေ တင်ပြသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဆိုတာနဲ့ ကျွန်တော်တို့မူလတန်းကျောင်းသားဘဝတုန်းက ပထဝီပုံနှိပ်ဖတ်စာအုပ်ထဲက တိုင်းရင်းသားပုံတွေကိုကြည့်ပြီး လူမျိုးနာမည်ဖော်တမ်း ပြိုင်ခဲ့ကြတာကို သတိရမိပါတယ်။ ဘောင်းဘီပွပွနဲ့ အိုးစည်လွယ်ထားရင် ရှမ်းလူမျိုး၊ ဓားလွယ်ကိုင်ပြီးကနေရင် ကချင်လူမျိုး၊ အမျိုးသမီးကျောမှာ ဝတ်ရုံနဲ့ဆိုရင် ကယားလူမျိုး အစရှိသဖြင့် ခွဲခြားကြပြီး အမျိုးသားက ဗမာလိုခေါင်းပေါင်း၊ တိုက်ပုံ၊ အမျိုးသမီးက ပုဝါကို တစောင်းခြုံထားပြီး ဗမာနဲ့ဆင်တူရင် ရခိုင်လူမျိုးဆိုပြီး ရွေးချယ်ခဲ့ကြတာပါ။ ဆိုလိုတာက ရခိုင်လူမျိုးဟာ ဗမာလူမျိုးနဲ့ ဝတ်တာစားတာအလွန်ဆင်တူပြီး ကိုးကွယ်ရာဘာသာက အစ တူညီတယ်လို့ ပြောလိုခြင်းဖြစ်ပါတယ်။ ရခိုင်လူမျိုးများကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ အကြပ်အတည်းတွေဟာ ကျွန်တော်တို့တစ်မျိုးသားလုံးရဲ့ အခက်အခဲလို့ပဲ ခံယူမိပါတယ်။ မြန်မာပြည်မြေပုံကို လူတစ်ယောက်လို့တွေးရင် ရခိုင်ပြည်နယ်ဟာ ခန္ဓာကိုယ်ရဲ့ယာဘက်ဝမ်းဗိုက်ပိုင်းလို့ နားလည်မိပါတယ်။ ဝမ်းဗိုက်ပိုင်းနေမကောင်းရင် ခန္ဓာကိုယ်တစ်ခုလုံးနေမကောင်းတာပါပဲ။ အဲဒီလိုပဲ မြန်မာပြည်ရဲ့

ဘယ်ပြည်နယ်မှာပဲဖြစ်ဖြစ် မြန်မာနိုင်ငံသားအားလုံးရဲ့ အရေးလို့သဘောပေါက်ပြီး ဘယ်အစိတ်အပိုင်းကိုမှ ချန်ထားလို့မရကောင်းဘူးလို့ ယုံကြည်မိပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ရခိုင်ပြည်နယ်မှာ ရင်ဆိုင်ကြုံတွေ့နေတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် အမှူးပြုတဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့တာလည်း အားလုံးအသိဖြစ်ပါတယ်။ အဲဒီ ကော်မတီအနေနဲ့ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့အတွက် အကြောင်းအရာ၊ အချက်အလက်တွေ များစွာမှ လိုအပ်လာပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်အရေးဟာ လွန်စွာမှ အကဲဆတ်ပြီး တစ်ချက်လေးမှ အမှားမခံတဲ့ကိစ္စဖြစ်တဲ့အတွက် ကူညီဖြေရှင်းပေးကြမယ့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တို့ဟာ ဦးနှောက်ကြီးကြီး၊ အတွေးအမြင်ကျယ်ကျယ်နဲ့ ရှုမြင်တတ်ဖို့ အထူးလိုအပ်လှပါတယ်။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးမောင်မောင်အုန်းရဲ့ အကြံပြုချက်ဖြစ်တဲ့ ရခိုင်ပြည်နယ်လူ့အဖွဲ့အစည်းနှစ်ခုအကြား ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာမှာ နိုင်ငံတကာစံနှုန်းများကို လိုက်နာရန်လိုအပ်သလို ရခိုင်တိုင်းရင်းသားများရဲ့ အကျိုးစီးပွားကိုလည်း အဓိက ကုစားပေးရန်လိုအပ်ကြောင်း ပြောကြားချက်ဟာ ကိုင်တွယ်ဖြေရှင်းရာမှာ သိမ်မွေ့နက်နဲကြောင်း ထင်ရှားလှပါတယ်။ သဘောသဘာဝမတူတဲ့ လူ့အဖွဲ့အစည်းနှစ်ခုအကြား ပြေလည်ဖို့ဖြေရှင်းလိုက်တဲ့ အကြောင်းအရာများဟာလည်း တစ်ဖက်က ဒီမိုကရေစီစနစ်ကို ဦးတည်ဖော်ဆောင်နေဆဲ အစိုးရအသစ်အနေနဲ့ နိုင်ငံတကာရဲ့ လူ့အခွင့်အရေးရှုထောင့်ကနေ သုံးသပ်မှုကို ခံနိုင်အောင်ကြိုးစားရတာဟာ အင်မတန် ဘေးကြပ်နံကြပ်ဖြစ်မယ်ဆိုတာ အားလုံးသဘောပေါက်နိုင်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အခန်းကဏ္ဍကိုလည်း မီးမောင်းထိုးပြလိုပါတယ်။ ပြည်သူကရွေးချယ်တင်မြှောက်တဲ့ လူထုခေါင်းဆောင်လည်းဟုတ်သလို ကမ္ဘာကလေးစားရတယ်ဆိုတာ ငြင်းဖွယ်ရာမရှိပါဘူး။ အဲဒီအခါ ၎င်းအနေနဲ့ ပြဿနာတစ်ခုကို ဖြေရှင်းချဉ်းကပ်ပုံနည်းလမ်းဟာ ဘယ်လောက်လေးနက်မှန်ကန်ဖို့လိုသလဲဆိုတာ အလွန်အရေးကြီးလှပါတယ်။ အထက်က တင်ပြခဲ့သလို လူ့အဖွဲ့အစည်းနှစ်ခုကြားကိုလည်း ပြေလည်စေ၊ နိုင်ငံတကာရဲ့ အကဲဖြတ်မှုကိုလည်း ကျော်လွှားနိုင်အောင် တစ်နည်းအားဖြင့် သားရှေအိုးထမ်းပြန်လာတဲ့ပုံလို ကိစ္စသုံးခုကို တစ်ပြိုင်တည်း ပြေလည်ဖို့ကြိုးစားရတာဟာ ဘယ်လောက်ခက်ခဲမယ်ဆိုတာ မှန်းဆကြည့်နိုင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခက်အခဲတွေကို အနစ်တကျဖြေရှင်းနိုင်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အရေးကို ရှေးရှုပြီး အထောက်အပံ့၊

အကိုးအကားအနေနဲ့ အကြံပေးကော်မရှင်မှာ ကမ္ဘာ့ကလေးစားရတဲ့၊ ဘက်လိုက်မှုကင်းတဲ့၊ ပဋိပက္ခဖြေရှင်းမှုအတွေ့အကြုံရင့်ကျက်တဲ့ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်၊ ၎င်းရဲ့အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂါဆန်ဆလမ်နဲ့ UN အထူးအကြံပေးပုဂ္ဂိုလ် နယ်သာလန်သံအမတ်ကြီး မစ္စလယ်တီတီရာဗန်ဒန်အာဆမ်အပါအဝင် မြန်မာနိုင်ငံသားကျွမ်းကျင် ပညာရှင်ခြောက်ဦးနဲ့ ပါဝင်ဖွဲ့စည်းထားတာ တွေ့ရပါတယ်။ ၎င်းပုဂ္ဂိုလ်များဟာ ဆည်းပူးခဲ့တဲ့ပညာ၊ ဖြတ်သန်းခဲ့တဲ့ လူမှုရေး၊ နိုင်ငံရေးအတွေ့အကြုံပါ ရင့်ကျက်တဲ့သူတွေဖြစ်ပါတယ်။ အဆိုရှင်တင်ပြခဲ့တဲ့အထဲမှာ နိုင်ငံခြားသားများကို ဦးဆောင်ပါဝင်စေခြင်းဖြင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခွင့်ပေးထားကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာနိုင်ကြောင်း ဖော်ပြထားတာ တွေ့ရပါတယ်။ အဆိုရှင်အနေနဲ့ ဌာနေတိုင်းရင်းသားများဟာ ခဲမှန်ဖူးတဲ့စာသူငယ်လို အရာရာကို စိုးရိမ်စိတ်လွန်ကဲပြီး သံသယစိတ်နဲ့ ကြောက်ကြနေတယ်လို့ ယူဆမိပါတယ်။ သံသယစိတ်ရှိရင် ပြဿနာဖြေရှင်းရာမှာ ခက်ခဲတတ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တယ်ဆိုတဲ့အပေါ်မှာမြင်တဲ့ ရှုထောင့်မတူဘူးလို့ပဲ နားလည်မိပါတယ်။ ဝင်ရောက်စွက်ဖက်တယ်ဆိုတာက တစ်ဖက်နိုင်ငံရဲ့ စစ်ရေး၊ စီးပွားရေး၊ အရေးများစွာမှာ မဖြစ်မနေလုပ်ရမယ်၊ မလုပ်ရင်ဘာလုပ်မယ်စတဲ့ အမိန့်များ၊ စေခိုင်းမှုများ ပါလာမှာဖြစ်ပါတယ်။ အခုကော်မရှင်ရဲ့သဘောက ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်တဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးမှာ ဘယ်တုန်းက ဘာဖြစ်ခဲ့လို့ အခုဘယ်လိုဖြစ်နေပါတယ်။ လက်ရှိအခြေအနေတွေက ဘာတွေပါ၊ နောင်ကို ဒီလိုမဖြစ်အောင် ဘာတွေလုပ်သင့်ပါတယ်လို့ အကြံပြုချက်ပေးဖို့ အကြံအဉာဏ်တောင်းခံခြင်းဖြစ်ပါတယ်။ တောင်းခံတယ်ဆိုတာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ မစ္စတာကိုဖီအာနန်တွေးမြင်သလို အကြံအဉာဏ်မျိုးရှိနေပေမယ့် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းတစ်ယောက်ရဲ့ အကြံပြုချက်ကို မှီငြမ်းလိုက်တဲ့အခါ နိုင်ငံတကာရဲ့အမြင်မှာ စောဒကမတက်နိုင်အောင် ကြိုးစားတဲ့နိုင်ငံရေးဗျူဟာတစ်ရပ်လို့ မြင်စေချင်တာပါပဲ။ နိုင်ငံတကာအရှေ့မှာ အထုပ်ဖြည်ပြတယ်လို့ အဆိုရှင်က ထပ်မံတင်ပြထားတာ တွေ့ရပါတယ်။ နိုင်ငံတကာအနေနဲ့ ထဲထဲဝင်ဝင်မသိလို့လည်း ပြည်တွင်းက ဌာနေတိုင်းရင်းသား၊ နိုင်ငံသားတွေရဲ့ လက်တွေ့ဘဝနဲ့ ခံစားချက်ကို နားမလည်နိုင်ဘဲ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားရေးဆိုတဲ့ ပေတံနဲ့ချည်းတိုင်းတာခဲ့လို့ ယခင်အစိုးရရှင်းပြခဲ့ရတာ အားလုံးအသိပါပဲ။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့ အဆိုပါတင်ပြချက်များဟာ မိမိတို့ဒေသရဲ့ နောင်အနာဂတ်ကာလအတွက် ကြိုတင်

ကာကွယ်မှု၊ ပြင်ဆင်မှုများကိုမလုပ်ပေးပါနဲ့၊ ပြင်ဆင်မပေးပါနဲ့ အကာအကွယ်မပေးပါနဲ့လို့ ပြောကြားသလို ဖြစ်နေပါတယ်။

လေးစားအားထားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခကြိုတင်ကာကွယ်ရေး၊ ပြည်သူများရဲ့လုံခြုံရေးနဲ့ အခြေခံအခွင့်အရေးများကို အာမခံချက်ပေးနိုင်ရေး၊ ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေး၊ အခြေခံအဖွဲ့အစည်း အဆောက်အဦများ တည်ထောင်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးတို့အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ အကြံပေးကော်မရှင် အဖွဲ့ဝင်ကိုးဦးပါအစီအစဉ်အား ကလောမဲဆန္ဒနယ် ဒေါ်ပြုံးကေသီနိုင်ရဲ့ ဆွေးနွေးချက်များနဲ့အတူ အားရဝမ်းသာထောက်ခံပါကြောင်းနှင့် ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏ အရေးကြီးအဆိုအား ဝမ်းနည်းစွာကန့်ကွက်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို(ဒေါပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံရဲ့ အရေးကြီးအဆိုက အချက်အလက်တွေ မဖြစ်နိုင်ဘူးဆိုတာကို ထောက်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒီကော်မရှင်မှာပါတဲ့ နိုင်ငံတကာမှာ ထင်ရှားတဲ့သူတွေ၊ အတွေ့အကြုံရှိတဲ့သူတွေ၊ နောက်ပြီးတော့ အဖွဲ့အစည်းအသီးသီးမှာ ဘက်မလိုက်စွာဆောင်ရွက်ခဲ့တဲ့သူတွေကိုတွေ့ရမှာဖြစ်ပါတယ်။ အထူးသဖြင့်ဆိုလို့ရှိရင် ကော်မရှင်ရဲ့ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသူ မစ္စတာကိုဖီအာနန်ဟာ စွမ်းဆောင်ချက်တွေ အများအပြား သူ့ရဲ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သက်တမ်းမှာဆောင်ရွက်ခဲ့သလိုပဲ အဲဒီအချက်တွေထဲက တချို့ကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့မြန်မာနိုင်ငံအတွက် သူကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ စွမ်းဆောင်ချက်တွေမှာ ဒီ 3D Fund ဆိုတာ အများကြီးအထောက်အပံ့ရခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ 3D Fund ဟာဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံရဲ့ရောဂါသုံးမျိုးတိုက်ဖျက်ရေးမှာ နိုင်ငံတကာကူညီထောက်ပံ့သူတွေနဲ့ သူကညှိနှိုင်းပြီး အားတတ်သရောဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ အဲဒီအထောက်အပံ့တွေက ဘယ်အထိသွားသလဲဆိုလို့ရှိရင် တစ်နိုင်ငံလုံးအပြင်ကို ကျွန်တော့်ရဲ့တင်ပြချက်မှာတွေ့ရတဲ့အတိုင်း

ရခိုင်ပြည်နယ်မှာရှိတဲ့ စစ်တွေ၊ ကျောက်ဖြူ မြောက်ဦးဆိုတဲ့ဒေသတွေအထိကို သက်ရောက်မှုရှိခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ အောက်မှာပြထားတဲ့ ပုဂ္ဂိုလ်တွေကလည်း အဖွဲ့အစည်းအသီးသီးမှာ ဆောင်ရွက်ခဲ့တဲ့သူတွေ၊ ကျွမ်းကျင်တဲ့သူတွေ၊ ပညာရှင်တွေဖြစ်တယ်ဆိုတာ ငြင်းစရာမရှိပါဘူး။ ဒီလိုမျိုးပုဂ္ဂိုလ်တွေကို ကော်မရှင်မှာမပါရေးအတွက် အဆိုတင်သွင်းခြင်းဟာဆိုလို့ရှိရင် အင်မတန်ပြန်စဉ်းစားသင့်တဲ့ အချက်ဖြစ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တဖက်က ဆက်ပြီးတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ကိုဖီအာနန်ဖောင်ဒေးရှင်းတို့နဲ့ သဘောတူညီချက်နဲ့ ဖွဲ့စည်းခဲ့တဲ့ ဒီကော်မရှင်ရဲ့အကြောင်းကို ဆက်လက်ပြီး ဆွေးနွေးချင်ပါတယ်။ ဒီမှာကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံဆိုင်ရာဥပဒေမှာ အတိအလင်းပြဋ္ဌာန်းထားတာကို သွားတွေ့ရပါမယ်။ အဲဒီမှာ ရည်ရွယ်ချက်အရ လုပ်ဆောင်ရမှာဆိုလို့ရှိရင် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ လုပ်ငန်းတာဝန်ရှိပါတယ်။ အဲဒီလုပ်ငန်းတာဝန်တွေကို တဖက်ကလုပ်ဆောင်နေသလိုပဲ ဒီနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ဗဟိုအဆင့်၊ ပြည်ထောင်စုအဆင့် ဖွဲ့စည်းထားတဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ အကောင်အထည်ဖော်ရေး ဗဟိုအဆင့် အဖွဲ့အစည်းမှာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူ့ရဲ့လုပ်ငန်းဆောင်တာတွေကို လွတ်လွတ်လပ်လပ်နဲ့ ကျယ်ကျယ်ပြန့်ပြန့် အများအကျိုးဆောင်ရွက်နိုင်ပြီး ဘက်မလိုက်စွာ လုပ်ဆောင်နိုင်ဖို့အတွက်ကို သူ့မှာလုပ်ပိုင်ခွင့်ကို ဥပဒေအရ ထပ်မံပြီးတော့ ပြဋ္ဌာန်းထားတာရှိပါတယ်။

အဲဒီလိုပြဋ္ဌာန်းထားတဲ့အထဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေမှာ လုပ်ငန်းတာဝန်နှင့်ရပိုင်ခွင့်တွေထဲမှာ အတိအလင်းပြဋ္ဌာန်းထားတာဆိုလို့ရှိရင် အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ဒီဥပဒေရဲ့ ရည်ရွယ်ချက်တွေကို အောင်မြင်ဖို့အတွက်ဆိုလို့ရှိရင် သူဟာ အစိုးရအဖွဲ့တွေ၊ ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့များ ဆက်သွယ်ဆောင်ရွက်နိုင်တယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် လူပုဂ္ဂိုလ်ဆိုတာ အင်မတန် ဗဟုကိန်းပါ။ ကျယ်ပြန့်ပါတယ်။ အများကြီးကို ကိုယ်စားပြုနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် အဆိုရှင်တင်သွင်းခဲ့တဲ့ နိုင်ငံတကာက လူတွေကို ဒီထဲမှာ ထည့်သွင်းမဖွဲ့စည်းရဘူးဆိုတာကို ဥပဒေမှာ တားမြစ်ထားတာ လုံးဝမတွေ့ရပါဘူး။ တကယ်လို့များ ဒီနိုင်ငံတော်၏အတိုင်ပင်ခံဆိုင်ရာဥပဒေကို သေသေချာချာလေ့လာခဲ့တဲ့ သူတစ်ယောက်ကနေပြီးတော့ ကြိုတင်အကြံပြုနိုင်မယ်ဆိုလို့ရှိရင် ဒီအဆိုဟာ ဒီအထိရောက်လာနိုင်စရာအကြောင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဆက်လက်ပြီးတော့ ဒီအတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ လုပ်ဆောင်

ရမည့်ဝတ္တရားတွေနဲ့ ဖွဲ့စည်းထားတဲ့အကြောင်းကို ကျွန်တော်ဆက်လက်ပြီး ထပ်ပြီးတော့ ရှင်းပြချင်ပါတယ်။

ဒီမှာကြည့်မယ်ဆိုရင် ကော်မရှင်ရဲ့ တာဝန်ဟာ အကန့်အသတ်ရှိပါတယ်။ ရှာဖွေတွေ့ရှိချက်တွေ၊ လေ့လာသုံးသပ်ချက်တွေကို အကြံပြုပြီးတော့ အစီရင်ခံစာတင်သွင်းဖို့ပဲရှိပါတယ်။ အဲဒီအစီရင်ခံစာဟာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အဆင့် မြန်မာနိုင်ငံရဲ့ အစိုးရဆီကို ရောက်ရှိမှာပါ။ မြန်မာနိုင်ငံအစိုးရကလည်း ပြည်သူလူထုကို အသိပေးမယ်လို့ အတိအလင်း ပြောထားပြီးသားပါ။ ဒါဟာ ဘာကိုရည်ညွှန်းသလဲဆိုလို့ရှိရင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံသားများရဲ့ အခြေခံမူများ အပိုဒ် ၄ မှာပါတဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာ ပြည်သူလူထုထံက ဆင်းသက်တယ်ဆိုတာကို အတိအလင်းပြဋ္ဌာန်းထားတဲ့အချက်နဲ့ ကိုက်ညီနေတယ်ဆိုတာကို သွားတွေ့ရပါတယ်။ ဒါကြောင့်အဆိုရှင်တင်သွင်းခဲ့တဲ့ အချုပ်အခြာအာဏာတို့ ပြည်ပမှ နိုင်ငံတကာအရေးကိစ္စအနေနဲ့ဝင်ရောက်ပြီး စွက်ဖက်နိုင်တယ်၊ ဖန်တီးနိုင်တယ်ဆိုတဲ့ အချက်အလက်တွေဟာ ဒီစွမ်းဆောင်ချက်တွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် မဖြစ်နိုင်တာကို သွားတွေ့ရပါတယ်။

နောက်ပြီးတော့ တဖက်ကပြန်ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ ဒီလွှတ်တော်ကြီးကနေပြီးတော့ပဲ မကြာခင်ကဘဲ နိုင်ငံတော်ရဲ့ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခဲ့တဲ့နေရာတွေကို ကူညီတည်ထောက်ပံ့ဖို့ဆိုပြီးတော့ ချေးငွေတွေရယူခဲ့တာ ရှိပါတယ်။ အဲဒီချေးငွေတွေထဲမှာ ဒေါ်လာသန်း ၂၀၀ ကျော်ထဲမှာ အများဆုံးအသုံးပြုသွားတာဆိုလို့ရှိရင် ရခိုင်ပြည်နယ်ဆိုတာကို သွားတွေ့ရမှာပါ။ ဒီအချက်က ဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့တိုင်းပြည်၊ ကျွန်တော်တို့ ပြည်သူပြည်သားတွေနဲ့ ပတ်သက်လာလို့ရှိရင် မြန်မာနိုင်ငံအစိုးရကသော်လည်းကောင်း၊ လွှတ်တော်ကြီးကသော်လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကသော်လည်းကောင်း ဘက်လိုက်မှုမရှိဘဲနဲ့ မျှမျှတတနဲ့ ဆောင်ရွက်နေတယ်ဆိုတာ ထင်ထင်ရှားရှားသွားတွေ့ရမယ်ဆိုတာကို ဆွေးနွေးရင်းနဲ့ ဦးအောင်ကျော်ဇံရဲ့ အဆိုပါဆွေးနွေးချက်တွေ၊ တင်ပြချက်တွေဟာ ဖြစ်နိုင်ခြေမရှိဘူးဆိုတာ ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးခင်ဗျား။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ်

လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ တင်သွင်းတဲ့အရေးကြီးအဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြဿနာဖြစ်ကြလို့ ပြဿနာ ဖြေရှင်းရာတွင် နှစ်ဖက်မှပုဂ္ဂိုလ်များ၊ ဖြေရှင်းပေးမည့်ကော်မရှင်ပုဂ္ဂိုလ်များအားလုံးသည် ပြဿနာ အပေါ် နားထောင်၊ နားလည်၊ စိတ်ရှည်၊ သည်းခံဖို့တော့လိုတယ်။ အဖြေထွက်လာအောင်လည်း ကြိုးစားဆောင်ရွက်ဖို့လိုပါတယ်။ ဒါပေမဲ့ အဲဒီအဖြေဟာ နှစ်ဖက်စလုံးအတွက် ရာခိုင်နှုန်းပြည့် ကျေနပ်မှာတော့ မဟုတ်ပါဘူး။ သို့သော် အနီးစပ်ဆုံးအဖြေတော့ ထွက်ပေါ်လာနိုင်ပါတယ်။ ယင်း အဖြေကို နှစ်ဖက်ခေါင်းဆောင်တဲ့ ပါဝင်တဲ့ပုဂ္ဂိုလ်လိုမျိုးတွေက မိမိစိတ်ထဲ ပြဿနာအမြန် ပြေလည်ရေး၊ အမြန်သင့်မြတ်ရေးဆိုတဲ့ အကောင်းမြင်ဦးတည်ချက်အတွေးဘက်ကို ကြိုပြီးဦးစားပေး တွေးထားသင့်တယ်လို့ စတင်ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အကြံပေးကော်မရှင်ကို ဖွဲ့စည်းရခြင်းနဲ့ ရည်ရွယ်ချက်အပေါ် သံသယဝင်နေခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်(၁)မှာ ကော်မရှင်အနေဖြင့် ပြဿနာနှင့်သက်ဆိုင်သူ များနှင့်လည်းကောင်း၊ နိုင်ငံတကာကျွမ်းကျင်အရေးပါတဲ့ ပုဂ္ဂိုလ်များနှင့်လည်းကောင်း တွေ့ဆုံ ဆွေးနွေး၍ အမြင်သဘောထားများ ရယူရန်ဆိုသည့်အချက်သည် မိမိတို့၏ပြဿနာနှင့် တူသော ပြဿနာဖြေရှင်းနည်းမျိုးကို အခြားနေရာမှာ အတွေ့အကြုံရယူစေတဲ့ သဘောထားဖြစ်ပါတယ်။ ဒါကြောင့်ကောင်းပါတယ်။ ရည်ရွယ်ချက်(၂) ရခိုင်ဒေသရှိပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့် အရေးများကို အာမခံချက်ပေးနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ရရှိရေးဆောင်ရွက်ရန် ဆိုတဲ့အချက်လည်း ကောင်းပါတယ်။ ရည်ရွယ်ချက်(၃) ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခကြိုတင် ကာကွယ်ရေးနှင့် အခွင့်အရေးပြန်လည်ရင်ကြားစေ့သင့်မြတ်ရေး စသည့်ကဏ္ဍအတွက် လေ့လာ သုံးသပ်အကြံပြုတင်ပြခြင်းများပြုလုပ်ရန် ဒါလည်း အင်မတန်ကောင်းတဲ့ရည်ရွယ်ချက်ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရည်ရွယ်ချက်ကို ကြည့်လိုက်တဲ့အခါ ကော်မရှင်နှင့် တာဝန်မှာ ပဋိပက္ခ အကြောင်းအရင်းများ စုံစမ်းပြီး သုံးသပ်တင်ပြရန်သာဖြစ်ပြီး ဆုံးဖြတ်ချက်တစ်ပါတည်းဆောင်ရွက်ပေး ရန်ဆိုသည့် အကြောင်းအချက်၊ ရည်ရွယ်ချက်မပါပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီရည်ရွယ်ချက်အပေါ် လွန်ကဲစိုးရိမ်စိတ်ဆန္ဒမရှိကြပါနဲ့လို့၊ သည်းခံစောင့်ကြည့်ကြရအောင်လို့ တိုက်တွန်းဆွေးနွေးလိုပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၌ ဖြစ်ပျက်ခဲ့သော ပြဿနာသည် အမှိုက်ကအစ ပြဿဒ်မီးလောင်ဆိုသလို ရခိုင်ပြည်နယ်ကိစ္စဟာ ပြည်ထောင်စုအရေး၊ နိုင်ငံတကာအဆင့်ကျယ်ပြန့်

သွားမှုကို ကျွန်တော်များ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စာနာစိတ်ထားမျိုးနဲ့ ကြုံခဲ့သောဒုက္ခ အပေါ် ထပ်တူထပ်မျှခံစားမိပါကြောင်း ပြောပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ ကော်မရှင်ကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုတဲ့ ခေါင်းစဉ်ပယောဂကြောင့်ဆိုပြီး အမြင်စောင်း သုံးသပ်ရှုမြင်နေခြင်းသည် မသင့်တော်ပါကြောင်း၊ ဟုတ်လည်းမဟုတ်ပါကြောင်း ယနေ့ ကမ္ဘာ့လူသား အများစုသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုရရှိရန် တောင်းဆိုတိုက်ပွဲဝင်နေသည့် အချိန်ကာလ ဖြစ်သဖြင့် မိမိတို့ရခိုင်လူမျိုးသည် ဒီစနစ်၊ ဒီအခွင့်ရေးမျိုးရရှိရန် နိုင်ငံရေးပါတီတည်ထောင်ပြီး ကြိုးစားဆောင်ရွက်နေသည်ဆိုတာကို သတိပြုမိဖို့ တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ နောက်အမြင်တစ်ခု။ မိမိနိုင်ငံရဲ့အိမ်တွင်းရေးပြဿနာကို နိုင်ငံ တကာရှေ့တွင် အထုပ်ဖြည်ပြပြီး ကူပါ၊ ကယ်ပါ အော်နေခြင်းသည် မသင့်တော်ကြောင်း၊ မိမိတို့ရဲ့ အစွမ်းအစကို မယုံကြည်ရာရောက်ကြောင်းဆိုသည့်အချက်နှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ် ပထမအစိုးရ သက်တမ်းမှာ အချင်းချင်းညှိနှိုင်းသည့်သဘောနှင့် လူမှုအဖွဲ့အစည်းတချို့ရဲ့ ဝင်ရောက်ကူညီ ဖြေရှင်းမှု၊ အစိုးရမှလည်း ဖြေရှင်းပေးမှုရှိခဲ့သော်လည်း ပြေလည်မှုမရှိခဲ့တာ ဒါ အားလုံးအသိပဲ ဖြစ်မှာပါ။ အခုတော့ ဒီအရှုပ်ထုပ်ကြီးက နိုင်ငံတကာစင်မြင့်သို့ ရောက်သွားတဲ့သဘော။ ဒါကြောင့် အခုက ဟိုလူ့ကြောင့်၊ ဒီလူ့ကြောင့်ဆိုပြီး တစ်ဦးနှင့်တစ်ဦး အပြစ်တင်ပြောကြရုံနဲ့ မပြီးတော့ပါ။ အဲဒါ ကြောင့် ကျွန်တော်တို့အားလုံးဟာ ဓမ္မအတွေးအမြင်ဖြင့် ဘုရားရှင်စီမံရာအတိုင်း ဖြစ်ပါစေဆိုပြီး စောင့်ကြည့်ကြရအောင်လို့ တိုက်တွန်းအားပေး ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြဿနာပဲဖြစ်ဖြစ်၊ အနာရောဂါပဲဖြစ်ဖြစ် ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်နည်းလမ်း၊ ဘယ်ပုံစံ၊ ဘယ်ဆေးမျိုးဖြင့် ဖြေရှင်းဖြေရှင်း၊ ကုသကုသ အဓိကကတော့ ပြေလည်ငြိမ်းချမ်း ပျောက်ကင်းဖို့ပဲ အရေးကြီးပါတယ်။ ဒီနေရာမှာ လူတချို့ရဲ့အမြင်က အိမ်နီးနားချင်းက လာရောက် ကူတာကို မလိုချင်ဘူး။ သိက္ခာကျတယ်ဆိုတဲ့အတွေး။ ဒီအတွေးမျိုးနဲ့ တင်းခံပြီးဒုက္ခခံနေမှာလား။ ဒါမှ မဟုတ် ပြဿနာ၊ ရောဂါ အမြန်ပြေလည်ပျောက်ကင်းရေးကို ဆွေးနွေးကြမှာလား။ ဘယ်ဟာကိုရွေးကြ မှာလဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာ့နိုင်ငံအချို့၌ လူမျိုးရေးပြဿနာ၊ စစ်ရေးပဋိပက္ခပြဿနာတွေ ကြောင့် မြေစာပင်ဒုက္ခရောက် ထွက်ပြေးနေကြရတဲ့ ပြည်သူတွေကို တတိယနိုင်ငံဆိုတဲ့နေရာသို့ ဦးဆောင်လက်ခံဖြေရှင်းနေကြသလို ပြဿနာကိုလည်း Third Party ဆိုတဲ့ အဖွဲ့မျိုးနဲ့ ညှိနှိုင်းဖြေရှင်း နေကြတဲ့အချိန်ကာလဖြစ်နေပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကော်မရှင်၌ ဦးဆောင်ပါဝင်နေ သော လူမျိုးမတူ၊ ဘာသာမတူ၊ နိုင်ငံမတူ၊ ပြဿနာဖြေရှင်းနည်းရင့်ကျက်သူ၊ အတွေ့အကြုံများသူ

သဘာကြီးဖြစ်ခြင်း၊ Third Party လိုပုဂ္ဂိုလ်တစ်ဦးဖြစ်နေသော ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ကိုဖီအာနန် လို လူမျိုးကို ဦးဆောင်စေခြင်းသည် ပြဿနာဖြေရှင်းရေးအတွက် လောလောဆယ်အသင့်တော်ဆုံး ပုဂ္ဂိုလ်ဖြစ်ပါသဖြင့် အဆိုရှင် ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံရဲ့ အရေးကြီးအဆိုအား ကျွန်တော့်ရဲ့သုံးသပ်ချက်အပေါ် မူတည်ပြီး အဆိုကိုမထောက်ခံနိုင်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးချင်းဖေလင်း(မံစီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်းဖြစ်ပါ တယ်။ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံရဲ့အဆိုအား ကန့်ကွက်ဆွေးနွေး သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ညီနောင်သွေးချင်း ရခိုင်တိုင်းရင်းသားများ အများစုနေထိုင်ရာရခိုင်ပြည်နယ်မှာ နှစ်ပေါင်းရှည်ကြာ စွာဖြစ်လာခဲ့တဲ့ ပဋိပက္ခဖြစ်စဉ်တွေဟာ အမြင်အားဖြင့် ပြည်တွင်းရေးပြဿနာတစ်ခုလို့ဆိုနိုင်ပါတယ်။ သို့သော်လည်း နိုင်ငံတကာသတင်းစာမျက်နှာတွေမှာ၊ သတင်းမီဒီယာတွေမှာ၊ အင်တာနက်တွေပေါ်မှာ တော့ နိုင်ငံတကာပြဿနာတစ်ခုအဖြစ် အကျယ်တဝင့်ရေးသားဝေဖန်ဖော်ပြနေကြတာကို အားလုံး အသိပဲဖြစ်ပါတယ်။ ဒါ့အပြင် အာဆီယံနိုင်ငံများအကြားမှာဆိုလို့ရှိရင်လည်း ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး နိုင်ငံတကာပြဿနာတစ်ခုအဖြစ် ထင်မှတ်စရာဖြစ်လာအောင် အချို့သောနိုင်ငံကြီးများ က ပုံဖော်တွန်းပို့လျက်ရှိနေတာကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အင်တာနက် စာမျက်နှာတွေ၊ Facebook တွေ၊ နိုင်ငံတကာသတင်းဂျာနယ်တွေမှာလည်း မကြာခဏဆိုသလို တွေ့မြင်နေရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံဖြစ်သလို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အာဏာရှင် စနစ်မှ ဒီမိုကရေစီစနစ်သို့စတင်လျှောက်လှမ်းနေတဲ့ နိုင်ငံတစ်နိုင်ငံလည်းဖြစ်တဲ့အတွက်ကြောင့် နိုင်ငံ တကာရဲ့ အထူးလေ့လာစောင့်ကြည့်ခြင်းကို မလွဲမသွေခံရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရခိုင် ပြည်နယ်ရဲ့အရေးကို ပြည်တွင်းရေးပါလို့ မည်သို့ပင်ဆိုစေကာမူ ခုနက ကျွန်တော်တင်ပြခဲ့သလိုပဲ နိုင်ငံ

တကာသတင်းစာမျက်နှာတွေပေါ်မှာ တင်ပြဖော်ပြချက်တွေဟာဆိုလို့ရှိရင် နိုင်ငံတကာအမြင်မှာ ဒီကိစ္စကို ပြည်တွင်းရေးပြဿနာအဖြစ် မယူဆကြဘူးဆိုတာကို သိသာထင်ရှားနေပါတယ်။ ယခင်အစိုးရလက်ထက်မှာဆိုလို့ရှိရင်လည်း နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်က တာဝန်ပေးအပ်ချက်အရ ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အကြံပြုအစီရင်ခံစာကိုလည်း ၂၀၁၃ ခုနှစ် ဧပြီလမှာတင်သွင်းနိုင်ခဲ့ပါတယ်။ သို့သော်လည်း ထိုအချိန်က စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင်လည်းကောင်း၊ အစီရင်ခံစာပါအချက်များကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း နည်းပညာအားနည်းခြင်း၊ နိုင်ငံတကာအတွေ့အကြုံအားနည်းခြင်း၊ ငွေကြေးလုံလောက်စွာမသုံးစွဲနိုင်ခြင်း စသဖြင့် အမျိုးမျိုးသောလိုအပ်ချက်များ၊ အားနည်းချက်များ၊ အကြောင်းပြချက်များတွေကြောင့် မြန်မာနိုင်ငံသူနိုင်ငံသားတွေနဲ့ နိုင်ငံတကာတို့ရဲ့ဝေဖန်မှုတွေကို ကျေနပ်အားရလောက်အောင် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ဘူးဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအရေးကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့မြန်မာနိုင်ငံသူနိုင်ငံသားတွေနဲ့ နိုင်ငံတကာကိုပါ အမြင်ရှင်းအောင် ပွင့်လင်းမြင်သာစွာ ဖြေရှင်းချပြဖို့အချိန်ရောက်ပါပြီ။ အရေးကိစ္စနဲ့ပတ်သက်လို့ ကော်မရှင်တစ်ရပ်ပြန်လည်ဖွဲ့စည်းမယ်ဆိုရင်လည်း ဘက်လိုက်မှုကင်းပြီး အကြံဉာဏ်ကောင်းများပေးနိုင်တဲ့၊ နိုင်ငံတကာကလေးစားယုံကြည်ပြီး နိုင်ငံတကာအတွေ့အကြုံရှိတဲ့ပုဂ္ဂိုလ်များကို မဖြစ်မနေပါဝင်ထည့်သွင်းဖွဲ့စည်းသင့်ပါတယ်။ ၂၄-၈-၂၀၁၆ ရက်နေ့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့်အရေးကိစ္စများကိုဖြေရှင်းရန် အကြံပေးကော်မရှင်ဖွဲ့စည်းခြင်းဆိုပြီး အပိုဒ်လေးပိုဒ်နဲ့ ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။ ဒီကြေညာချက်ပါ အပိုဒ် ၂ မှာဆိုလို့ရှိရင် ကော်မရှင်ဖွဲ့စည်းပုံနဲ့ပတ်သက်ပြီး ဖော်ပြထားချက်တွေမှာ ကော်မရှင်တွင် ဘက်လိုက်မှုကင်းသည့်၊ အများလေးစားခံရသည့်၊ အတွေ့အကြုံရင့်ကျက်သည့်၊ ထင်ပေါ်ကျော်ကြားသည့် မြန်မာနိုင်ငံသားပုဂ္ဂိုလ်ခြောက်ဦးနဲ့ နိုင်ငံတကာမှပုဂ္ဂိုလ်သုံးဦး စုစုပေါင်းအဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ကော်မရှင်ကို နိုင်ငံတကာပုဂ္ဂိုလ်သုံးဦးထဲမှတစ်ဦးဖြစ်တဲ့၊ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်လည်းဖြစ်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်းဖြစ်တဲ့ ကိုဖီအာနန်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်မှာဖြစ်တယ်လို့လည်း သိရှိရတဲ့အတွက် များစွာကျေနပ်မိပါတယ်။ ကိုဖီအာနန်ဆိုတာ မည်သို့သောပုဂ္ဂိုလ်ဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော့်ရှေ့ကကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားလို့ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီကော်မရှင်မှာပါဝင်တဲ့ နောက်ထပ်နိုင်ငံတကာပုဂ္ဂိုလ်နှစ်ဦးဖြစ်

ကြတဲ့ မစ္စတာဂါဆန်ဆလမ်နှင့် မစ္စလက်တီတီရာဗန်ဒန်အာဆမ်တို့ဆိုတာကလည်း ကုလသမဂ္ဂရဲ့ အကြံပေးပုဂ္ဂိုလ်ဟောင်းတွေ ဖြစ်တဲ့အတွက်ကြောင့် ၎င်းတို့ရဲ့ဂုဏ်သိက္ခာအရသော်လည်းကောင်း၊ နိုင်ငံတကာအတွေ့အကြုံများအရသော်လည်းကောင်း ဘက်လိုက်မှုကင်းတဲ့ အကြံပြုချက်ကောင်း များစွာကို ပေးနိုင်လိမ့်မယ်လို့ယုံကြည်မျှော်လင့်မိပါတယ်။

ထို့အပြင် ဒီကော်မရှင်မှာ ဌာနေတိုင်းရင်းသားတွေအတွက် ခလေ့ရိုးရာစာပေယဉ်ကျေးမှုတွေ နဲ့မသွေဖည်ရလေအောင်လည်း ရခိုင်စာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌဖြစ်ပြီး ရခိုင်အမျိုးသမီးများ အသင်း ဒုတိယဥက္ကဋ္ဌလည်းဖြစ်တဲ့ ဒေါ်ခင်စောတင့်လို တိုင်းရင်းသားလူမျိုးများကို ပါဝင်ထည့်သွင်း ထားတာလည်း များစွာအားရကျေနပ်စရာကောင်းလှပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်အပိုဒ် ၃ မှာဆိုလို့ရှိရင်လည်း ရခိုင်ပြည်နယ် ပြည်သူများရဲ့လုံခြုံရေးနှင့် အခြေခံ အခွင့်အရေးများ၊ အာမခံချက်များပေးနိုင်ရေးကိစ္စ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာများနှင့် အခြေခံလူမှုဝန်ဆောင်မှုများရရှိရေးကိစ္စများကို စဉ်းစားဆောင်ရွက်သွားမည် လို့ဖော်ပြထားပါတယ်။ ဒီနေရာမှာ ရခိုင်ပြည်သူတွေရဲ့ လုံခြုံရေးဆိုတာဟာ အမျိုးသားရေးနှင့် နိုင်ငံတော်လုံခြုံရေးကို ထည့်သွင်းစဉ်းစားထားတယ်လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီအပိုဒ် ၃ မှာပဲ ကော်မရှင်အနေနဲ့ ပြည်ပနိုင်ငံများက ဒုက္ခသည်အဖြစ် ခံယူထားသူများ၏ ပင်ရင်းနိုင်ငံနှင့်နောက်ခံ အကြောင်းအရာများပါဝင်သည့် နိုင်ငံတကာဆက်နွယ်မှုတို့ကိုလည်း သုံးသပ်သွားမယ်လို့ ပါရှိပါတယ်။ ဒါဟာဆိုလို့ရှိရင်လည်း အမျိုးသားရေးနှင့်နိုင်ငံတော်လုံခြုံရေးရှုထောင့်ကနေ ပါဝင်ထည့်သွင်းစဉ်းစား သုံးသပ်သွားမယ်ဆိုတာကို ထပ်မံဖော်ပြထားခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအပိုဒ် ၄ မှာဆိုလို့ရှိရင်လည်း ကော်မရှင်သည် ရှာဖွေတွေ့ရှိချက်၊ လေ့လာသုံးသပ်အကြံပြုချက်များပါဝင်တဲ့ အစီရင်ခံစာကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ထံသို့တင်ပြပြီး ပြည်သူလူထုများ သိရှိရန် ထုတ်ဝေဖြန့်ချိသွားမည်လို့ ဖော်ပြထားတဲ့အတွက်ကြောင့် ကော်မရှင်ရဲ့အကြံပြုချက်တွေကို လည်း ပြည်သူတွေပွင့်လင်းမြင်သာစွာ အလွယ်တကူသိရှိနိုင်ခွင့်ရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ ၂၄-၈-၂၀၁၆ ရက်စွဲဖြင့်ထုတ်ပြန်ချက်ပါ ရခိုင်ပြည်နယ်၏သိမ်မွေ့နက်နဲ သည့် အရေးကိစ္စများကိုဖြေရှင်းရန် အကြံပေးကော်မရှင်ဖွဲ့စည်းခြင်းတွင် နိုင်ငံတကာမှယုံကြည် လေးစားရသော၊ ဂုဏ်သိက္ခာရှိပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းခြင်းသည် အခြေအနေနှင့်အချိန်အခါအရ များစွာမှလျော်ကန်သင့်မြတ်သည်ဟု ထင်မြင်ယူဆပါသောကြောင့် ပေါက်တောမဲဆန္ဒနယ်မှ

ဦးအောင်ကျော်ဖေ၏ နိုင်ငံတော်အစိုးရအားတိုက်တွန်းသည့်အရေးကြီးအဆိုအား ကန့်ကွက်ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဖေရဲ့အဆိုကို သဘောရိုးနဲ့အကြံပြုထောက်ပြဆွေးနွေးသွားမယ့် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ပြဿနာရဲ့အရင်းအမြစ်ကိုလေ့လာကြည့်မယ်ဆိုရင် ၁၉၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ရန္တပိုစာချုပ်အရ ရခိုင်နှင့်တနင်္သာရီတိုင်းကို အင်္ဂလိပ်တို့ထံကိုပေးခဲ့ရပါတယ်။ အင်္ဂလိပ်တွေဟာ ဘင်္ဂလားပြည်နယ်ကလူတွေကို ရခိုင်ပြည်နယ်ကိုခေါ်သွင်းပြီးတော့ လယ်ယာလုပ်ငန်းတွေမှာ စေခိုင်းခဲ့ရာကနေပြီးတော့ အဲဒီလူတွေဟာ တစ်ဖက်နိုင်ငံကိုမပြန်တော့ဘဲနဲ့ ဘူးသီးတောင်၊ မောင်တောဒေသတွေမှာ ကျေးရွာတွေထူထောင်ပြီး အခြေချနေခဲ့ကြတယ်လို့ လေ့လာသိရှိခဲ့ရပါတယ်။ နောက်ပိုင်းမှာ သူတို့တွေဟာ ကြွယ်ဝချမ်းသာလာပြီးတော့ ပြင်ပအဖွဲ့အစည်းတွေရဲ့အကူအညီတွေကို ရရှိလာပြီး နိုင်ငံရေးနှင့်စီးပွားရေးလုပ်ငန်းတွေမှာ ပါဝင်ပတ်သက်ခွင့်ရလာတဲ့အပေါ်မှာ ကျွန်မတို့ရဲ့ ရခိုင်လူမျိုးများအနေနဲ့ စိုးရိမ်စိတ်၊ သံသယစိတ်တွေကို ကြီးထွားလာစေခဲ့ပါတယ်။ ဒါကလည်း အုပ်ချုပ်ရေးပိုင်းရဲ့စီမံခန့်ခွဲမှုလိုအပ်တာကြောင့် ဖြစ်ခဲ့ရပါတယ်။ ဒီလိုပြဿနာတွေစလာတော့ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလမှာ အစိုးရက နဂါးမင်းစစ်ဆင်ရေးစီမံချက်နဲ့ အဲဒီမှာရှိတဲ့လူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုပြန်ပို့ခဲ့ပါတယ်။ ၁၉၇၈ ခုနှစ် ဧပြီလမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို နဂါးမင်းစစ်ဆင်ရေးကြောင့် ထွက်ပြေးတိမ်းရှောင်သွားတဲ့လူတွေ များလာတဲ့အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရက ကန့်ကွက်ခဲ့ပါတယ်။ ၁၉၇၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှာ ဒက်ကာမြို့မှာ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတွေ့ဆုံပြီးတော့ ထွက်ပြေးသွားတဲ့လူတွေထဲက မြန်မာနိုင်ငံသားမှတ်ပုံတင်ရှိတဲ့လူတွေကို ပြန်လည်လက်ခံပေးဖို့သဘောတူဆွေးနွေးပြီးတော့ ဟသ်ာစီမံချက်ချမှတ်ကာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံချက်အရ အိမ်ထောင်စုပေါင်း ၃၁၅၀၅ စု၊ လူဦးရေ ၁၈၆၉၆၈ ယောက်ကို ပြန်လည်လက်ခံခဲ့ရပါတယ်။ နဂါးမင်းစစ်ဆင်ရေးနဲ့ အမှန်တကယ်ထွက်သွားတဲ့စာရင်းက အိမ်ထောင်စုပေါင်း ၂၅၉၀၅၊ လူဦးရေ ၁၅၆၆၃၀ သာဖြစ်တာမို့ အဲဒီအချိန်ကတည်းက အပိုဝင်လာတဲ့အိမ်ထောင်စုဦးရေ ၅၆၀၀ နှင့် လူဦးရေ ၃၀၃၃၈ ဦး ပါဝင်လာတာဖြစ်ပါတယ်။ ဒါက ဟိုတစ်ချိန်ကဖြေရှင်းခဲ့ကြတဲ့ နည်းစနစ်မမှန်တာရယ်၊ နှစ်နိုင်ငံကြားမှာဖြစ်ပွားနေတဲ့

နိုင်ငံသားအငြင်းပွားမှုကို ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆောင်ရွက်ခြင်းမရှိဘဲ အကျဉ်းချုံးတိုးတိုးတိတ်တိတ်ဆောင်ရွက်ခဲ့မှုကြောင့် မဖြစ်သင့်တာတွေဖြစ်ခဲ့ရတယ်လို့ သဘောရိုးနဲ့သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၂ ခုနှစ်မှာလည်း အားလုံးသိတဲ့အတိုင်းပဲ ဒီပဋိပက္ခတွေဖြစ်လာတော့ ဒီအရေးအခင်းတွေဖြေရှင်းဖို့အတွက်ဆိုပြီးတော့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းစုံစမ်းအစီရင်ခံစေခဲ့ပါတယ်။ ဒါပေမဲ့လည်း အားလုံးသိတဲ့အတိုင်း ထိထိရောက်ရောက်ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်းတော့ မရှိခဲ့ပါဘူး။ ဒါတွေဟာ ဘာ့ကြောင့်လဲဆိုတဲ့ လေ့လာကြည့်တဲ့အခါမှာ ရိုးရှင်းတဲ့အဖြေတစ်ခုကို တွေ့ရပါတယ်။ လက်ရှိဖြစ်နေတဲ့အခြေအနေဟာ မြန်မာပြည်တစ်ခုတည်းရဲ့အရေးမဟုတ်ပါဘူး။ နယ်နိမိတ်ချင်းထိစပ်နေတဲ့နိုင်ငံတွေပါ ပါဝင်ပတ်သက်နေတဲ့အတွက် တောင်အာရှအရေးဖြစ်တာမို့ ဒီကိစ္စတွေဖြေရှင်းဆောင်ရွက်တဲ့အခါမှာ ယခင်လိုနိုင်ငံတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရတော့ပါဘူး။ ဒါကြောင့်မို့လို့ တတ်သိနားလည်တဲ့ပညာရှင်တွေနဲ့ ကိုယ့်နိုင်ငံတွင်းမှာရှိတဲ့လူတွေနဲ့ဆောင်ရွက်တာနဲ့စာရင် ကျွန်မတို့မြန်မာနိုင်ငံရဲ့ရင်ဆိုင်နေရတဲ့ အခက်အခဲပြဿနာကို ကမ္ဘာကသိအောင်လုပ်ပေးဖို့ လိုအပ်တဲ့အတွက် ဒီဖွဲ့စည်းတဲ့ကော်မရှင်မှာ အခုလို ကမ္ဘာကလေးစားရတဲ့ပညာရှင်တွေ ထည့်သွင်းဖွဲ့စည်းခြင်းက အလွန်ပဲလျော်ကန်သင့်မြတ်လှပါတယ်ရှင်။ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနဲ့စိစစ်ပြီးတော့ အကျုံးမဝင်တဲ့လူတွေကို ကျွန်မတို့ကပြန်ပို့ပါပြီ။ ဟုတ်ပြီ။ ဘယ်နိုင်ငံက ဒီလူတွေကိုလက်ခံမလဲ။ ပြီးရင် ကျန်တဲ့ကမ္ဘာ့အသိုင်းအဝိုင်းကကော ဘယ်လိုတုန့်ပြန်မလဲ။ ဒါတွေကိုကျွန်မတို့ အလေးအနက်ထားစဉ်းစားစရာပါ။ ဒီနေရာမှာ ကမ္ဘာ့ကုလသမဂ္ဂနှင့်တကွ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အကြံပြုသုံးသပ်ဖြေရှင်းမှုတွေ မလွဲမသွေလိုလာပါပြီ။ ဒါကြောင့် နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ ရခိုင်အရေးကိစ္စအတွက် အခုလိုဆောင်ရွက်ခြင်းက မှားယွင်းမှုတစ်ခုမဟုတ်ပါဘူးရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့သွေးချင်းများဖြစ်တဲ့ ရခိုင်တိုင်းရင်းသားတွေအပေါ်မှာ တချို့သောအဖွဲ့အစည်းတွေ၊ နိုင်ငံခြားသားတွေက ခေါင်းမာလွန်းတယ်၊ အစွန်းရောက်တယ်၊ တယူသန်တယ်လို့ မဟုတ်မမှန်ထင်မြင်နေကြတာတွေကို ဖြေရှင်းပြကြဖို့ ဒီအခွင့်အရေးရပြီလို့ ကျွန်မအနေနဲ့ ထင်မြင်မိပါတယ်။ ကိုယ့်ဘက်က ဘယ်လိုရပ်တည်ဖြေရှင်းမလဲဆိုတာတွေကို ကြိုတင်စဉ်းစားပြင်ဆင်ပြီးတော့ အထောက်အထားတွေ၊ ဥပဒေတွေကို ကြိုးစားရှာဖွေထားသင့်ပါတယ်။ ဥပမာ လှေစီးဒုက္ခသည်တွေ၊ ခိုးဝင်သူတွေဟာ ကျွန်မတို့နိုင်ငံက မဟုတ်ဘူးဆိုတာကို နိုင်ငံတကာက သိစေချင်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံအတွက် တကယ်အရေးကြီးနေတဲ့အချိန်မှာ ဒီကော်မရှင်ကိုကန့်ကွက်နေတာနဲ့တင် အချိန်မကုန်

သင့်ဘူးလို့ အကြံပြုဆွေးနွေးလိုပါတယ်။ အဆိုရှင်ဆွေးနွေးချက်အရပဲ မစ္စတာကိုဖီအာနန်လိုပုဂ္ဂိုလ်မျိုးရဲ့အကြံပြုချက်က ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေအပေါ်မှာ ဩဇာလွှမ်းမိုးနိုင်တယ်လို့ ကိုဖီအာနန်ရဲ့အရည်အချင်းတွေကို အသိအမှတ်ပြုပြီးသားဖြစ်နေတာမို့ ဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့ ကျွန်မတို့နိုင်ငံက တတ်သိပညာရှင်တွေ၊ ရခိုင်လူမျိုးတတ်သိပညာရှင်တွေ စုပေါင်းဆွေးနွေးအဖြေရှာရင် ရလဒ်ကောင်းတစ်ခုကို မြေကြီးလက်ခတ်မလွဲရမှာပါ။ ကျွန်မအနေနဲ့ ကျွန်မရဲ့အိမ်တွင်းမှာမီးတောက်နေပါပြီ။ ကျွန်မ အိမ်ရှင်မတစ်ယောက်အနေနဲ့ စဉ်းစားပါတယ်။ ကျွန်မတစ်ယောက်တည်း ကြိုးစားငြိမ်းသတ်နေပေမယ့် ဒီပြဿနာဟာမငြိမ်းပါဘူး။ ပတ်ဝန်းကျင်သိရင်ကျွန်မသိက္ခာကျမယ်။ ကျွန်မရဲ့ရွှေထုပ်ကလေးများ ပါသွားမလားဆိုပြီးတော့ စိုးရိမ်တဲ့စိတ်နဲ့ ကျွန်မတစ်ယောက်တည်းငြိမ်းနေရင် ကျွန်မအိမ်သာမကဘဲနဲ့ ပတ်ဝန်းကျင်ပါမီးလောင်တော့မှာပါ။ ဒါကြောင့်မို့လို့ ဒီအရေးမှာလည်း ကျွန်မတို့ တကယ့်ကိုကူညီနိုင်မယ့်မိတ်ဆွေကောင်းတွေနဲ့ လက်တွဲဖြေရှင်းခြင်းက မမှားဘူးလို့ ကျွန်မအနေနဲ့ အတိအကျယုံကြည်ပါတယ်။ ဒါကြောင့်မို့ အခုဆိုရင် အားလုံး၊ တစ်နိုင်ငံလုံးသိရှိပြီးဖြစ်တဲ့အတွက် အဆိုရှင်ကြီးစိုးရိမ်သလို ဖြစ်စရာအကြောင်းမရှိတော့တာမို့ အဆိုရှင်ရဲ့အဆိုကို ဒီနေရာမှာ မလိုအပ်တာကို ကျွန်မအနေနဲ့ ကန့်ကွက်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမြဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံတင်သွင်းတဲ့အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ကို ဖွဲ့စည်းကြောင်း ဖော်ပြထားပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေအခန်း(၄)၊ အတိုင်ပင်ခံပုဂ္ဂိုလ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များ ဖော်ပြချက်အရ ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ရန် လုပ်ပိုင်ခွင့်တာဝန်ပေးအပ်မှုမျိုးကို အခွင့်အာဏာပေးအပ်ထားသည်ကို မတွေ့ရပါဘူး။ ကော်မရှင်ဖွဲ့စည်းတဲ့ကိစ္စဟာ နိုင်ငံတော်အတွက် အထူးအရေးကြီးပြီး အတိမ်းအစောင်းမခံတဲ့ကိစ္စဖြစ်တဲ့အတွက် လုပ်ဆောင်မှုနည်းလမ်း

**မှုကြမ်း**

မှားယွင်းခြင်း၊ ဒေသခံပြည်သူလူထု၏ထောက်ခံမှုမရရှိခြင်းကြောင့် မလိုလားအပ်သောပြဿနာများ၊ နစ်နာဆုံးရှုံးမှုများ နက်ရှိုင်းစွာဖြစ်ပေါ်လာနိုင်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွား ကို ထိခိုက်လာနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ပွင့်လင်းမြင်သာစွာနဲ့ ပြည်သူ့ကိုယ်စားဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အတည်ပြုချက်ရယူပြီး အထူးဂရုပြု ဆောင်ရွက်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ပြဿနာဟာ ရခိုင်ဒေသအတွင်းရှိ တိုင်းရင်းသား များကြုံတွေ့နေရတဲ့ ပြည်တွင်းရေးပြဿနာဖြစ်ပါတယ်။ ကော်မရှင်မှာ နိုင်ငံတကာပုဂ္ဂိုလ်များ ပါဝင် လာခြင်း၏နောက်ကွယ်မှာ နိုင်ငံအတွက် ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အခြေအနေကို ရောက်သွား နိုင်ကြောင်း သတိပြုသင့်ပါတယ်။ နိုင်ငံသားမဟုတ်တဲ့ နိုင်ငံခြားသား တရားမဝင်ဘင်္ဂါလီလူမျိုးများ အနေဖြင့် ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ နေထိုင်ရန်အရေးကြီးပြီး ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှု ဥပဒေအရ ဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြဿနာများကို ပိုမိုကျယ်ပြန့်လာစေခြင်း၊ အခြေ အနေပိုမိုရှုပ်ထွေးသွားစေခြင်းမရှိစေရန်နှင့် တစ်ဖက်နှင့်တစ်ဖက် အမုန်းတရားတွေမဖြစ်ပေါ်စေရေး၊ ထိန်းသိမ်းရန်ကတော့ လက်ရှိအစိုးရရဲ့ တာဝန်ပဲဖြစ်ပါတယ်။ လုံခြုံရေးနဲ့တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အခြေခံကျကျစဉ်းစားပြီး အစိုးရရဲ့အခွင့်အာဏာအတွင်းကနေ နိုင်ငံတော် နှင့် နိုင်ငံသား ဒေသခံတိုင်းရင်းသားတွေရဲ့ မွေးရာပါအခွင့်အရေး အကျိုးစီးပွားကို ရှေးရှုပြီးတော့ ပိုမို ကောင်းမွန်တဲ့အစီအမံတွေရေးဆွဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၆၁ ပုဒ်မခွဲ(ခ)ပါပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတကသာ စာချုပ်များနှင့် သဘောတူညီချက်များ ကို ဆောင်ရွက်ခွင့်ရှိတဲ့အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းဟာ ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်အတွင်း ခွင့်ပြုထားခြင်းရှိ/မရှိကို ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြ အတည်ပြုချက် ရယူထားခြင်းရှိ/မရှိ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနတို့အနေဖြင့် ယခုကဲ့သို့ ထိလွယ်ရှလွယ်ပြီး သိမ်မွေ့နက်နဲသော ပြည်တွင်းပြဿနာကို ဖြေရှင်းရန် ဥပဒေလုပ်ထုံးလုပ်နည်းများ နှင့် ညီ/မညီ ပြန်လည်သုံးသပ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့လွှတ်တော်ရဲ့ဆောင်ပုဒ်နှင့်အညီ ဖြစ်စေဖို့ နိုင်ငံခြားသားတွေကို ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်မယ့်ကိစ္စမှာ ထိန်းကျောင်းတည့်မတ်ပေးရမယ့် လွှတ်တော်ရဲ့ကဏ္ဍ အတည်ပြုချက်လို/မလိုစဉ်းစားသင့်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိရမယ့် ဒီမိုကရေစီအစိုးရအနေနဲ့ တစ်နိုင်ငံလုံးနဲ့သက်ဆိုင်ပြီး အင်မတန်သိမ်မွေ့နက်နဲတဲ့ကိစ္စရပ်ကို ပြည်သူ လူထုကို အသိပေးရှင်းလင်းသင့်ပါတယ်။ အကယ်၍ မမျှော်မှန်းနိုင်တဲ့ရှုပ်ထွေးတဲ့ပြဿနာတွေ ထပ်မံ

ကြုံတွေ့လာပါက အစိုးရအနေဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုတို့ရဲ့အကျိုးစီးပွားကို ရှေးရှုပြီး တော့ ဖြေရှင်းဆောင်ရွက်ပေးမယ့် အစီအစဉ်များလည်း ရှိသင့်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေဖြင့်လည်း အစိုးရက အဓိကအင်အားသည် ပြည်သူတွေရဲ့လက်ထဲမှာရှိတဲ့မူကို အလေး ထားကြောင်းနဲ့ အစိုးရအဖွဲ့ဆိုတာ ပြည်သူလူထုရဲ့သဘောထားတွေကို လိုက်နာဖို့နဲ့ အလေးထားဖို့က အရေးကြီးကြောင်း ၂၀ ရာစုပင်လုံညီလာခံနောက်ဆုံးနေ့တွင် ပြည်သူလူထုကို ကမ္ဘာသိပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်ရဲ့ကုန်ကျစရိတ်နဲ့ပတ်သက်လို့ ကော်မရှင်ဖွဲ့စည်းခြင်း ထုတ်ပြန်ချက်မှာ ဘယ်လိုကျခံဆောင်ရွက်ထားမယ်ဆိုတာကို ဖော်ပြထားခြင်းမရှိပါဘူး။ ကော်မရှင် ကုန်ကျစရိတ်ဟာ နိုင်ငံတော်ဘဏ္ဍာငွေကနေ ကျခံသုံးစွဲမယ်ဆိုလို့ရှိရင် နားလည်မှုစာချွန်လွှာကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေနဲ့ လက်မှတ်ရေးထိုးနိုင်ခြင်းမရှိဘဲနဲ့ ပြည်ထောင်စု လွှတ်တော်ရဲ့ခွင့်ပြုချက်ရရှိမှသာ လက်မှတ်ရေးထိုးနိုင်မှာဖြစ်ပါတယ်။ ကော်မရှင်ကုန်ကျစရိတ်တွေကို ပြည်ပအထောက်အပံ့နဲ့ ဆောင်ရွက်မယ်ဆိုရင်လည်း ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းက ထောက်ပံ့ တယ်။ အနှောင်အဖွဲ့ကင်းလွတ်မှုရှိ/မရှိ။ ဒါတွေကို အသိပေးရှင်းလင်းသင့်ပါတယ်။ ကော်မရှင်ဟာ အစီရင်ခံစာရေးသားဖို့ မြန်မာနိုင်ငံသားတွေကို ခေါ်ယူတွေ့ဆုံတယ်။ မေးမြန်းမယ်။ အဲဒါတွေ ပြုလုပ် ရမှာဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးဦးကို ဥပဒေရဲ့ခွင့်ပြုချက်မှတစ်ပါး မည်သူကမှ မေးမြန်းပိုင်ခွင့် မရှိပါ။ ၎င်းအာဏာမှာ တရားရေးအာဏာသာဖြစ်ပါတယ်။ တရားရေးအာဏာကို ကော်မရှင်သို့ ပေးအပ်ပါက နိုင်ငံတော်ရဲ့တရားရေးဆိုင်ရာ အချုပ်အခြာအာဏာကို နိုင်ငံခြားအဖွဲ့အစည်းတစ်ခုကို ခွဲဝေအပ်နှင်း လိုက်သလို ဖြစ်နေပြီကို သတိပြုသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်လို အခြားတိုင်းရင်းသားပြည်နယ်ဒေသတွေမှာ ပဋိပက္ခတွေ ရှိလာလို့ရှိရင် ဒီကော်မရှင်နည်းတူ နိုင်ငံခြားသားကို ဥက္ကဋ္ဌပေး၍ ဆောင်ရွက်ရမယ့်အစဉ်အလာဖြစ် သွားမှာကိုလည်း သတိပြုသင့်ပါတယ်။ ပြည်ပနိုင်ငံသားကို ဥက္ကဋ္ဌပေးထားပြီး ရခိုင်ပြည်သူများ ယုံကြည်အားကိုးလောက်သူကော်မရှင်တွင် မပါဝင်သဖြင့် အစီရင်ခံစာအပေါ် ယုံကြည်လက်ခံရန် သင့်/မသင့်စဉ်းစားသင့်ပါတယ်။ ပြည်တွင်းရေးပြဿနာကို ကော်မရှင်ကြောင့် နိုင်ငံတကာ Issue အဖြစ် ကူးပြောင်းသွားပြီးတော့ ပြည်ပနိုင်ငံတွေနဲ့ အဖွဲ့အစည်းအသီးသီးရဲ့ပါဝင်စွက်ဖက်နိုင်မှုကို လက်ယက်ခေါ်သလိုဖြစ်ပြီး အချုပ်အခြာအာဏာနဲ့ လုံခြုံရေးကိုထိပါးစေမည့် အန္တရာယ်ရှိလာနိုင် ကြောင်း အထူးသတိချပ်စေလိုပါတယ်။ ကော်မရှင်ရဲ့လူ့အခွင့်အရေးအရ လွန်စွာဦးစားပေးမှုကို အခြေခံသောသုံးသပ်အကြံပြုချက်တစ်ခုခုကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ဒေသခံ

တိုင်းရင်းသားတို့၏ မူလရပိုင်ခွင့်များအပေါ် မလိုလားအပ်သောဆိုးကျိုးများ ဖြစ်ပေါ်လာပါက လွှတ်တော်ကိုယ်စားလှယ်များမှာ သမိုင်းကြောင်းအရ တာဝန်ရှိမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ဖော်ပြလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများနဲ့ ညီ/မညီစသည်တို့ကို ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာချပြသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းသန်းအုန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးထွန်းသန်းအုန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ထွန်းသန်းအုန်း ဖြစ်ပါတယ်။ အဆိုရှင်တင်သွင်းတဲ့အကြောင်းအရာများထဲမှ ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်းပြီး သမိုင်းကြောင်းအခြေအနေကို ဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်တောင်းခံအပ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ရှေးယခင်ကာလက ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်၊ သက်၊ ကမံ၊ မရမကြီးစတဲ့ဒေသခံတိုင်းရင်းသားများ အေးအတူပူအမျှ အတူတကွလက်တွဲနေထိုင်ခဲ့ကြတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ၁၈၂၄ ခုနှစ်၊ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲဖြစ်ပွားပြီးနောက် ဗြိတိသျှတို့ဟာ ရခိုင်ဒေသမှာ လယ်ကူလီလုပ်ရန်အတွက် နယ်မြေချင်းထိစပ်နေတဲ့ ဘင်္ဂလားပြည်နယ်၊ စစ်တကောင်းဒေသမှ ဘင်္ဂါလီတွေကို ခေါ်ယူခဲ့ပါတယ်။ ထိုကဲ့သို့ နေ့စဉ်လယ်ယာလုပ်ငန်းလုပ်ကိုင်ရန် လာရောက်ခဲ့ရာမှ မူရင်းဒေသသို့မပြန်တော့ဘဲ တစ်စတစ်စအခြေကျနေထိုင်မှုကြောင့် ဒေသခံတိုင်းရင်းသားများထက် လူဦးရေအဆမတန်များပြားလာခဲ့ပါတယ်။ ၎င်းတို့ဟာ ဒေသခံရခိုင်တိုင်းရင်းသားတို့နဲ့ ကိုးကွယ်သည့်ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ လူမှု၊ ဓလေ့တို့မှာ လုံးဝတူညီမှုမရှိဘဲ သိသိသာသာကွဲပြားခြားနား ကြပါတယ်။ ၁၉၃၇ ခုနှစ်မှာ နိုင်ငံရေးအပြောင်းအလဲကြောင့် ဘင်္ဂါလီတွေဟာ ဘူးသီးတောင်-မောင်တောသို့ ထပ်မံဝင်ရောက်ခဲ့ရာ ဗြိတိသျှတို့က ရခိုင်ကျေးရွာတွေမှာ ဝင်ရောက်နေထိုင်စေခဲ့ပါတယ်။ ဘင်္ဂါလီများနှစ်စဉ်တရားမဝင်ဝင်ရောက်လာပြီး လူဦးရေတိုးပွားလာခြင်းဟာ ဒေသခံရခိုင်တို့အတွက် နောင်မှာကြီးမားသောအန္တရာယ် ဖြစ်ပေါ်နိုင်သဖြင့် ၁၉၃၉ ခုနှစ်မှာ ဗြိတိသျှတို့က ကော်မရှင်ဖွဲ့ပြီး စုံစမ်းမှုပြုလုပ်ခဲ့ကြောင်းသိရပါတယ်။ ၁၉၄၂ ခုနှစ်အတွင်း ရခိုင်-ဘင်္ဂါလီအဓိကရုန်းမှာ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မှ ရခိုင်ကျေးရွာ ၄၂၇ ရွာ မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ဒေသခံ ရခိုင် ၂၀၀၀၀ ကျော် သတ်ဖြတ်ခံခဲ့ရပါတယ်။ ၁၉၄၆

ခုနှစ်နောက်ပိုင်းမှာ အင်္ဂလိပ်အစိုးရမှ စစ်ပြေးဒုက္ခသည်တွေကို ပြန်လည်နေရာချထားခဲ့ရာမှာလည်း ဘင်္ဂါလီများကို ဦးစားပေးနေရာချထားခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်မှာ ဘင်္ဂါလီဘာသာရေးခေါင်းဆောင်တွေဟာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်များကို မူဆလင်နယ်မြေအဖြစ်သတ်မှတ်ပြီး ဗြိတိသျှတို့ထံမှ ဘင်္ဂလားပြည်နယ်ရရှိရေး တောင်းဆိုတင်ပြခဲ့ရာ မအောင်မြင်ခဲ့သဖြင့် မြန်မာနိုင်ငံလက်ရှိနယ်နိမိတ်အတိုင်း လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း ဘင်္ဂလားတို့မှ မြေပေါ်မြေအောက်လှုပ်ရှားမှုပြုလုပ်ခဲ့ရာ ၁၉၄၇ ခုနှစ်မှာ မူဂျာဟစ်လှုပ်ရှားမှု ပြုလုပ်သဖြင့် ၁၉၄၈ ခုနှစ်မှာ စစ်ဆင်ရေးဖြင့် နှိမ်နင်းခဲ့ပါတယ်။ ၁၉၅၁ ခုနှစ်မှာ မောင်တောမြို့နယ် အလယ်သံရွာ၌ အစ္စလာမ်ညီလာခံကျင်းပပြီး မြန်မာနိုင်ငံအစိုးရအား တောင်းဆိုချက် ၁၁ ချက်တောင်းဆိုခဲ့ပါတယ်။ စစ်ရေး၊ နိုင်ငံရေးလှုပ်ရှားမှုများကို ၁၉၅၄ ခုနှစ်မှာ မုတ်သုံစစ်ဆင်ရေးနှင့် ထပ်မံနှိမ်နင်းခဲ့ပါတယ်။ တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၆၊ ၁၉၆၉၊ ၁၉၇၄ မှာ စစ်ဆင်ရေးလေးကြိမ်နဲ့ နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်မှုကို စိစစ်အရေးယူမှုပြုလုပ်ခဲ့ပေမဲ့ အချိန်ပြည့်အမြဲတမ်းဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် စိမ့်ဝင်မှုများအား စဉ်ဆက်မပြတ်ရှိနေခဲ့ပါတယ်။ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့် ဇွန်လတို့မှာ နဂါးမင်းစစ်ဆင်ရေး ပထမအဆင့်၊ ဒုတိယအဆင့် ဆောင်ရွက်ခဲ့ရာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦးသို့ တရားမဝင်ဝင်ရောက်ခဲ့တဲ့ ဘင်္ဂါလီတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်။ ၁၉၇၈ ခုနှစ် ဩဂုတ်လမှာ ဒါကာမြို့မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်ဖက် ဆွေးနွေး၍ ဒုက္ခသည်များပြန်လည်လက်ခံရေး နယ်နိမိတ်သတ်မှတ်၍ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အောက်တိုဘာလ ၁၅ ရက်မှစတင်ကာ ဟသ်ာစီမံချက်နှင့် ပြန်လည်လက်ခံရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ နဂါးမင်းစစ်ဆင်ရေးများအရ မောင်တောမြို့နယ်မှ ၇၈၉၂၃ ထွက်ပြေးခဲ့ပေမဲ့ ပြန်ဝင်လာသည်ကို စိစစ်ရာထွက်ခွာသူစာရင်းနဲ့ အိမ်ထောင်စု ၅၆၀၃ စု၊ လူဦးရေ ၃၀၃၃၈ ဦးပိုမိုလက်ခံခဲ့ရပါတယ်။ ၁၉၈၈ ခုနှစ်၊ အရေးခင်း ကာလနောက်ပိုင်း တစ်ဖက်နိုင်ငံမှ စိမ့်ဝင်မှုတွေဟာ နယ်စပ်ဒေသရှိမြို့များသာမက စစ်တွေနှင့် ရန်ကုန်မြို့များအထိ ရောက်ရှိခဲ့သဖြင့် ၁၉၉၂ ခုနှစ် ဇွန်လမှာ နယ်စပ်ဒေသလူဝင်မှုစိစစ်ရေးကွပ်ကဲမှု အဖွဲ့ကို ဖွဲ့စည်းပြီး နယ်မြေရှစ်ခု၊ စခန်း ၂၅ ခုနှင့် ဘင်္ဂါလီများ တရားမဝင်ဝင်ရောက်မှု တားဆီးရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းခြင်း သုံးပြီးနောက် နိုင်ငံခြားသားမြို့နယ်များ ကြီးစိုးလှုပ်ရှားမှုမရှိအောင်လည်း ထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ လက်ရှိမှာ မူဆလင်ပြည်နယ်ရရှိရေး၊ လူမျိုးရေးနဲ့ တိုင်းရင်းသားရေး

ရှုထောင့်မှ လှုပ်ရှားဆောင်ရွက်နေသော ရိုဟင်ဂျာဟူသည့်စကားရပ်နှင့် RLNSC အမည်ပေးထားတဲ့ ရိုဟင်ဂျာအမျိုးသားလုံခြုံရေးကောင်စီဆိုပြီး နယ်မြေရရှိရေးအတွက်ကို လက်နက်ကိုင်လှုပ်ရှားမှုများဟာ တစ်ဖက်နိုင်ငံကို အခြေပြုပြီး နိုင်ငံတော်နှင့် ဒေသခံပြည်သူလူထုကို တိုက်ခိုက်နေဆဲဖြစ်ပါတယ်။ ဒါ့အပြင် Boat People ကိုစွရပ်တွေဟာ မူဆလင်တိုင်းပြည်တွေကတစ်ဆင့် မီဒီယာကို အသုံးချပြီး နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အဖွဲ့အစည်းအချို့ရဲ့ထောက်ပံ့မှု၊ နိုင်ငံတကာမီဒီယာများရဲ့ လှုံ့ဆော်ရေးသားမှု၊ နိုင်ငံတကာရဲ့ ဖိအားပေးမှုများကြောင့် နိုင်ငံအတွင်းမှာ လူမျိုးအသစ် နာမည်တစ်ခုပေါ်ထွန်းလာရေးကို အဖက်ဖက်ကကြိုးပမ်းနေချိန်မှာ နိုင်ငံသူ/နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာနဲ့ တည်ဆဲဥပဒေနှင့်အညီ တုံ့ပြန်နိုင်ရန် အထူးပင်အရေးကြီးပါတယ်။ ထို့အတူ မီဒီယာများအပိုင်းကလည်း သမိုင်းအထောက်အထားများနှင့်အညီ ရဲရဲဝံ့ဝံ့တုံ့ပြန်ရေးသားသွားရန် လိုအပ်ပါတယ်။

သို့ပါ၍ ဒေသခံတိုင်းရင်းသားတွေရဲ့ရပိုင်ခွင့်နှင့် အခွင့်အရေးကို ခိုင်မာစွာရပ်တည်ပြီး အပြည့်အဝကာကွယ်ပေးရန်နှင့် မှန်ကန်သည့်သမိုင်းကြောင်းကို လျစ်လျူရှုခြင်းမပြုဘဲ ရခိုင်ပြည်နယ်ရဲ့အရေးကို နိုင်ငံတော်၏အရေး၊ အမျိုးသားရေးအဖြစ်ခံယူပြီး ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်လုံခြုံရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တာဝန်ရှိသူများမှ မှန်ကန်မျှတစွာချင့်ချိန်သုံးသပ်ပြီး တိုင်းရင်းသားများအရေးနဲ့ လူ့အခွင့်အရေးတွင် မည်သည့်ဘက်ကို အလေးထားသင့်သည်ကို အမျိုးသားရေးအသိဖြင့် မှန်ကန်စွာစဉ်းစားဆောင်ရွက်ရန်လိုအပ်ပါတယ်။ ယခင်အစိုးရအဆက်ဆက်လက်ထက်တွင်လည်း ဘင်္ဂါလီများကို အသုံးချပြီး အစိုးရဖွဲ့နိုင်ရေးဆောင်ရွက်ခဲ့ကြရာ သမိုင်းတရားခံအဖြစ် စွပ်စွဲပြစ်တင်မှုများ ရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိအစိုးရအနေဖြင့်လည်း လူ့အခွင့်အရေးကို ရှေ့တန်းတင်ပြီး နိုင်ငံခြားသားများပါဝင်သည့်ကော်မရှင်ကို ဖွဲ့စည်းကာ ရခိုင်ပြည်နယ်အရေးကို ဘက်မလိုက်ဘဲ မှန်ကန်စွာဖြင့် အစီရင်ခံစာရေးသားတင်ပြနိုင်ခြင်းမရှိပါက ယခင်အစိုးရများနည်းတူ သမိုင်းတရားခံဖြစ်သွားမည်ကို သိရှိသုံးသပ်နိုင်ပါရန် သတိပေးဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဇော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒုတိယဗိုလ်မှူးကြီးမြင့်ဇော်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံတင်သွင်းတဲ့ အရေးကြီးအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့်သုံးစွဲခွင့်ပြုပါခင်ဗျား။ ရခိုင်ပြည်နယ်ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ကဖွဲ့စည်းခဲ့တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ကော်မရှင်ရဲ့အစီရင်ခံစာပါ အကြံပြုချက်များကို ယခင်အစိုးရ အနေဖြင့် ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သလို လက်ရှိအစိုးရအနေဖြင့်လည်း ဆက်လက် ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေဖြင့် ကော်မရှင်တစ်ရပ်ကို ထပ်မံ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့ ကော်မရှင်ကိုထပ်မံဖွဲ့စည်းခြင်းဖြင့် ကော်မရှင်များရဲ့ လုပ်ဆောင်ချက်များအပေါ် ပြည်သူများက ယုံကြည်မှုလျော့ပါးစေနိုင်ကြောင်း တွေ့ရှိရပါတယ်။ ရခိုင် ပြည်နယ်အတွင်း နေထိုင်ကြတဲ့ရခိုင်လူမျိုးများနဲ့ တရားမဝင် ဝင်ရောက်လာကြတဲ့ဘင်္ဂါလီများ အကြားမှာ လူမျိုးရေးပဋိပက္ခများ မကြာခဏဖြစ်ပွားခဲ့ကြပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုများလည်း ဖြစ်ခဲ့ပါတယ်။ အဲလိုဖြစ်စဉ်များ ဖြစ်ပွားရတဲ့အကြောင်းအရင်းများနဲ့ နောင်အနာဂတ်မှာ ထပ်မံ မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရန် ဒေါက်တာမျိုးမြင့် ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဖွဲ့ဝင်များဟာ အများပြည်သူများက ယုံကြည်လက်ခံတဲ့ နယ်ပယ်စုံမှ ထင်ပေါ်ကျော်ကြားတဲ့ နိုင်ငံသားကျွမ်းကျင်ပညာရှင်များဖြစ်ခဲ့ကြပါတယ်။ အဖွဲ့ဝင်များဟာဆိုလို့ရှိရင် ပဋိပက္ခဖြစ်ပွားခဲ့တဲ့မြို့နယ်များသို့ အကြိမ်ကြိမ်သွားရောက်ခဲ့ပြီးတော့ အစိုးရဝန်ထမ်းများ၊ ဘာသာရေး ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ ရခိုင်ပြည်နယ်အတွင်းနေထိုင် ကြတဲ့ပြည်သူများနဲ့ တွေ့ဆုံမေးမြန်းခြင်း၊ စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ဆောင်ရွက်ပြီးတော့ အစီရင်ခံစာတင်သွင်းခဲ့ရာမှာ အကြံပြုချက် ၃၅ ချက်ပါဝင်တာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေဖြင့်၊ ကော်မရှင်အနေဖြင့် ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျစွာ သုံးသပ်တင်ပြဆောင်ရွက်နိုင်မှုကြောင့် အစီရင်ခံစာပါ အကြံပြုချက်များကို ရခိုင်ပြည်နယ်ရှိ ဒေသခံလူထုအားလုံးက လက်ခံကြကြောင်းနှင့် အားလုံးက ကြိုဆိုထောက်ခံကြောင်း သိရှိရပါတယ်။ အစီရင်ခံစာရဲ့အကြံပြုချက်များအပေါ် ယခင်အစိုးရရဲ့ ဖြေ ရှင်း ဆောင်ရွက်မှု အခြေအနေနဲ့ လက်ရှိအစိုးရရဲ့ ဆက်လက်ဆောင်ရွက်မှု အခြေအနေများကို

ပြည်သူများ အနေဖြင့် သိရှိခွင့်မရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက် ခဲ့မှုအားနည်းခဲ့သော်လည်းပဲ ယနေ့အချိန်မှာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဘင်္ဂါလီများအား ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအရ စိစစ်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသအခြေအနေမှာ လတ်တလောတည်ငြိမ်အေးချမ်းစပြုနေပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယခင်အစိုးရက ဖွဲ့စည်းခဲ့တဲ့ ကော်မရှင်ရဲ့အကြံပြုချက်များကို လျစ်လျူရှုကာ ထပ်မံဖွဲ့စည်းလိုက်တဲ့ ကိုဖီအာနန် အပါအဝင် နိုင်ငံခြားသားသုံးဦးပါဝင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံရဲ့ပြည်တွင်းရေးပြဿနာတစ်ခုကို နိုင်ငံတကာပြဿနာတစ်ခုဖြစ်လာအောင် ပုံကြီးချဲ့ဖန်တီးလိုက်သလိုဖြစ်သွားမှာကိုလည်း စိုးရိမ်ပါတယ်။ ဒါ့အပြင် ထွက်ပေါ်လာတဲ့ အစီရင်ခံစာအနေဖြင့်လည်း မိမိတို့နိုင်ငံအတွက် မလိုလားအပ်တဲ့ပြဿနာတွေ၊ ရှုပ်ထွေးမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာကိုလည်း အထူးပင် စိုးရိမ်မိပါတယ်။ နိုင်ငံတကာက လက်ခံနိုင်အောင် ယခုကဲ့သို့ ကော်မရှင်ကို ဖွဲ့စည်းခြင်းဟာ လက်ရှိအစိုးရအတွက် ကောင်းမွန်တဲ့ပုံရိပ်ကို ဖြစ်ပေါ်စေနိုင်သော်လည်းပဲ ကော်မရှင် ဖွဲ့စည်းမှုအပေါ်မှာ ပွင့်လင်းမြင်သာမှုမရှိတဲ့အတွက် ပြည်တွင်းမှာ ဝေဖန်မှုများနှင့် ကြုံတွေ့နေရပါတယ်။ ထွက်ပေါ်လာမယ့် အစီရင်ခံစာကလည်း ဘက်လိုက်မှုကင်းပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင်ဆောင်ရွက်သည်ဟု ဆိုစေကာမူ နိုင်ငံတော်ရဲ့အကျိုးစီးပွားကိုလည်း ကြည့်ရပါမယ်။ ဒေသခံတိုင်းရင်းသားများရဲ့ ရပ်တည်ချက်သဘောထားကိုလည်း ကြည့်ရပါမယ်။ အဲဒီအချက်တွေနဲ့ ဆန့်ကျင်နေခဲ့မယ်ဆိုလို့ရှိရင်တော့ နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်လာနိုင်ပြီးတော့ မိမိတို့နိုင်ငံအတွင်းမှာ မတည်ငြိမ်မှုများဖြစ်တဲ့အထိ ဖြစ်ပေါ်လာနိုင်တယ်ဆိုတာကိုလည်း သတိပြုစေလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ရခိုင်ပြည်နယ်အရေးဟာ မိမိတို့နိုင်ငံရဲ့ ပြည်တွင်းရေးသာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ပြည်တွင်းရေးကိစ္စတစ်ခုကို မိမိတို့နိုင်ငံသား တတ်သိပညာရှင်များနှင့် ကျယ်ပြန့်စွာအချိန်ယူစုံစမ်းစစ်ဆေးခဲ့ပြီး ရခိုင်ပြည်နယ် ပဋိပက္ခစုံစမ်းစစ်ဆေးရေး ကော်မရှင်အစီရင်ခံစာကို တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုများရဲ့ ဘာသာရေးယုံကြည်ကိုးကွယ်မှုနှင့် လူမှုရေးဓလေ့ထုံးတမ်းအစဉ်အလာများကို ထဲထဲဝင်ဝင်နားလည်သိရှိနိုင်မှုမရှိတဲ့ နိုင်ငံခြားသားများကို ကော်မရှင်မှာထည့်သွင်းဖွဲ့စည်းဆောင်ရွက်ခြင်းဟာဆိုလို့ရှိရင် ယခင်က မိမိတို့နိုင်ငံသား တတ်သိပညာရှင်များရဲ့ စုံစမ်းစစ်ဆေးဆောင်ရွက်မှုများကို မယုံကြည်ရာရောက်သလို ဒေသခံတိုင်းရင်းသားတို့ရဲ့ ရပ်တည်ချက်နှင့် သဘောထားများကိုလည်း ပစ်ပယ်ရာရောက်စေပါတယ်။ အကယ်၍ လိုအပ်ချက်အရ ဖွဲ့စည်းဆောင်ရွက်မည်ဆိုပါကလည်း ကော်မရှင်ဖွဲ့စည်းမှုနှင့် ကော်မရှင်

**မူကြမ်း**

တွင်ပါဝင် ဖွဲ့စည်းမယ့်ပုဂ္ဂိုလ်များအကြောင်းကို ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးသို့ ပွင့်လင်းမြင်သာစွာချပြပြီးမှ အတည်ပြုဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ရခိုင်ပြည်နယ်အရေးကိစ္စဟာ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းသားအရေး၊ ပြည်တွင်းရေးသာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတစ်ရပ်ကို နိုင်ငံတကာက ဖိအားကြောင့်ဖြစ်စေ၊ နိုင်ငံတကာပုံရိပ်ကောင်းစေရန်အတွက်ဖြစ်စေ၊ နိုင်ငံခြားသားများပါဝင်တဲ့ ကော်မရှင်နှင့် စစ်ဆေးဆောင်ရွက်ခဲ့ပြီး အကြံပြုချက်၊ သုံးသပ်ချက်များတောင်းခံ၍ မိမိတို့နိုင်ငံသားများက လိုက်နာဆောင်ရွက်ခြင်းဟာ ဒေသခံတိုင်းရင်းသားများအတွက် နစ်နာမှုရှိစေနိုင်မည့် မည်သို့မျှမသင့်တော်တဲ့ ကိစ္စဖြစ်ပါတယ်။ ယခင်အစိုးရအဆက်ဆက်မှာလည်း ဘင်္ဂါလီကိစ္စနှင့်စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရာတွင် အားနည်းခဲ့တဲ့အတွက် သမိုင်းတရားခံအဖြစ် စွပ်စွဲပြစ်တင်မှုများ ရှိခဲ့ပါတယ်။ လက်ရှိအစိုးရသစ်အနေဖြင့်လည်း နိုင်ငံတကာက လက်ခံနိုင်အောင် ရခိုင်ကော်မရှင်ကို နိုင်ငံခြားသားများ ဦးဆောင်ကာ ဖွဲ့စည်းခြင်းဖြင့် ဖြစ်ပေါ်လာမယ့်အကျိုးဆက်များကြောင့် သမိုင်းတရားခံမဖြစ်စေရေး သတိပြုဆောင်ရွက်နိုင်ရန် သတိပေးရင်း ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ဖွဲ့စည်းခြင်းကို သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ တင်သွင်းသွားခဲ့တဲ့ အရေးကြီးအဆိုနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်နေ့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့တဲ့ နိုင်ငံခြားသားများဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်ခြင်းဟာ ရခိုင်ပြည်နယ်နှင့် ပြည်နယ်အတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်တဲ့ အရေးကြီးကိစ္စဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း သြဂုတ်လ ၃၁ ရက်နေ့က စတင်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို ကျင်းပနေချိန်ဖြစ်လို့ ယခုလို နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နိုင်ငံသားတို့ရဲ့ လုံခြုံရေး

အတွက် အလွန်အရေးကြီးပြီး အမှားအယွင်းမခံတဲ့ အရေးကြီးကိစ္စကို အဆောတလျင်ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့အကျိုးဆက်များဟာ ရခိုင်ပြည်နယ်တစ်ခုတည်းသာမက ဒေသအတွင်းမှာရှိတဲ့ တိုင်းရင်းသားများကိုပါ သက်ရောက်နိုင်ကြောင်း သတိပေးပြောကြားလိုပါတယ်။ ဒါ့အပြင် ယခုလို နိုင်ငံခြားသားများဦးဆောင်တဲ့ ကော်မရှင်ဖွဲ့စည်းခြင်းကို နိုင်ငံတော်အစိုးရရဲ့ စီမံခန့်ခွဲမှုနဲ့သာ ဆောင်ရွက်သင့်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူများကို ပွင့်လင်းမြင်သာစွာချပြပြီး သဘောထားအကြံပြုချက်များလည်း ရယူသင့်ပါတယ်။ ယခုကိစ္စမှာ သက်ဆိုင်ရာဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ပြီးမှသာသိရပြီး ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ခြင်း၊ သဘောထားရယူခြင်းများ မရှိကြောင်းတွေ့ရပြီး ပြည်ထောင်စုအစိုးရနှင့် သဘောတူညီမှုရယူခဲ့ခြင်း ရှိ/မရှိဆိုတာကိုလည်း မသိရပါ။ နိုင်ငံတော်ရဲ့အတိုင်ပင်ခံဆိုင်ရာဥပဒေ အခန်း(၄) ပုဒ်မ ၅ ပုဒ်မခွဲ(ခ)အရ အကြံပြုချက်များ၊ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တာဝန်ခံရမယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်အရ အကြံပေးကော်မရှင်ကို ဘက်လိုက်မှုကင်းတဲ့၊ လူအများလေးစားတဲ့၊ အတွေ့အကြုံရင့်ကျက်တဲ့၊ ထင်ပေါ်ကျော်ကြားတဲ့၊ မြန်မာနိုင်ငံသားခြောက်ဦး၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်သုံးဦး ပါဝင်ဖွဲ့စည်းမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ လက်ရှိရွေးချယ်ထားတဲ့ကော်မရှင်အဖွဲ့ဝင်များနှင့်ပတ်သက်ပြီး မည်သို့သော အရည်အချင်းနှင့်ပြည့်စုံကြောင်း၊ မည်သူက မည်သည့်အထောက်အထားနှင့် အတည်ပြုရွေးချယ်ခဲ့တယ်ဆိုတာကိုလည်း ပြည်သူများသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာ တင်ပြဖို့လိုအပ်ပါတယ်။ မစ္စတာကိုဖီအာနန် အနေနဲ့ ရခိုင်ပြည်နယ်အရေးကိစ္စကဲ့သို့ပြဿနာများကို မည်သည့်နိုင်ငံများမှာ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။ ရခိုင်ပြည်နယ်အရေးကိစ္စဟာ ပြည်တွင်းရေးပြဿနာတစ်ခုသာဖြစ်ပြီး အတိတ်ကာလရဲ့ဆိုးမွေများနှင့် ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပြင်ပမီဒီယာများရဲ့လှုံ့ဆော်ရေးသားမှုများကြောင့် ပိုမိုကျယ်ပြန့်လာခဲ့ခြင်းဖြစ်ပါတယ်။ အဆိုရှင်တင်ပြသလို မိမိနိုင်ငံပြည်တွင်းရေးပြဿနာကို အပြည်ပြည်ဆိုင်ရာပြဿနာအသွင်ဖန်တီးလာပါက နိုင်ငံတော်လုံခြုံရေး၊ အမျိုးသားအကျိုးစီးပွားနှင့် မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးလာနိုင်ပါတယ်။ ယခုလိုနိုင်ငံတော်အတွက် အရေးကြီးကိစ္စတစ်ရပ်ကို အစိုးရ၊ လွှတ်တော်နှင့် ပြည်သူတို့ရဲ့ စီမံခန့်ခွဲမှုနဲ့သာဆောင်ရွက်သင့်ပါတယ်။ ဒီလိုနိုင်ငံခြားသားများရဲ့ အကြံဉာဏ်၊ အကူအညီရယူမှုကြောင့် မိမိတို့

အစိုးရနှင့် လွှတ်တော်အပေါ် ပြည်သူတို့ရဲ့ယုံကြည်မှုကို ကျဆင်းစေပြီး ပဋိပက္ခများပိုမိုရှုပ်ထွေးလာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်အရေးကိစ္စဟာ နည်းပညာပိုင်းနှင့် ဖြေရှင်းရမယ့်ကိစ္စမဟုတ်ဘဲ မိမိနိုင်ငံရဲ့အကျိုးစီးပွားဖြစ်တဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ရင်းစေတနာအမှန်နှင့် ဆောင်ရွက်လိုတဲ့ မြန်မာနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်သာ ဖွဲ့စည်းဖြေရှင်းပေးနိုင်တဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် ယခုလိုပြဿနာများ အခြားပြည်နယ်များမှာလည်း ရှိနေနိုင်တာကို ဂရုပြုရမှာဖြစ်ပြီး အလားတူကော်မရှင်ဖွဲ့စည်းရေး သာဓကပြုတောင်းဆိုမှုများ ရှိလာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်အနေနဲ့ လက်ရှိပြဿနာကို ဖြေရှင်းနိုင်မယ့် ပါဝင်သက်ဆိုင်သူများ၊ နိုင်ငံတကာမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ အရေးပါတဲ့ပုဂ္ဂိုလ်များကို တွေ့ဆုံဆွေးနွေးပြီး အမြင်သဘောထားများ ရယူလေ့လာသုံးသပ်သွားမယ်လို့ ဖော်ပြထားတဲ့အတွက် မိမိနိုင်ငံရဲ့ ပြည်တွင်းရေးပြဿနာကို ထဲထဲဝင်ဝင်သိရှိခြင်းမရှိတဲ့ ပြည်ပနိုင်ငံများမှ ပုဂ္ဂိုလ်များရဲ့သဘောထားအမြင်၊ အကြံပြုချက်များကို ရယူဆောင်ရွက်ခြင်းဖြစ်လို့ ကော်မရှင်ရဲ့အကြံပြုချက်များဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို လွှမ်းမိုးမှုရှိ/မရှိနှင့် သမာသမတ်ကျပြီး မိမိတို့လက်ခံလာနိုင်ဖွယ်ရှိ/မရှိ ခန့်မှန်းမရနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ပနိုင်ငံများမှာ ဒုက္ခသည်အဖြစ်ခံယူထားသူများရဲ့ ပင်ရင်းနိုင်ငံ၌ နောက်ခံအကြောင်းအရာအပါအဝင် နိုင်ငံတကာဆက်သွယ်မှုကိုလည်း သုံးသပ်သွားမယ်လို့ ဖော်ပြထားတဲ့အတွက် ယခုလို နောက်ကြောင်းပြန်ဆောင်ရွက်ခြင်းဟာ အင်မတန်ကျယ်ပြန့် နက်ရှိုင်းပြီး ဘက်လိုက်မှုများ၊ ပြည်ပ ပယောဂများ၊ အဖျက်အမှောင့်များ၊ မတည်ငြိမ်မှုများစတဲ့ ဘက်ပေါင်းစုံမှ ဆက်နွှယ်လာနိုင်ကြောင်း သတိပေးဆွေးနွေးလိုပါတယ်။ အစီရင်ခံစာမှာ မိမိနိုင်ငံအကျိုးကို ထည့်သွင်းမစဉ်းစားဘဲ လူ့အခွင့်အရေးကို ဖောင်းပေးကာ ဒေသခံတိုင်းရင်းသားများရဲ့အရေးကို မျက်ကွယ်ပြုပြီး ၎င်းတို့ဖြစ်စေချင်တဲ့အကြောင်းအရာများကိုသာ အမှန်အဖြစ်ယူဆအကြံပြုလာပါက ပြည်တွင်းရေးပြဿနာကို တရားနည်းလမ်းတကျ ဖြေရှင်းရာမရောက်ဘဲ နိုင်ငံတကာသို့ တိုင်အောင်၊ ကျယ်ပြန့်အောင် လှုံ့ဆော်ဖန်တီးမှုမျိုး ဖြစ်မှာကိုလည်း စိုးရိမ်မိပါတယ်။ ကော်မရှင်ရဲ့ လုပ်ငန်းတာဝန်များအရ ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများ၊ ပါဝင်ဆက်နွှယ်တဲ့ ပုဂ္ဂိုလ်များ၊ ပြည်ပရောက် ဒုက္ခသည်များနှင့်စပ်လျဉ်းပြီး လေ့လာဆန်းစစ်ခြင်းများဆောင်ရွက်မှာဖြစ်လို့ နှစ်နှင့်ချီသော ကာလအတွက် ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားသုံးငွေများကုန်ကျမှာ ဖြစ်ပါတယ်။ ဒီကုန်ကျစရိတ်များနှင့်ပတ်သက်ပြီး နိုင်ငံတော်ဘဏ္ဍာမှကျခံနိုင်ခြင်းရှိ/မရှိ၊ အကယ်၍ ဒီကုန်ကျ

စရိတ်ကို ပြည်ပအထောက်အပံ့နဲ့ ဆောင်ရွက်မယ်ဆိုရင် ဘက်လိုက်တဲ့အဖွဲ့အစည်း၊ နိုင်ငံတို့က ကူညီထောက်ပံ့ခြင်းဖြစ်ပါက ထွက်ပေါ်လာတဲ့အစီရင်ခံစာဟာ တရားမျှတမှုကို အာမခံနိုင်ခြင်းရှိ/မရှိ သံသယဖြစ်ဖွယ် ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်နှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံအတွင်း သွားလာမှု၊ နေထိုင်မှု၊ ဆောင်ရွက်မှုများနှင့်ပတ်သက်လို့လည်း မည်သည့်ကန့်သတ်ချက်များ မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ခွင့်ပြုတဲ့အကြောင်းကို သိရှိဖို့လိုအပ်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ပြည်တွင်းအားသည် ပြည်မသာရှိသည်ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ မိမိနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်သာ ကော်မရှင်ဖွဲ့စည်းသင့်ပါကြောင်းနှင့် အရေးကြီးအဆိုနှင့်ပတ်သက်ပြီး နိုင်ငံတော်အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူလူထုအကျိုးကို ရှေးရှုပြီး စဉ်းစားဆောင်ရွက်ကြပါ။ အမှန်တရားနှင့်ပတ်သက်လို့လည်း Might is rights မဖြစ်စေဘဲ Right is right ဖြစ်စေဖို့ စဉ်းစားဆောင်ရွက်ကြပါ။ ဖြစ်ပေါ်လာမယ့် ကောင်းကျိုးဆိုးကျိုးများဟာ ပြည်သူလူထုကသာ အဓိကခါးဆီးခံရမှာဖြစ်လို့ နောင်သမိုင်းတရားခံမဖြစ်စေရေး အလေးထား ဆောင်ရွက်ကြပါလို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်က ဦးတင်အေးဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံသို့ နိုင်ငံတော်သစ်အနေနဲ့ ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ကာလအတွင်းမှာပဲ ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့ရဲ့ ပြည်တွင်းရေးအပေါ်ဝင်ရောက်စွက်ဖက်မှုတွေ ရှိနေတာကိုလည်း အားလုံးတွေ့ရှိပြီးဖြစ်ပါတယ်။ မိမိတိုင်းပြည်အရေးကို ပြည်တွင်းမှာ မည်သို့ပင် အယူအဆကွဲလွဲစေကာမူ ပြည်ပနိုင်ငံရေးနိုင်ငံတွေက ဝင်ရောက်စွက်ဖက်လာမှာကိုတော့ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများအားလုံး ကာကွယ်ကြရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင်မိမိတို့နိုင်ငံရဲ့အချုပ်အခြာအာဏာဟာ မိမိတို့နိုင်ငံသားများလက်တွင်းမှာပဲ ရှိနေသင့်တာကြောင့်ဖြစ်ပါတယ်။ ဒါ့အပြင် ဩဂုတ်လ ၂၆ ရက်နေ့က သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ကော်မရှင်ရဲ့လုပ်ပိုင်ခွင့်နှင့်အကြံပေး

ကော်မရှင်ရဲ့ရှာဖွေတွေ့ရှိချက်များ၊ အကြံပြုတင်ပြချက်များကို နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်မှ တစ်ဆင့် အစိုးရသို့တင်ပြရန်ရှိသကဲ့သို့ OIC အပါအဝင် နိုင်ငံတကာဖိအားများရှိနေကြောင်းကိုလည်း အတိအလင်းပြောကြားခဲ့ပါတယ်။ ဥက္ကဋ္ဌအဖြစ်တာဝန်ပေးမယ့်ပုဂ္ဂိုလ်ဟာဆိုရင် ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့စဉ် ဘိုဆိုပိုစစ်ပွဲနှင့်ပတ်သက်လို့ အကာအကွယ်ပေးရန်တာဝန်ရှိမှု (Responsibility to Protect- R to P) အယူအဆကို တိုက်တွန်းခဲ့သူတစ်ဦးဖြစ်ပါတယ်။ R to P ရဲ့ သဘောတရားကိုအတိုချုံးပြောရရင် နိုင်ငံတကာရဲ့အစိုးရတစ်ရပ်ဟာ စစ်ပွဲ သို့မဟုတ် အခြား အကြောင်းအရာတွေကြောင့် မိမိနိုင်ငံသားတွေရဲ့ လူ့အခွင့်အရေးနှင့်အသက်အိုးအိမ်ကို ကာကွယ် မပေးနိုင်လျှင် သို့မဟုတ် အစိုးရကိုယ်တိုင်နစ်နာဆုံးရှုံးအောင်လုပ်နေတယ်လို့ယူဆရင် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်အနေနဲ့ ဝင်ရောက်စွက်ဖက်ခွင့်ရှိတယ်ဆိုတဲ့သဘောပဲဖြစ်ပါတယ်။ ဆိုလိုတာကတော့ Kill for Peace keeping forces တွေ ကျွန်တော်တို့နိုင်ငံထဲကို ရောက်လာပါလိမ့်မယ်။

ကျွန်တော်တို့ ရခိုင်ပြည်အရေးနှင့်ပတ်သက်လို့ နိုင်ငံတကာနှင့်တစ်ဖက်စွဲအယူအဆတွေ ရှိတယ်ဆိုတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ပြည်ပနိုင်ငံသားတစ်ဦးဖြစ်ပြီး ကုလမသဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်စဉ် R to P ကို အသက်သွင်းခဲ့တဲ့ပုဂ္ဂိုလ်ရဲ့ အကြံပြု ချက်တွေဟာ ကျွန်တော်တို့ပြည်သူတွေရဲ့ဆန္ဒ၊ ကျွန်တော်တို့ကိုယ်စားလှယ်ကြီးများရဲ့ဆန္ဒ၊ ကျွန်တော် တို့နိုင်ငံ၊ ကျွန်တော်တို့ရခိုင်တိုင်းရင်းသားဆန္ဒနှင့် ကိုက်ညီပါ့မလားဆိုတာ စဉ်းစားစေချင်ပါတယ်။ အကယ်၍ ကျွန်တော်တို့နှင့်ဆန့်ကျင်နေတဲ့အဖြေကိုအကြံပြုခဲ့လို့ နိုင်ငံတကာကပိုမိုဖိအားပေး စွက်ဖက်လာခဲ့မယ်ဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့မြေပုံပေါ်ကရခိုင်ပြည်နယ်အတွက် စိတ်မကောင်း စရာရလဒ်တွေနဲ့ ရင်ဆိုင်လာရနိုင်တယ်ဆိုတာကိုလည်း သတိချပ်စေလိုပါတယ်။ ယခင်အစိုးရ လက်ထက်မှာ လူသားချင်းစာနာထောက်ထားမှုအရ ပြည်ပအဖွဲ့အစည်းအချို့ကို ရခိုင်ပြည်နယ်သို့ သွားရောက်လေ့လာခွင့်ပြုခဲ့ပါတယ်။ ဒါပေမဲ့ ရခိုင်ပြည်နယ်ကို လာရောက်ခဲ့ကြတဲ့ ပြည်ပအဖွဲ့အစည်း များသာမက သံတမန်များ၊ ကုလသမဂ္ဂအခွင့်အရေးကိုယ်စားလှယ်များအပါအဝင် မိမိတို့ရခိုင် တိုင်းရင်းသားများထက် ခိုးဝင်ဘင်္ဂါလီများအတွက်သာ ဖိအားပေးသုံးသပ်ခဲ့ကြတာကို ကိုယ်စားလှယ် ကြီးများ အသိပဲဖြစ်ကြပါလိမ့်မယ်။ စားနပ်ရိက္ခာနှင့်ရေ၊ ဆေးဝါးထောက်ပံ့မှုမှာတောင် တစ်ပြေးညီရရှိ ခဲ့ခြင်း မရှိပါဘူး။ ဒါ့အပြင် နိုင်ငံတကာစာမျက်နှာထက်မှာလည်း မိမိတို့အစိုးရကသာ လူသားချင်း စာနာမှုမရှိ၊ အတင်းဖိနှိပ်ချုပ်ချယ်ခဲ့သယောင်ရေးသားခဲ့ခြင်းဟာလည်း ငြင်းဆန်ဖို့ ခက်ခဲတဲ့ သက်သေ အထောက်အထားတွေပဲဖြစ်ပါတယ်။ ဒီနေရာမှာ မိမိနိုင်ငံ၊ မိမိတိုင်းရင်းသား၊ ရခိုင်တိုင်းရင်းသားတွေ

ရဲ့ သမိုင်းဇစ်မြစ်ကို မိမိနိုင်ငံကပညာရှင်တွေလောက် ပြည့်စုံသိရှိမှုအားနည်းတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် အခြားအဖွဲ့အစည်းပေါင်းများစွာရဲ့ သုံးသပ်ချက်တွေအပေါ် အလေးထားခဲ့ရင်၊ ဒါမှမဟုတ်ရင်လည်း လွှမ်းမိုးခံခဲ့ရရင် ရခိုင်ပြည်နယ်ဟာ R to P အရဖြေရှင်းသင့်ပါတယ်လို့ အကြံပြုခဲ့ရင် ကျွန်တော်တို့ဘယ်လို တုံ့ပြန်မလဲဆိုတာ ကြိုတင်စဉ်းစားသင့်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်းမှာ ကမ္ဘာကျော်လူအစုလိုက်အပြုံလိုက် သေကျေပျက်စီးမှုတွေနှင့်ပတ်သက်လို့ နာမည်ကောင်းမရခဲ့ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ Power Point သုံးခွင့်မပြုပါဘူး။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)။** ။ ထင်ရှားတဲ့ Genocite အရေးအခင်းတွေကတော့ ဘော့စနီးယားအရေးအခင်း၊ ရဝမ်ဒါလူမျိုးတုန်းသတ်ဖြတ်မှု၊ ဆူဒန်ဒါရန်လူမျိုးတုန်းသတ်ဖြတ်မှုတွေပဲ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေနှင့်ပတ်သက်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို Security of General Genocite လို့တောင်မှရယ်စရာအနေနဲ့ ပြောဆိုခဲ့တာကို မှတ်သားလေ့လာခဲ့ဖူးပါတယ်။ ၁၉၉၇ ခုနှစ်မှာ ကိုဆိုဗိုအရေးအခင်းဖြစ်ခဲ့ပါတယ်။ ဒီအရေးအခင်းမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ခွင့်ပြုချက်မရဘဲ လူနည်းစုအတွက် အမေရိကန်ဦးဆောင်တဲ့ နေတိုးအဖွဲ့က ဝင်ရောက်စွက်ဖက်ခဲ့တာကိုလည်း အတွင်းရေးမှူးချုပ်တစ်ဦးအနေဖြင့် တားမြစ်နိုင်ခြင်းမရှိပါဘူး။ အင်အားကြီးနိုင်ငံတွေအနေနဲ့ကတော့ Human Itarian Intervention လူသားချင်းစာနာမှုအရ ဝင်ရောက်စွက်ဖက်ခြင်းလို့ စကားလုံးလှလှလေးသုံးခဲ့ကြပါတယ်။ အမှန်ကတော့ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်အရေးမှာ မင်းတို့ဘက်ကခိုင်မာတဲ့သမိုင်းအထောက်အထားများကို သမိုင်းပညာရှင်များကိုယ်တိုင် ဖော်ထုတ်ခဲ့ကြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရခိုင်တိုင်းရင်းသားတွေအတွက် ကျွန်တော်တို့ဘက်မှာ သမိုင်းကြောင်းအခိုင်အမာရှိနေပြီးသားကိစ္စ၊ ယခင်အစိုးရလက်ထက်မှာ ရခိုင်ပြည်နယ်စုံစမ်းရေးကော်မရှင်ကအကြံပြုချက်များရှိနေပြီးသားကိစ္စကို အသစ်ကပြန်စခြင်းအားဖြင့် ထိလွယ်၊ ရှလွယ်တဲ့အခြေအနေများဖြစ်ပွားလာနိုင်ကြောင်းကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာများနှင့် ပဋိပက္ခတို့ဟာ ပြည်တွင်းရေးသာဖြစ်၍ ခေတ်အဆက်ဆက်မြန်မာနိုင်ငံသားများကသာ တာဝန်ယူဖြေရှင်းခဲ့ကြရပါတယ်။ သာဓကများအနေနဲ့ ၁၉၇၈ ခုနှစ်မှာ နဂါးမင်းနိုင်ငံသားစစ်ဆင်ရေးစီမံချက်ကြောင့် ထွက်ပြေးသွားတဲ့ ဘင်္ဂါလီလူမျိုးကြောင့် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံအကြားပြဿနာကို နှစ်နိုင်ငံတာဝန်ရှိသူများက မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲစခန်းမှာတွေ့ဆုံ၍ ဟင်္သာစီမံချက်ဖြင့် ပြန်လည်လက်ခံခြင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ မောင်တောမြို့နယ် ဘင်္ဂါလီအင်အား ငါးသောင်းခန့်မှ သိမ်းပိုက်ရန်ကြိုးစားမှုကို ပြည်သူ့ရဲနှင့် လုံထိန်းတပ်ရင်းတို့မှ ပြန်လည်ခုခံခဲ့ခြင်း၊ ၁၉၉၄ ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ်မှဝင်လာတဲ့ RSO ၈၀ ခန့်နှင့် မောင်တောမြို့နယ် မောရဝတီကျေးရွာသို့ ဝင်ရောက်စီးနင်းမှုကို မြန်မာ့တပ်မတော်မှ ပြန်လည်ရှင်းလင်းခဲ့ရခြင်းနှင့် ၁၉၉၈ ခုနှစ်မှာ RSO က မောင်တောမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများကို ဝင်ရောက်ဖျက်ဆီးခဲ့ရာ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံခဲ့ကြရပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ် ၁၂ မြို့နယ်တွင် ဖြစ်ပွားခဲ့တဲ့ အရေးအခင်းကိုလည်း မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်နှင့် ပြည်သူ့ရဲများကသာ တာဝန်ယူဖြေရှင်းခဲ့ကြရပါတယ်။ မည်သည့်နိုင်ငံခြားသားမှပါဝင်ကူညီခဲ့ခြင်း မရှိပါ။ ဒါ့အပြင် ထိုပဋိပက္ခများကို စုံစမ်းရန်အတွက်လည်း နိုင်ငံတော်အစိုးရမှ တတ်သိပညာရှင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ စာနယ်ဇင်းပုဂ္ဂိုလ်များ၊ တိုင်းရင်းသားပါတီများမှပုဂ္ဂိုလ်များစသည်ဖြင့် ပြည်တွင်းရေးကိစ္စများကို နိုင်ငံသားများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်ခဲ့ပါတယ်။ ထိုအဖွဲ့ရဲ့အစီရင်ခံစာမှာ ပြန်လည်ထူထောင်ရေးအပြင် ပဋိပက္ခဖြစ်ရမယ့်လတ်တလောနဲ့ နောက်ခံအကြောင်းတရားများ၊ ပဋိပက္ခများ ချုပ်ငြိမ်းအောင် ရေတို၊ ရေရှည်ဆောင်ရွက်သင့်သည့်လုပ်ငန်းများ ကွဲပြားတဲ့အယူဝါဒရှိသူ မတူညီတဲ့လူမျိုးခြား ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်မည့်နည်းလမ်းများ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များပါဝင်၍ နိုင်ငံတော်သမ္မတကိုတင်သွင်းခဲ့တာကို တွေ့ရပါတယ်။ အထက်ပါစုံစမ်းရေးကော်မရှင်ကို ပြည်တွင်းမှတတ်သိပညာရှင်များဖြင့်သာ ဖွဲ့စည်းထားခြင်းကြောင့် ကိုယ့်ပြည်တွင်းရေးကိစ္စရဲ့ နောက်ခံသမိုင်းကြောင်း မြေပြင်အခြေအနေ တိုင်းရင်းသားတွေရဲ့

ခံစားချက်ကို ကြေကြေညက်ညက်သိနိုင်ခြင်းနှင့် ပဋိပက္ခကိုသုံးသပ်ရာမှာလည်းပဲ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်ရဲ့အနာဂတ်၊ လူမျိုးရဲ့ယဉ်ကျေးမှု၊ တည်ငြိမ် အေးချမ်းမှု၊ လူမှုဘဝနှင့် အမျိုးသားအကျိုးစီးပွားရှုထောင့်အမျိုးမျိုးတို့မှ သုံးသပ်ခြင်းတို့ကို အလေးထားဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ပါတယ်။ အကယ်၍ နိုင်ငံခြားသားများ ပါဝင်လာလျှင် ကိုယ့်ပြည်တွင်းကိစ္စရဲ့သမိုင်းကြောင်း မြေပြင်အနေအထား ယဉ်ကျေးမှုနောက်ခံ ခံစားချက်ကို မသိနိုင်ခြင်းနှင့် လတ်တလောအဖြစ်အပျက် အပေါ်ယံကြောလောက်သာသိနိုင်ခြင်း၊ သုံးသပ်ရာမှာလည်း နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူရဲ့အနာဂတ်၊ ဒေသခံလူမျိုးများရဲ့ အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှု၊ တည်ငြိမ်အေးချမ်းမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုနဲ့ အမျိုးသား အကျိုးစီးပွားရှုထောင့်တို့မှ လေ့လာခြင်းမပြုဘဲ လူသားချင်းစာနာထောက်ထားမှု ရှုထောင့်တစ်မျိုးတည်းကသာ သုံးသပ်သွားနိုင်ခြင်းတို့ကြောင့် မလိုလားအပ်တဲ့နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ပါတယ်။

ယခုကော်မရှင်မှာပါဝင်တဲ့ မစ္စတာကိုဖီအာနန်သည် ဘိုဆိုဗိုအရေးအခင်းမှာလုံခြုံရေးကောင်စီ၏ခွင့်ပြုချက်မရရှိဘဲ လူသားချင်းစာနာမှုအရဝင်ရောက်စွက်ဖက်ခြင်း Humanitarian Intervention ဟုအကြောင်းပြခဲ့ပြီး ကုလသမဂ္ဂရဲ့စည်းမျဉ်းကို ချိုးဖောက်ခဲ့သူဖြစ်၍ ယခုရခိုင်ပြည်နယ်ကိစ္စတွင်လည်း ထိုအပြုအမူမျိုးပြုမိမှာကို နိုင်ငံသားများအားလုံး စိုးရိမ်နေကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းကဲ့သို့ ငြိမ်းချမ်းရေးနိုဘယ်ဆုရထားသူ ကျွန်တော်တို့နိုင်ငံမှာရှိပြီးသားဖြစ်ပါတယ်။ မစ္စတာကိုဖီအာနန်က ၁၀ နှစ်သာသာလူသိများပြီးတော့ ကျွန်တော်တို့ဆီက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကတော့ နှစ်ပေါင်း ၃၀ လောက် ယနေ့ထိထင်ရှားတဲ့သူဖြစ်ပါတယ်။ နိုဘယ်လ်ဆုအရည်အချင်းတူပြီး ထင်ရှားကာ ဘယ်သူမှ ကိုယ့်နိုင်ငံလောက် ကိုယ့်လောက်မှ မသိတဲ့လူကို အကြံဉာဏ်ရယူခြင်းဟာ ခေတ်အဆက်ဆက် ရခိုင်ပြည်တွင်းရေးပြဿနာကို ကျွန်တော်တို့မြန်မာတွေ ပိုင်ပိုင်နိုင်နိုင်ဖြေရှင်းနိုင်ရဲ့သားနဲ့ အစဉ်အလာကောင်းကို ငါတို့ခေတ်ကျမှ ညံ့ရလေရော့လားလို့ သမိုင်းတင်ခြင်းမခံရအောင် ကျွန်တော်တို့ရဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေတဲ့ ရခိုင်ပြည်နယ်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီမှာ ပြည်တွင်းတတ်သိပညာရှင် များဖြင့်သာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရင်း အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသင့် ပါတယ်။

**မူကြမ်း**

နိဂုံးချုပ်အနေဖြင့် ပြည်တွင်းရေးကိစ္စမှာ အမှန်တရားကကျွန်တော်တို့မှာ ရှိပြီးသားပါ။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှာ နိုင်ငံခြားသားသုံးဦးပါဝင်လာခြင်းဖြင့် ကျွန်တော်တို့နိုင်ငံရဲ့လူမျိုးညွှံ့တာကို ဖော်ပြရာရောက်ခြင်း၊ ပြည်တွင်းရေးကို ပြည်ပမှ တရားဝင်စွက်ဖက်သည့်သဘောဆောင်နေခြင်း၊ လူ့အခွင့်အရေးရှုထောင့်တစ်ခုတည်းကသာ ဆုံးဖြတ်မှုကြောင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အမျိုးသားအကျိုးစီးပွားပျက်ပြားမှာကို ပြည်သူများအားလုံး စိုးရိမ်နေကြပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူကယုံကြည်စွာအပ်နှင်းထားသော နိုင်ငံတော်အစိုးရတစ်ရပ်အနေဖြင့် ပြည်သူတို့ရဲ့စိုးရိမ်သောကကို အလေးထားဖြေဖျောက်ပေးရန်နဲ့ နိုင်ငံတော်ရဲ့ရေရှည်အကျိုးဖြစ်ထွန်းမှုအားလုံးကိုကြည့်၍ ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိုင်ငံခြားသားသုံးဦးကို ထည့်သွင်းဖွဲ့စည်းခြင်းအား လက်မခံနိုင်၍ ပယ်သင့်ပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ကျွန်တော် မိုင်းပျဉ်းမဲဆန္ဒနယ် ပြည်သူ့ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်မှ ဦးအောင်ကျော်ဇံရဲ့ အရေးကြီးအဆိုကို အကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် ပဋိပက္ခသည် ၂၀၁၂ ခုနှစ်တွင် လူမှုရေးပြဿနာတစ်ခုအပေါ် အခြေတည်စတင်ခဲ့ခြင်းဖြစ်သော်လည်း ယင်းပဋိပက္ခဟာ ရခိုင်ပြည်နယ်အတွင်း ဆယ်စုနှစ်ပေါင်းများစွာကပင် လက်နက်အကြမ်းဖက်မှုများနှင့် ပြည်ပအဖွဲ့အစည်းများရဲ့ မမှန်မကန်သုံးသပ်ချက်များကို ထင်ရှားစေလို၍ ချဲ့ထွင်ဖော်ပြချက်များပါ တွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်ကိစ္စဟာ ပြည်တွင်းရေးကိစ္စဖြစ်ပြီး ယခင်အစိုးရလက်ထက်မှာ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့တဲ့ ပဋိပက္ခများနှင့် စုံစမ်းရေးကော်မရှင်ကို ဒေါက်တာမျိုးမြင့်အား ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ကာ ပြည်တွင်းအတတ်ပညာရှင်၊ အသိပညာရှင် ၂၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ကော်မရှင်မှာ စုံစမ်းစစ်ဆေးမှုများကို ကွင်းဆင်းပြုလုပ်ခဲ့ပြီးတဲ့နောက် ၂၂-၄-၂၀၁၃ ရက်နေ့မှာ အစီရင်ခံစာအချက်(၈)ချက်ကို နိုင်ငံတော်သမ္မတထံတင်ပြခဲ့ပါတယ်။ စုံစမ်းရေးကော်မရှင်ရဲ့ အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ၆-၁၁-၂၀၁၃ ရက်နေ့မှာ ဒုတိယသမ္မတ(၁) ဥက္ကဋ္ဌအဖြစ်နဲ့ အဖွဲ့ဝင် ၂၇ ဦးပါဝင်တဲ့ ရခိုင်ပြည်နယ်

တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီခြောက်ရပ်ကိုဖွဲ့စည်းတာဝန်ပေးအပ်ပြီးနောက် ကော်မတီက ရခိုင်ပြည်နယ်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခများ စတဲ့ကိစ္စရပ်များကို အတတ်နိုင်ဆုံးအကောင်အထည်ဖော်ခဲ့ပါတယ်။ လက်ရှိအစိုးရအနေဖြင့်လည်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကော်မတီ ငါးခုကို ဖွဲ့စည်းအကောင်အထည်ဖော်ကာ ဗဟိုကော်မတီကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများအပါအဝင် တတ်သိပညာရှင်များ ပါဝင်တဲ့ အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အထက်မှာဖော်ပြခဲ့သလို ရခိုင်ပြည်နယ်အရေးကို ယခင်အစိုးရရော၊ ယခုအစိုးရကပါ မိမိတို့ရဲ့ ပြည်တွင်းရေးကိစ္စလို့ခံယူထားရှိပြီး ပြည်တွင်းမှာရှိတဲ့ တတ်သိပညာရှင်များဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုဖွဲ့စည်းလိုက်တဲ့ ကိုဖီအာနန်ခေါင်းဆောင်တဲ့ အကြံပေးကော်မရှင်မှာ ပါဝင်တဲ့ နိုင်ငံခြားသားသုံးဦးဟာ ရခိုင်အရေး၊ ရခိုင်ပြဿနာများကို ယခင်က ပါဝင်ဆောင်ရွက်ခဲ့ဖူးသူများ လုံးဝမဟုတ်တဲ့အတွက် ထိရောက်တဲ့ အကြံပေးမှုများကို လုပ်ဆောင်နိုင်မယ်လို့ မထင်မိပါ။ ၎င်းအပြင် မိမိတို့နိုင်ငံရဲ့သမိုင်းကြောင်း၊ ဒေသအခြေအနေ၊ နိုင်ငံတော်၏ လုံခြုံရေး၊ အမျိုးသားရေးနှင့် တိုင်းရင်းသားပြည်သူတို့၏ ယဉ်ကျေးမှုနှင့် ခံစားချက်များကို ပြည်တွင်းရှိတတ်သိပညာရှင်များကဲ့သို့ သိရှိနိုင်မည်မဟုတ်ဘဲ မှန်ကန်မှုမရှိတဲ့ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားရေးကို ရှေ့တန်းတင်လာနိုင်ပါတယ်။ ဤသို့ဖြစ်လာရင် တိုင်းရင်းသားပြည်သူတို့၏ မူလအခွင့်အရေးများကို နစ်နာဆုံးရှုံးစေရုံသာမက နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိုပါ ထိခိုက်စေနိုင်တဲ့အခြေအနေများအပြင် ပြည်တွင်းရေးထက် နိုင်ငံတကာအရေးဟု ပုံကြီးချဲ့သွားနိုင်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံညီလာခံရဲ့ ပထမအစည်းအဝေး ကျင်းပပြီးစီးတဲ့နောက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့ ကျေးဇူးတင်စကားမှာ ကျွန်မတို့ရဲ့ မူတစ်ခုကဘာလဲဆိုတော့ ကျွန်မတို့နိုင်ငံရဲ့အင်အားဟာ ဘယ်မှာရှိသလဲဆိုတော့ ပြည်သူတွေရဲ့ လက်ထဲမှာပဲရှိတယ်ဟု မူတစ်ခုကိုအခြေခံပါတယ်။ နိုင်ငံကိုဦးဆောင်တဲ့အစိုးရအဖွဲ့ဆိုတာ ပြည်သူလူထုရဲ့ ဆန္ဒနဲ့ကိုက်ညီစွာ ပြည်သူလူထုရဲ့မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးဖို့တာဝန်ဟာ အကြီးမား

ဆုံးတာဝန်ဖြစ်ပါတယ်လို့ ကျေးဇူးတင်စကားဆိုခဲ့ပါတယ်။ ဆိုလိုတာကတော့ ပြည်သူ့ဆန္ဒမပါဘဲ ဘာမှ မလုပ်ဘူးဆိုတဲ့အဓိပ္ပာယ်သက်ရောက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်ကို တရုတ်ဖြူများကျူးကျော်ဝင်ရောက်ခဲ့စဉ်က ကုလသမဂ္ဂကို အားကိုးတကြီးနဲ့ သွားရောက်တိုင်ပင်ခဲ့ပေမယ့် ထိထိရောက်ရောက်ဖြေရှင်းနိုင်ခြင်းမရှိတဲ့ အတွက်ကြောင့် ကိုယ်ဘာသာကိုယ်တိုက်ထုတ်ခဲ့ရတဲ့သမိုင်းသက်သေတစ်ခု ဖြစ်ပါတယ်။ ကုလသမဂ္ဂ ကိုတောင်ယုံစားအားကိုးလို့မရရင် ကိုဆိုဘိုကိစ္စမှာ လုံခြုံရေးကောင်စီရဲ့အဆုံးအဖြတ်ကိုမနာခံဘဲ နေတိုးအဖွဲ့ကိုဝင်ရောက်တိုက်ခိုက်စေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းကို ဘယ်လောက်ယုံ ကြည်ရမှာလဲဆိုတာကို မေးခွန်းထုတ်စရာဖြစ်လာပါတယ်။ ပြည်သူလူထုရဲ့ဆန္ဒ၊ အထူးသဖြင့် ရခိုင် တိုင်းရင်းသားများရဲ့ဆန္ဒကို ဆန့်ကျင်သွားမယ်ဆိုရင်တော့ ကိုဖီအာနန်မှမဟုတ်ဘဲ သိကြားမင်းကို ဖိတ်ခေါ်အကြံယူရင်လည်း ဒီတစ်သက် ရခိုင်ပြည်နယ်ဟာ ငြိမ်းချမ်းစရာအကြောင်းမရှိနိုင်ပါ။ ဒါကြောင့် မိမိတို့ပြည်တွင်းသမိုင်းအကြောင်းကို ကျွမ်းကျင်၍ ပြည်သူများရဲ့ခံစားချက်ကို နားလည်ပြီး အမျိုးသားရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးထားတဲ့အနေနဲ့ အထက်မှ ဖော်ပြခဲ့သလို ရခိုင်ပြည်နယ်အရေးကို ယခင်အစိုးရအပြင် ယခုအစိုးရကပါ မိမိပြည်တွင်းရေးဟု ခံယူ ထားပြီး ပြည်တွင်းမှာရှိတဲ့ တတ်သိပညာရှင်များဖြင့်သာ ဆောင်ရွက်စေလိုကြောင်း တင်ပြရင်းနိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းတို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးသည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံ ပေးကော်မရှင်တစ်ရပ် ဖွဲ့စည်းသည့်ကိစ္စနှင့်ပတ်သက်ပြီး ၎င်းကိစ္စဟာ ရခိုင်ပြည်နယ်အတွင်း ရောက်ရှိနေထိုင်လျက်ရှိသော ဘင်္ဂါလီလူမျိုးများနှင့်ပတ်သက်သည့်ကိစ္စဖြစ်တဲ့အတွက် ၎င်းလူမျိုး များရဲ့အခြေအနေကို ဦးစွာတင်ပြလိုပါတယ်။ တစ်ဖက်နိုင်ငံမှ ပြောင်းရွှေ့အခြေချလာသူများဖြစ်တဲ့

ဘင်္ဂါလီအနွယ် အစ္စလာမ်ဘာသာကိုးကွယ်သူများဟာ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ မေယုတောင်တန်းနှင့်စစ်တွေတစ်ဝိုက်မှာ အခြေချနေထိုင်လျက်ရှိပါတယ်။ ဒုတိယ ကမ္ဘာစစ်အပြီး မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းနေသည့်ကာလမှာ ယင်းအခြေချဝင်ရောက်လာတဲ့ ဘင်္ဂါလီများက လက်နက်ကိုင်သောင်းကျန်းမှုနည်းလမ်းများအပါအဝင် ရိုဟင်ဂျာလူမျိုးအဖြစ် သတ်မှတ်ရေး၊ နယ်မြေထူထောင်ရေးကို စတင်လှုပ်ရှားခဲ့ပါတယ်။ ၎င်းတို့နေထိုင်လျက်ရှိသည့်ဒေသ များကို အရှေ့ပါကစ္စတန်နယ်မြေအတွင်း သွတ်သွင်းပေးရန် ပါကစ္စတန်ခွဲထွက်ရေးခေါင်းဆောင် အလီဂျင်းနားထံ ကမ်းလှမ်းတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြပါတယ်။ ဘင်္ဂါလီများရဲ့ မူဂျာဟစ် လက်နက် ကိုင်သောင်းကျန်းမှုများကိုလည်း တပ်မတော်ကစစ်ဆင်ရေးများပြုလုပ်၍ နှိမ်နင်းခဲ့ကြရပါတယ်။ ထိုကာလများတွင် မူဂျာဟစ်သောင်းကျန်းသူများက ယင်းနယ်မြေများရှိ ရခိုင်တိုင်းရင်းသားများအား သတ်ဖြတ်ခြင်း၊ ကျေးရွာများအား လုယက်ဖျက်စီးခြင်းများ ပြုလုပ်ခဲ့တဲ့အတွက် ရခိုင်တိုင်းရင်းသား များဟာ ရခိုင်ပြည်နယ်(တောင်ပိုင်း)နှင့် အနောက်ပိုင်းတို့ကို အစုလိုက်အပြုံလိုက်ထွက်ပြေးခဲ့ရပြီး ဘင်္ဂါလီလူမျိုးများအစုလိုက်အပြုံလိုက် ဝင်ရောက်နေထိုင်လာကြပါတယ်။ ယခုကာလတွင် ယင်းလူမျိုး များဟာ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် လူဦးရေ ၉၆ ရာခိုင်နှုန်းကျော်အထိ နေထိုင်လျက်ရှိပြီး ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံအနှံ့အပြားတွင် လူဦးရေတစ်သန်းခန့်အထိ တိုးပွား နေပြီဖြစ်ကြောင်း ကနဦးစစ်တမ်းများအရသိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်မှာ အဆိုပါတစ်ဖက်နိုင်ငံမှ ဝင်ရောက် လာသော ဘင်္ဂါလီလူမျိုးများနှင့်ပတ်သက်၍ ကုလသမဂ္ဂမျက်နှာစာအတွင်း ရိုဟင်ဂျာလူမျိုး သတ်မှတ်ရေး၊ နိုင်ငံသားအဖြစ်အသိအမှတ်ပြုရေး၊ လွတ်လပ်စွာသွားလာနေထိုင်ခွင့်ပြုရေးဟူသော တောင်းဆိုချက်များကို ဘာသာရေးဖိနှိပ်ခွဲခြားမှုခေါင်းစဉ်အောက်သို့ ထည့်သွင်းကာ OIC အဖွဲ့က ဦးဆောင်၍ ကျယ်ကျယ်ပြန့်ပြန့်ဖိအားပေးလာသည့် အနေအထားသို့ရောက်ရှိလာပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရအဆက်ဆက်အနေဖြင့် သမိုင်းစဉ်တစ်လျှောက် မည်သည့်အချိန်ကာလကမှ တိုင်းရင်းသားအဖြစ်၊ ရိုဟင်ဂျာလူမျိုးအဖြစ် လက်ခံခဲ့ခြင်းမရှိသည်ကို လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများအားလုံး အသိပဲဖြစ်ပါတယ်။ သို့ရာတွင် ယင်းကိစ္စများကို ယခင်အစိုးရအဆက်ဆက်မှာ လူသားချင်းစာနာလိုက်လျောမှုဖြင့် ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေကို ပြဋ္ဌာန်းပြီးဖြေရှင်းပေးခဲ့ပါ တယ်။ နဂါးမင်းစစ်ဆင်ရေး ဟသ်ာစီမံချက်များကြောင့် တစ်ဖက်နိုင်ငံသို့ထွက်ပြေးခဲ့သူ ၂ သိန်းကျော် အထိပင်ပြန်လည်လက်ခံမှုများရှိခဲ့ပြီး ဥပဒေနှင့်အညီ နိုင်ငံသားအဆင့်အတန်းများကို သတ်မှတ်ပေးခဲ့

ပါတယ်။ ယခုလက်ရှိအခြေအနေမှာ ဘင်္ဂါလီများအတွင်း ဘာသာရေးလွှမ်းမိုးမှုပြင်းထန်လာပြီး ရိုဟင်ဂျာလူမျိုးအဖြစ် မသတ်မှတ်ပါက နိုင်ငံသားစစ်ဆေးရေးလုပ်ငန်းစဉ်ကို ပူးပေါင်းဆောင်ရွက်ခြင်း မရှိဘဲ ငြင်းဆန်ဆန်ကျင်လျက်ရှိနေကြပါတယ်။ ယာယီနေရာချထားသည့် လုံခြုံရေးစခန်းများ၊ ဒုက္ခသည်စခန်းများကို အကြောင်းပြုပြီး လူသားချင်းစာနာမှုအကြောင်းပြချက်များဖြင့် နိုင်ငံရေးဖိအား များကိုလည်း နိုင်ငံတကာမျက်နှာစာမှာ လုပ်ဆောင်လာကြပါတယ်။ အနောက်နိုင်ငံကြီးများနှင့် OIC အဖွဲ့ဝင်နိုင်ငံ ၅၇ နိုင်ငံတို့ပူးပေါင်းပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံတို့ နှစ်စဉ်အဆိုတင်သွင်းဆုံးဖြတ်ချက်များ ချမှတ်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် ရခိုင်တိုင်းရင်းသား များမှာ အတိတ်က နယ်မြေလုယူမှုများ၊ လူအင်အားဖြင့် အနိုင်ကျင့်မှုများကို ခါးသီးစွာခံစားခဲ့ရပြီး ယနေ့ ခေတ်ကာလတွင် နောက်ထပ်တိုင်းရင်းသားလူမျိုးတစ်မျိုးပေါ်ပေါက်လာမည်ကို မည်သို့မျှလက်ခံနိုင် သည့်အနေအထားမရှိပါ။ မိမိတို့နယ်မြေကို လုယူပိုင်စိုးသွားမည်ကို စိုးရိမ်ပူပန်လျက် ရခိုင်တိုင်းရင်း သားအရေးမှ စတင်ပြီး အမျိုးသားအရေးအထိ ထိခိုက်လာစေနိုင်သည့်အတွက် ဦးအောင်ကျော်ဇံ၏ အရေးကြီးအဆိုကို ဖြစ်ပေါ်လာရတယ်လို့ မှတ်ယူရမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဖွဲ့စည်းပေးလိုက်တဲ့ အကြံပေးကော်မရှင်သုံးသပ် အကြံပြုချက်များဟာ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ လူသားချင်းစာနာထောက်ထားမှု၊ လူ့အခွင့် အရေးချိုးဖောက်မှုများအတွက် သက်သေပြရန်အခွင့်ကောင်းတစ်ရပ်ဖြစ်သွားနိုင်ပြီး မိမိနိုင်ငံ အကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလျှော့အတင်းပြုလုပ်ရမည့်အခြေအနေသို့ ရောက်ရှိလာ မည်ဆိုပါက အကြံပေးချက်များကို လိုက်နာပူးပေါင်းဆောင်ရွက်ရေး မည်ကဲ့သို့ဆုံးဖြတ်မည်ကို အရေးကြီးကိစ္စအဖြစ် အလေးအနက်ကြိုတင်စဉ်းစားထားရန် လိုအပ်မှာဖြစ်ပါတယ်။ လူ့အခွင့်အရေး လူသားချင်းစာနာမှု စံချိန်စံညွှန်း ကုလသမဂ္ဂစာချုပ်များ၊ ဆုံးဖြတ်ချက်များကိုကိုးကားပါက ရိုဟင်ဂျာ လူမျိုးနှင့် နယ်မြေတစ်ခုသတ်မှတ်ပေးသင့်ကြောင်း အကြံပြုချက်များ ထွက်ပေါ်လာနိုင်ခြေရှိသည်ဟု သုံးသပ်ရပါတယ်။ အကြံပေးကော်မရှင်မှာ နိုင်ငံတကာအသိအမှတ်ပြုဦးဆောင်သူ ကိုဖီအာနန်နှင့် အတူ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဝါရင့်သံတမန်ပါဝင်လျက်ရှိရာ ယင်းတို့၏ အကြံပြုချက်များကို တရားဝင်အသိအမှတ်ပြုရန် လွန်စွာလွယ်ကူသွားနိုင်ပါတယ်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လူ့အခွင့် အရေးဆိုင်ရာကိစ္စရပ်များကို ကျွမ်းကျင်သူများက ဘာသာရပ်အမျိုးမျိုးဖြင့် အချက်အလက်ရှာဖွေ၍ အစီရင်ခံစာအထောက်အထား တွေ့ရှိချက်များသည် ကုလသမဂ္ဂ၏ တရားဝင်အစီရင်ခံစာများအဖြစ် ရောက်ရှိသွားနိုင်ပြီး အရေးယူဆောင်ရွက်မှုများ၊ တောင်းဆိုမှုများ ချမှတ်လာနိုင်ပါတယ်။ ဤကိစ္စသည်

အမျိုးသားရေးကိစ္စဖြစ်၍ ပြည်သူတစ်ရပ်လုံး အထူးသတိပြုဆောင်ရွက်ရန်လိုအပ်ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်နယ်မြေအတွင်းရှိ တိုင်းရင်းသားမဟုတ်သူများအား နယ်မြေခွဲဝေပေးရခြင်း၊ ရိုဟင်ဂျာနယ်မြေသစ်များပေါ်ထွက်လာနိုင်ခြင်း၊ လူဦးရေနှင့် ဘာသာရေးအရ ရခိုင်ပြည်နယ်ဝါးမြိုခံရနိုင်ခြင်း စသည်များအထိ ဖြစ်ပေါ်လာနိုင်ပါတယ်။ ရခိုင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနောက်ဘက် ပင်လယ်တံခါးဝတွင်ရှိသော ပြည်နယ်တစ်ခုဖြစ်၍ ဤကဲ့သို့ ပြည်ပနိုင်ငံများမှ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းအားဖြင့် အချုပ်အခြာအာဏာထိပါးခံရမည့်အရေးကို ကြိုတင်ကာကွယ်ရန်လိုအပ်ပါသဖြင့် ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏ အရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးတင်ပြချက်မှာ အဓိပ္ပာယ်ရှိုင်းယှဉ်ချက်အချို့ပါတဲ့အတွက် ကန့်သတ်ချိန် သုံးမိနစ်ခန့်ဖြည့်ပေး ဖို့၊ နောက် Power Point ယှဉ်တွဲတင်ပြဖို့ ခွင့်ပြုပေးပါ။ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်သတ်ချိန်ကတော့ အများတန်းတူ ပုံမှန်ပဲရပါမယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ကောင်းပါပြီ။ အဲဒီတော့ ဒီနေ့ကျွန်တော်တို့ ဆွေးနွေးနေကြတဲ့ Slide 2 ပါ။ နိုင်ငံတော်အတိုင်ပင်ခံရုံးက ဖွဲ့စည်းပေးလိုက်တဲ့ ဒီကော်မရှင်နဲ့ပတ်သက်ပြီး တော့ ဒီမှာခေါင်းဆောင် မစ္စတာ ကိုဖီအာနန်နဲ့ နိုင်ငံခြားသားတွေဟာ ရှေ့ကကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးသွားသလိုပဲ UN မှာ အရေးပါတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ နံပါတ်(၃)ပါ။ အကြံ ပေးကော်မရှင်ရဲ့အကြံပြုချက်တွေဟာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေကို ဩဇာလွှမ်းမိုးသွားနိုင်ပါတယ်။ ဒီကော်မရှင်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရခိုင်ပြည်နယ်အရေးကို ကမ္ဘာသိအောင်လုပ်ပေးနိုင်တဲ့အတွက် အမျိုးသားအကျိုးစီးပွားကို အလေးထားပြီးတော့ မှန်မှန် ကန်ကန်ရပ်တည်မယ်ဆိုရင်တော့ ကျွန်တော်တို့က ကြိုဆိုရမှာပဲဖြစ်ပါတယ်။ Slide 4 ပါ။ ဘာကြောင့် လဲဆိုတော့ ဒီကော်မရှင်ရဲ့အကြံပြုချက်ဟာ

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ကျွန်တော်တို့ပြည်သူ တွေ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ငြင်းပယ်ဖို့ ခက်ခဲမှာဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ Slide 5 ပါ။ အခု ကျွန်တော်တို့ မြန်မာနိုင်ငံကိုရောက်လာတဲ့ မစ္စတာဘန်ကီမွန်းရဲ့ သတင်းစာရှင်းလင်း ပွဲ အခုနက ကိုယ်စားလှယ်ကြီး အချို့လည်း တင်ပြသွားပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် တင်ပြပါ စောင့်ကြည့်စစ်ဆေးရန်ဆိုတဲ့ အသုံး အနှုန်းသုံးထားပါတယ်။ ဒါဟာ အကြံပေးရန်ဆိုတာနဲ့ မတူဘူးလို့ အားလုံးသိပါတယ်။ ဒါကြောင့်မို့လို့ စောင့်ကြည့်စစ်ဆေးရန်အဆင့်အထိ ဒီကော်မရှင်ကို Mandate ပေးထားသလားလို့ သံသယ ဖြစ်စရာဖြစ်ပါတယ်။

Slide 6 ပါ။ နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက် စာပိုဒ်(၁)၊ (၂)မှာ အားလုံးလည်းပြောသွားပါတယ်။ ရခိုင်ပြည်နယ်ရဲ့ သိမ်မွေ့နက်နဲတဲ့ကိစ္စများလို့ ဒါဟာ ယေဘုယျ အားဖြင့် ပြောမယ်ဆိုရင်တော့ ဘင်္ဂါလီနဲ့ ရခိုင်တိုင်းရင်းသားတွေရဲ့အရေးလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ တိတိကျကျမဖော်ပြထားတဲ့အတွက် ဒီကော်မရှင်ကိုပေးထားတဲ့ရပ်တည်ချက်၊ Mandate ဒီအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ မမျှော်မှန်းနိုင်တာတွေ ပါလာနိုင်ပါတယ်။ Slide 7 ပါ။ ဒီလိုဖော်ပြထား ပါတယ်။ ရှေ့က ပုဂ္ဂိုလ်အချို့လည်း ပြောပြီးသွားပါပြီ။ ဒီမှာ ရခိုင်ပြည်နယ်ရှိ ပြည်သူများလို့ ဖော်ပြ ထားတဲ့နေရာမှာ ရခိုင်ဒေသမှာ ရခိုင်တိုင်းရင်းသားတွေရှိသလို တိုင်းရင်းသားမဟုတ်တဲ့လူတွေလည်း၊ နိုင်ငံသားမဟုတ်တဲ့လူတွေ၊ တရားမဝင်နေတဲ့လူလည်းပါပါတယ်။ ဒီလူတွေကို သုံးထားတယ်ဆိုရင် တော့ ဒီလူတွေကို အခုကတည်းက ကြိုတင်ပြီးတော့ ပြည်သူလို့ အသိအမှတ်ပြုနေကြောင်း တွေ့ရပါ တယ်။ နောက်တစ်ချက်ကတော့ စဉ်စားဆောင်ရွက်မည်ဆိုတဲ့ စာသားဖြစ်ပါတယ်။ ကော်မရှင်ဟာ အကြံပြုမှာပါ။ အကြံပြုမှာပါလို့ ပြောနေကြပေမယ့် ဒီကြေညာချက်မှာ စဉ်းစားဆောင်ရွက်မယ်လို့ ပါတဲ့အတွက် စဉ်းစားဆောင်ရွက်တာနဲ့ အကြံပြုချက်ဟာ တခြားစီဖြစ်ပါတယ်။ ဒါကိုလည်း နားလည် ကြဖို့ လိုအပ်ပါတယ်။ Slide 8 ပါ။ ဒီအချက်ကတော့ လွန်စွာမှ အရေးကြီးပါတယ်။ အားလုံးလည်း ငြင်းတဲ့သူလည်းငြင်း၊ မှန်တယ်လို့ပြောနေတဲ့သူတွေလည်းမှန် ဖြစ်နေပါတယ်။ အဲဒီတော့ ပြည်ပနိုင်ငံ များမှာရှိတဲ့ ဒုက္ခသည်အဖြစ်ခံယူထားတယ်ဆိုတဲ့သူတွေဟာ တခြားနိုင်ငံတွေမှာရောက်နေတဲ့ လှေစီး ဒုက္ခသည်တွေ၊ ဘင်္ဂါလီဒုက္ခသည်တွေ၊ ရိုဟင်ဂျာဒုက္ခသည်တွေ ဒါတွေကိုရည်ညွှန်းတာဖြစ်ပါတယ်။ ဒီနေ့ ကမ္ဘာ့နိုင်ငံအများစုမှာ၊ ကမ္ဘာ့နိုင်ငံအချို့မှာ မြန်မာနိုင်ငံက ရိုဟင်ဂျာလို့ နံမည်တပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေ များစွာရှိပါတယ်။ အဲဒီတော့ ဒီထုတ်ပြန်ချက်ကိုကြည့်ရင် ဒီလူအားလုံးဟာ မြန်မာနိုင်ငံနဲ့ ပတ်သက်ဆက်စပ်နေတဲ့သဘော တင်ကုဝန်းရံရာရောက်နေကြောင်း စိုးရိမ်ဖွယ်ရာ

တွေ့ရပါတယ်။ ဒီလိုဖြစ်လာမယ်ဆိုရင် နိုင်ငံတကာမှာရှိနေတဲ့ ရိုဟင်ဂျာတွေကို ကျွန်တော်တို့မြန်မာနိုင်ငံက ပြန်လည်လက်ခံရပြီးတော့ လူသားချင်းစာနာမှု၊ လူ့အခွင့်အရေးစတဲ့ အကြောင်းပြချက်နဲ့ ရိုဟင်ဂျာလူမျိုးတစ်မျိုး၊ ဒေသတစ်ခု မြန်မာ့ရေမြေပေါ်မှာ ပေါ်လာတော့မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ Slide 9 ပါ။ ကျွန်တော် အခု တင်ပြခဲ့တာဟာ နိုင်ငံတော်အတိုင်ပင်ခံရုံးက ထုတ်ပြန်ချက်ဟာ ကိုယ့်ပြည်ထောင်စု တိုင်းရင်းသားညီအစ်ကိုမောင်နှမအရေးထက် ခေတ်အဆက်ဆက်ကနေပြီးတော့ မြန်မာနိုင်ငံကို ရောက်ရှိနေတဲ့ ဘင်္ဂါလီအခွင့်အရေးကို လူသားအခွင့်အရေးနှင့် နှိုင်းယှဉ်ပြီးတော့ ဖော်ပြမယ်လို့၊ ဆောင်ရွက်မယ်လို့ စိတ်မောဖွယ်ရာ တွေ့ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာလည်းပဲ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ နိုင်ငံတကာ Pressure တွေကြောင့် လုပ်တာပါလို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စဉ်းစားကြည့်ဖို့လိုပါတယ်။ National Intrest ခေါ်တဲ့ အမျိုးသားအကျိုးစီးပွားကို ကြည့်မှာလား၊ ဒီမိုကရေစီအရေးကိုကြည့်မှာလား၊ လူ့အခွင့်အရေးကိုကြည့်မှာလား၊ ဒီ Pressure ကို ကြည့်မှာလား။ ကျွန်တော့် ကိုယ်စားလှယ်ကြီးများ စဉ်းစားနိုင်ပါလိမ့်မယ်။ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာ နိုင်ငံကြီးများဟာ Self Finding Mission တွေ အကြိမ်ကြိမ်လွှတ်ပြီးတော့ နိုင်ငံရေးစွက်ဖက်ဖို့ ကြိုးစားနေတာရှိပါတယ်။ အခု ကော်မရှင်ဟာလည်းပဲ ဒီလိုအသိအမှတ်ပြုတဲ့ Mission တစ်ခုဖြစ်သွားမယ်ဆိုရင် မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာ ထိခိုက်လာနိုင်တဲ့သဘောရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့တွေ့ရှိချက်တွေဟာ UN ရဲ့ တရားဝင်အထောက်အထားတွေ ဖြစ်သွားမှာပါ။ ဒါဆိုရင် UN က အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်နိုင်တာ၊ တောင်းဆိုမှုတွေ ပြုလုပ်နိုင်တယ်။

Slide 10 ပါ။ ကျွန်တော် တင်ပြခဲ့တဲ့ ဒီအခြေအနေတွေကိုကြည့်ခြင်းအားဖြင့် အကြံပေးကော်မရှင်ရဲ့ Solution က ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ မလိုချင်တဲ့ အဖြေပဲ ဖြစ်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဖြစ်လာမယ်ဆိုရင် ရခိုင်ပြည်နယ်သာမက မြန်မာတစ်နိုင်ငံလုံးမှာ ဆူပူအုံကြွမှုတွေ(Conflict) တွေဖြစ်လာနိုင်ပါတယ်။ အပြန်အလှန်လူသတ်မီးရှို့မှုတွေ ဖြစ်လာနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ (၂၁)ရာစုပင်လုံညီလာခံမှာ အားလုံးကြားသိတဲ့အတိုင်းပဲ မတူညီတဲ့သဘောထားတွေဖြစ်ပေါ်လာတဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်းပဲ သူတို့အကျိုးစီးပွားအတွက် လှုပ်ရှားလာမှာဖြစ်ပါတယ်။ ဒါဆိုရင် ပစ်ခတ်တိုက်ခိုက်မှုတွေ စစ်ပွဲတွေ ထပ်ဖြစ်လာဦးမှာဖြစ်ပါတယ်။ ဒီလိုဖြစ်လာရင် Genocide တို့ Ethnic Cleaning တို့

ဒါတွေကို အော်လာပြီးတော့ အခုနက ကိုယ်စားလှယ်ကြီးအချို့ပြောနေသလို R 2 P ဆိုတာနဲ့ UN တပ်တွေ ဝင်လာတော့မှာဖြစ်ပါတယ်။ ဒါကို ကျွန်တော် ဘာကြောင့်ရှင်းပြနေရသလဲဆိုတော့ ထာဝရ မိတ်ဆွေ၊ ထာဝရရန်သူဆိုတာမရှိဘူး။ ထာဝရအကျိုးစီးပွားသာရှိတယ်လို့ ပြောနေတဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တွေအနေနဲ့ ဒီအခြေအနေတွေကို ရှောင်ရှားပြီးတော့ ကျွန်တော်တို့ နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွား တည်မြဲဖို့အတွက်ကို ကျွန်တော်တို့ အလေးထားပြီးတော့ ပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံပြောတဲ့အတိုင်း ကော်မရှင်ကို ပြန်လည်စဉ်းစားသုံးသပ်ဆောင်ရွက်ဖို့ လိုအပ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ တင်သွင်းတဲ့အရေးကြီးအဆိုနှင့်ပတ်သက်ပြီး ထောက်ခံ ဝေဖန်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ရဲ့ ၂၄-၈-၂၀၁၆ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမယ့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေး ကော်မရှင်မှာ နိုင်ငံခြားသားသုံးဦးပါဝင်နေတာကြောင့် ပြည်တွင်းရေးကို နိုင်ငံတကာပြဿနာဖြစ် အောင် ဖန်တီးရာရောက်ကြောင်း၊ ပြည်တွင်းရေးကို စွက်ဖက်ခွင့်ပြုရာရောက်ကြောင်း၊ မိမိတို့ရဲ့အစွမ်း အစအရည်အသွေးကို မယုံကြည်ရာရောက်ကြောင်းနှင့် ပြည်တွင်းမှ တတ်သိပညာရှင်များနှင့်သာ ဖွဲ့စည်းသင့်ကြောင်း အဆိုပြုတိုက်တွန်းသွားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်ရဲ့ ဆွေးနွေးချက်များအရ မိမိရဲ့စိုးရိမ်သောကတွေကို ဖော်ညွှန်းသွား တာကို တွေ့ရပါတယ်။ အဆိုရှင်ရဲ့စိုးရိမ်မှုတွေကို ကျွန်မအနေနဲ့လည်း ကောင်းစွာနားလည်ခံစားနိုင်ပါ တယ်။ ဒါပေမဲ့ စိုးရိမ်သောကဆိုတာ စိတ်ခံစားချက်သက်သက် ဥပါဒါန်အစွဲဖက်တဲ့အနေအထား မျိုးဟာ မိမိ၊ သူတစ်ပါးအကျိုးမများဘူးဆိုတာကိုလည်း သတိချပ်သင့်ကြောင်း တင်ပြလိုပါတယ်။ အဆိုရှင်အနေနဲ့ နိုင်ငံခြားသားသုံးယောက်ပါလာတာကို အဓိကအနေနဲ့ပြောနေပေမယ့် ရခိုင်တိုင်းရင်း သားနှစ်ဦး အပါအဝင်ဖြစ်တဲ့ နိုင်ငံသားပညာရှင်ခြောက်ဦးကိုတော့ အလေးထားမှုမပြုတာ တွေ့ရပါ

တယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ တင်ပြလိုတာကတော့ ပြဿနာတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရာမှာ စိတ်ခံစားချက်သက်သက်၊ ချစ်ခြင်း၊ မုန်းခြင်းသက်သက်နဲ့ ဖြေရှင်းလို့မရဘူးဆိုတာကို တင်ပြလိုပါတယ်။ ပြဿနာရဲ့အတိမ်အနက်၊ ပကတိအခြေအနေကို ရဲရဲရင့်ရင့် မှန်မှန်ကန်ကန်ကြည့်ပြီး အသိ၊ သတိ၊ ပညာတို့နဲ့ ချဉ်းကပ်နိုင်မှသာ မှန်ကန်တဲ့အဖြေကို အဖြေကိုရနိုင်မှာဖြစ်ပါတယ်။ ကော်မရှင်မှာ တာဝန်ပေးလိုက်တဲ့ နိုင်ငံခြားသားသုံးဦးက ဘယ်လိုပုဂ္ဂိုလ်တွေဖြစ်တယ်။ သူတို့ရဲ့ တွဲဖက်တာဝန်ပေးထားတဲ့ တိုင်းရင်းသားပညာရှင်ခြောက်ဦးက ဘယ်လိုပုဂ္ဂိုလ်တွေဖြစ်တယ်။ ဘာကြောင့် ဒီလိုဖွဲ့စည်းရတယ်ဆိုတဲ့အခြေခံအချက်တွေကို နှိုင်းယှဉ်သုံးသပ်ရမှာဖြစ်ပါတယ်။ နိုင်ငံခြားသားသုံးယောက်ပါတာနဲ့ အရာရာကို သူတို့အလိုအတိုင်းဖြစ်သွားမယ်လို့ ကောက်ချက်ချတာကမှ မိမိတို့နိုင်ငံသား တိုင်းရင်းသား ပညာရှင်တို့ရဲ့ အစွမ်းအစနဲ့ အရည်အသွေးကို မယုံကြည်ရာပိုမိုရောက်သွားပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကော်မရှင်ကို နိုင်ငံခြားသားထည့်ဖွဲ့လို့ ဒီပြဿနာဟာ နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်တယ်ဆိုတဲ့ အဆိုရှင်ရဲ့အမြင်ကလည်း ရှေ့နောက်လွဲနေတယ်လို့ သုံးသပ်မိပါတယ်။ ဒီပြဿနာဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်ကတည်းကစပြီး နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အစီရင်ခံစာတွေ၊ နိုင်ငံတကာမီဒီယာတွေရဲ့ အရေးအသားတွေမှာ လူမျိုးသုဉ်းသတ်ဖြတ်မှု အခြေအနေရောက်နေပြီဆိုတဲ့ ဝေါဟာရတွေ လှိုင်လှိုင်သုံးနေခဲ့တာ အားလုံးသတိထားမိပြီးဖြစ်မယ်ထင်ပါတယ်။ မဟုတ်မမှန်တဲ့သတင်းအချက်လို အမှန်တရားနဲ့ ဖြေရှင်းရမှာက ကိုယ့်ဘက်ကမှန်ကန်ကြောင်း ပြနိုင်ဖို့အတွက် ဘယ်နိုင်ငံခြားသားမဆို လာကြည့်လှည့်စမ်းပါလို့ ရဲရဲကြီးမဖိတ်ခေါ်နိုင်စရာအကြောင်း၊ ကြောက်စရာမလိုဘူးလို့ ယုံကြည်ပါတယ်။ မိမိကိုယ်ကို ယုံကြည်လို့၊ မိမိအစွမ်းအစကိုယုံကြည်လို့ နိုင်ငံတကာမှာ ဩဇာတိက္ကမရှိတဲ့၊ အများလေးစားတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းနဲ့ ပညာရှင်တွေကို အမြင်ကျယ်ကျယ်၊ သတ္တိရှိရှိ ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်တယ်လို့ သဘောပေါက်ပါတယ်။ ဒါ့အပြင် ပြည်တွင်းအနေနဲ့လည်း လေးစားထိုက်တဲ့အစဉ်အလာနဲ့ သမိုင်းကြောင်းနောက်ခံကောင်းတဲ့ ပညာရှင်ခြောက်ယောက်ကိုလည်း ပူးတွဲတာဝန်ပေးထားခြင်းဟာ ပြည်တွင်း၊ ပြည်ပ အမျိုးမျိုးသော ကောလဟာလတွေကို စိန်ခေါ်ချေဖျက်ပစ်နိုင်ဖို့အတွက် အကောင်းဆုံးနည်းလမ်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ယခု ဖွဲ့စည်းလိုက်တဲ့ကော်မရှင်အနေဖြင့် သက်ဆိုင်သူများနှင့် ကျယ်ပြန့်စွာဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ရှာဖွေတွေ့ရှိချက်များနှင့် လေ့လာအကြံပြုချက်များပါသည့် အစီရင်ခံစာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် မြန်မာနိုင်ငံအစိုးရထံ

**မူကြမ်း**

တင်ပြရမည်ဖြစ်ပြီး ပြည်သူလူထုသိရှိနိုင်ရေးအတွက်လည်း အစီရင်ခံစာကို ထုတ်ဝေဖြန့်ချိမည်ဖြစ်ကြောင်း အတိအလင်းဖော်ပြထားရာ အဆိုပါကော်မရှင်ဟာ အဆုံးအမပြုမည့်အဖွဲ့အစည်းမဟုတ်ကြောင်း ရှင်းလင်းထားပါတယ်။ နိုင်ငံတော်အစိုးရသာ အဆုံးအဖြတ်ပေးမှာဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားအားလုံး ပွင့်လင်းမြင်သာစွာသိရှိဝေဖန်သုံးသပ်နိုင်မည့် အခင်းအကျင်းဖြစ်ပါတယ်။ ပြည်သူလူထုကရွေးကောက်ထားသည့်အစိုးရနှင့် လွှတ်တော်အသီးသီးက ထိန်းကျောင်းသည်ကို မေ့ထားလို့လည်းမဖြစ်ပါဘူးရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ဒီနေ့ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာဖြစ်နေပြီဆိုတာကို အားလုံးအသိဖြစ်ပါတယ်။ နိုင်ငံတကာနှင့် ဆက်စပ်ပေါ်ပေါက်နေတာကို မျက်ကွယ်ပြုပြီး ပြည်တွင်းရေးဆိုတာနဲ့ လှေနံဓားထစ်ဟစ်အော်နေလို့မရတော့ပါဘူး။ ကိုယ်မှန်ရင်မှန်ကြောင်း ကမ္ဘာသိအောင်ရှင်းရတော့ပါမယ်။ မမှန်တဲ့ကောလာဟလတွေကိုလည်း မျက်နှာချင်းဆိုင် ရဲရဲရှင်းရပါ့မယ်။ ဒီလိုမလုပ်ခဲ့ရင် ယခင် ၂၀၁၃ ခုနှစ်က ရခိုင်ပဋိပက္ခစုံစမ်းရေးကော်မရှင်အစီရင်ခံစာမှာ အိမ်တွင်းဖြစ် အစီရင်ခံစာအဖြစ်သာ ကောက်ယူနိုင်စရာရှိခဲ့တာကြောင့် သူ့နောက်မှထွက်လာတဲ့ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်တွေမှာ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက ကုလသမဂ္ဂအထွေထွေညီလာခံကို တင်သွင်းခဲ့တဲ့ အစီရင်ခံစာတွေအထိ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာအာဏာပိုင်များသည် ထိုသို့သောပဋိပက္ခများ မဖြစ်ပေါ်စေရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ပိုမိုခိုင်မာစေရေးနှင့် ပြဿနာအရင်းအမြစ်များကို ဖော်ထုတ်ရေးနှင့်အတူ တာဝန်ခံမှုများအား ဆောင်ရွက်နိုင်စေမည့်အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများနှင့်ကိုက်ညီသော ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးနှင့် တိုင်ပင်ထားသောအရာအားလုံးကို လွှမ်းခြုံနိုင်မည့် စုံစမ်းစစ်ဆေးမှုကို ရခိုင်ပြည်နယ်အပါအဝင် အခြားဒေသများနှင့် ဆောင်ရွက်ရန် မြန်မာအစိုးရသစ်အား တိုက်တွန်း။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ ဦးအောင်ကျော်ဇံရဲ့အဆိုကို စေတနာရှေ့ထားပြီး ပြတ်ပြတ်သားသား ကန့်ကွက်သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံးအနေနဲ့ပြောကြားချင် တာက လွှတ်တော်ရဲ့ပွင့်လင်းမြင်သာမှုလို့ ဆွေးနွေးသွားတဲ့ ကိစ္စကို

ပြောကြားချင်ပါတယ်။ ယခင် အစိုးရနှင့် ယခင်လွှတ်တော်လက်ထပ်မှာ Podesta ဆိုတဲ့အဖွဲ့ကြီးကို ဒေါ်လာ ၁၁ သန်းနဲ့ ကျွန်တော် တို့နိုင်ငံတကာမှာ လော်ဘီလုပ်ခဲ့တယ်ဆိုတာကို သိရပါတယ်။ အဲဒီကိစ္စဟာ လွှတ်တော်မှာတင်ပြ ခဲ့သလား။ တင်ပြခဲ့ခြင်းမရှိဘူးလား တိတိ ကျကျမသိပါဘူး။ သို့သော်လည်းပဲ ဒီနေ့မှာတော့ အဆိုရှင်ရဲ့အဆိုကို လွှတ်တော်က ခွင့်ပြုပေးတယ်။ ကိုယ်စားလှယ်တွေအားလုံးက ဆွေးနွေးခွင့်ရတယ်။ တအောင့်နေလို့ရှိရင် ကိုယ်စားလှယ် တွေအားလုံးရဲ့ မဲနဲ့ဆုံးဖြတ်တော့မှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီကိစ္စဟာ လွှတ်တော်မှာ ဒီမိုကရေစီ နည်းကျတယ်လို့ ပထမဦးဆုံး ပြောကြားချင်ပါတယ်။ နောက်တစ်ခုကတော့ အဆိုရှင် ဆွေးနွေး သွားတဲ့အထဲမှာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးဆိုတဲ့ တန်ဖိုးစံကို ပယောဂနဲ့ ပေါင်းပြီးသရေဖျက် သွားတာကို ဝမ်းနည်းစွာတွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အားလုံး ဒီနေ့ ဒီနေရာမှာ ပြည်သူကိုကိုယ်စားပြုပြီးတော့ ဆွေးနွေးခွင့်ရနေတာတွေအားလုံးဟာ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို ယုံကြည်ပြီးတော့ ဒီမိုကရေစီ အရေးတော်ပုံအဆက်ဆက်မှာ ပါဝင်ခဲ့တဲ့ တိုင်းရင်းသားပြည်သူလူထုကြီးတစ်ခုလုံးရဲ့ စွန့်လွှတ် အနစ်နာခံမှုတွေနဲ့ ဒီထဲမှာ ကျွန်တော်တို့ ထိုင်ခွင့်ရပြီးတော့ ပြည်သူ့ကိုယ်စားနိုင်ငံရေးလုပ်ခွင့်ရနေတာ ကို ဖြစ်ပါတယ်။ အထူးသဖြင့် ဒီမိုကရေစီအရေးတော်ပုံပါခဲ့တဲ့ ရခိုင်ပြည်သူ ပြည်သားတွေကို ဒီစကား လုံးကြောင့် အားနာပါတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးတန်ဖိုးစံ တွေကို ဒီလိုပဲ အမြဲတမ်းအသေရေဖျက်ခဲ့တဲ့ သမိုင်းကြောင်းရှိပါတယ်။ အဲဒါက ဘယ်သူလဲဆိုရင် အာဏာရှင်အမျိုးမျိုး ဖြစ်ပါတယ်။ အာဏာရှင်တွေဟာ ပြည်သူလူထုကို ဒီမိုကရေစီနဲ့လူ့အခွင့်အရေး တန်ဖိုးစံတွေကို ခံစားခွင့်ပေးလိုက်ပြီဆိုလို့ရှိရင် သူတို့ရဲ့အာဏာကို လက်လွတ်ဆုံးရှုံးရမှာဆိုတဲ့ အတွက်ကြောင့်မို့လို့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးတန်ဖိုးစံတွေကို အသေရေအမြဲတမ်း ဖျက်ပါတယ်။ အဲဒီအာဏာရှင်တွေထဲမှာ တစ်ပါတီအာဏာရှင်ပါတယ်၊ စစ်အာဏာရှင်ပါတယ်၊ လူမျိုးရေး အာဏာရှင်တွေပါတယ်။ ယခု အဆိုတင်သွင်းတဲ့အထဲမှာ ဒီစကားလုံးပါနေခြင်းဟာ ရခိုင်ပြည်သူ ပြည်သားတွေရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့မဖြစ်ဘူးလို့ ယူဆထား တဲ့အတွက်ကြောင့်မို့လို့ ကန့်ကွက်ပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ ဖြစ်နေတဲ့ပြဿနာတွေ အကုန်လုံးကို ဒီကော်မရှင်ဖွဲ့တဲ့ အတွက်ကြောင့်မို့လို့ပဲ ဒီကစ္စဟာ နိုင်ငံတကာပြဿနာထပ်ဖြစ် သွားမယ်ဆိုပြီးတော့ စိုးရိမ်မှုကဲပြီး ပုံကြီးချဲ့ကန့်ကွက်နေတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြဿနာတွေဟာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီးသားဖြစ်ပါတယ်။ စောစောက ကိုယ်စားလှယ်တစ်ယောက်

ဆွေးနွေးသွားတာ ကြားရပါတယ်။ အဲဒါက ဘာလဲဆိုရင် ပြည်တွင်းမှာရှိတဲ့ ပညာရှင်တွေနဲ့ ပြည်တွင်းအားနဲ့ဖြေရှင်းလို့ ရတယ်လို့ပြောရင် ဒီနေ့ ဒီပြဿနာလွှတ်တော်ထဲ ရောက်လာစရာတောင် အကြောင်းမရှိပါဘူး။ ဒီပြဿနာတွေကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံဟာ တရားဥပဒေစိုးမိုးရေး ရှုထောင့်ကနေပြီးတော့ ပြဿနာတွေကို ဖြေရှင်းကိုင်တွယ်မှု အားနည်းခဲ့တဲ့ အတွက်ကြောင့်မို့လို့ ဒီနေ့ ဒီပြဿနာတွေ ဆက်ပြီးရှိနေတာ ဖြစ်ပါတယ်။ စောစောက ကိုယ်စားလှယ် ကြီးတစ်ယောက်လည်း အစောပိုင်းမှာ တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့ သားမက်ကို သူခိုးစွပ်စွဲခံနေ ရတဲ့ နိုင်ငံတကာမှာလို့ပြောတယ်။ ဘာကြောင့်အဲလိုပြောလဲဆိုရင်ရှိတဲ့ပြဿနာတွေက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးက မှန်နေရဲ့သားနဲ့ ဖြေရှင်းဖို့လွဲမှားခဲ့တဲ့ အမှားတွေကြောင့်မို့လို့ နိုင်ငံတကာမှာ ဒီလို ပုံဖော်မှုတွေဖြစ်နေခဲ့တာပါ။ ဘာကြောင့်လဲဆိုရင် ပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာ ကျွန်တော်တို့ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ၊ တရားဥပဒေစိုးမိုးရေး၊ ဒါမျိုးတွေနဲ့ ဖြေရှင်းဖို့ တောင်းဆိုခဲ့တာမျိုးတွေ မလုပ်ဘဲနဲ့ မလိုလားအပ်တဲ့ နိုင်ငံရေးသွေးထိုးလှုပ်ဆော်မှုတွေကိုလည်း ဖြစ်ပေါ်လာတဲ့ မလိုလား အပ်တဲ့ ကျွန်တော်တို့ အကြောင်းအရာတွေ၊ လူမျိုးရေးကိစ္စတွေကို ရှေ့တန်းတင်ဖြေရှင်းခဲ့လို့ နိုင်ငံတကာမှာ ကျွန်တော်လို့ တိုင်းပြည်ကို အသရေဖျက်ခွင့်ရသွားတာ ဖြစ်ပါတယ်။ အခုလက်ရှိ ရခိုင်ပြည်သူလူထုခံစားနေရတဲ့ ဒုက္ခတွေကို အသိအမှတ်ပြုတဲ့အတွက်ကြောင့်မို့လို့ အစိုးရအသစ် ကနေပြီးတော့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုပြီးတော့ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေတယ်။ ဒီအတွက် နိုင်ငံတကာဖြေရှင်းနည်းတွေနဲ့ ကျွန်တော်တို့ဟာ ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသားနဲ့ လူ့အခွင့်အရေးတွေကို ဂုဏ်သိက္ခာရှိရှိနဲ့ ဖြေရှင်းတော့မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့မို့လို့ နိုင်ငံခြားက ပညာရှင်တွေကိုခေါ်ပြီးတော့ ဖြေရှင်းတဲ့ကိစ္စတွေကို အကြံပေးဖို့ လုပ်ခဲ့ပါတယ်။ ဒီကိစ္စမှာ R to P အကြောင်းကို စိုးရိမ်တဲ့ အသံတွေကြားပါတယ်။ အစိုးရသစ်ကတော့ R to P ကိုစိုးရိမ်လိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ R to P ကို စိုးရိမ်တယ်ဆိုတာက နိုင်ငံအတွင်း မှာဖြစ်နေတဲ့ ပြဿနာတွေကို လူသားချင်းစာနာထောက်ထားမှုရှုထောင့်ကနေ မဖြေရှင်းဘဲနဲ့ အာဏာကိုဆက်ကိုင်ချင်တဲ့စိတ်နဲ့ ဖြေရှင်းတဲ့သူတွေသာ ဆိုလျှင် R to P ကို စိုးရိမ်ခဲ့ကြတာပါ သမိုင်းမှာ။ ကျွန်တော်တို့ တက်လာတဲ့အစိုးရက ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို ပြည်သူခံစားရအောင် လုပ်မယ်ဆိုပြီးအတွက် ကြွေးကြော်သံနဲ့တက်လာတဲ့ အစိုးရဟာအာဏာ R to P ကို ကြောက်မှာ မဟုတ်ပါဘူး။ R to P ကိုရင်ဆိုင်ကြမယ့် အနာဂါတ်မျိုး လုံးဝမရှိဘူးလို့ ယုံကြည်တဲ့အတွက်ကြောင့် လည်းပဲ ဒီအဆိုကို ကျွန်တော် ကန့်ကွက်ပါတယ်။

**မူကြမ်း**

နောက်တစ်ခုကကျတော့ ကျွန်တော်တို့က အခုချိန်မှာ ပြဿနာကိုဖြေရှင်းဖို့ ပူးပေါင်းဆောင်ရွက်ရမည့်အစား ပြဿနာပြန်ထပ်ရှာနေတဲ့ ပုံစံမျိုးတွေ့နေရတဲ့အနေအထားရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ စောစောကပြောတဲ့ နိုင်ငံတကာက ဂုဏ်သိက္ခာရှိတဲ့ အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်တွေရဲ့ ဩဇာတိက္ကမကို အသုံးချပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ပကတိပြဿနာတွေဟာ ဒီလိုရှိနေတယ်။ ကျွန်တော်တို့ဟာ လက်ရှိရှေ့မှာ ဖြေရှင်းမယ့်ပြဿနာတွေဟာ လူသားချင်းစာနာထောက်ထားမှုတွေနဲ့ နိုင်ငံတကာအကြံပေးမှုတွေနဲ့ သတ္တိရှိရှိနဲ့ ဒေသဖွံ့ဖြိုးရေးနဲ့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာအသိုင်းအဝိုင်းထဲမှာ လူ့အခွင့်အရေးနဲ့ ဂုဏ်သိက္ခာအဆင့်မြင့်မားအောင် ပြန်လည်တည်ဆောက်ဖို့ ကြိုးစားနေတဲ့ လုပ်ငန်းစဉ်ကို အထောက်အပံ့ ဖြစ်တာမျိုးမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီအဆိုရှင်တွေ တင်သွင်းသွားတဲ့ အဆိုနှင့်ပတ်သက်ပြီးတော့ နောက်ထပ်ဆွေးနွေးချင်တာတစ်ခုက လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ဆွေးနွေးသွားတာ တွေ့ရပါတယ်။ ဆွေးနွေးဘက် Partner အနေနဲ့ အသိအမှတ်အပြုမခံရလို့ ကန့်ကွက်တဲ့ ပုံစံမျိုးလည်း ကျွန်တော် ကြားလိုက်ရပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့က ကျွန်တော်တို့ လူမျိုးတွေ၊ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဘုံအကျိုးစီးပွားထားပြီး ဆွေးနွေးရမှာပါ။ ကျွန်တော်တို့ အသိအမှတ်ပြုခံရေးကို ဦးစားပေးပြီး လုပ်နေရမယ့်အချိန်လည်း မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာကတော့ ဒီကျွန်တော်တို့ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်ကြီးဟာ ကိုယ်စားလှယ်ကြီးစိတ်ပူသလိုပဲ ကျွန်တော်တို့စိတ်ပူပါတယ်။ ကိုယ်စားလှယ်ကြီး မျှော်လင့်သလိုပဲ ကျွန်တော်တို့ ပြည်တွင်းရေးပြဿနာတွေကို တည်ငြိမ်အေးချမ်းဖွံ့ဖြိုးအောင်လုပ်ချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လုပ်သမျှဟာ နိုင်ငံတကာကို ပွင့်လင်းမြင်သာစွာနဲ့ ချပြဖို့အတွက် ဒီကော်မရှင်ကို ဖွဲ့စည်းပြီးတော့၊ ဂုဏ်သိက္ခာရှိတဲ့ ပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ပြီးတော့ ဖွဲ့စည်းထားတယ်လို့ ယုံကြည်တဲ့အတွက်ကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက် ကန့်ကွက်ကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်(နောင်ချိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ကျွန်တော် ထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ်က ဖြစ်ပါတယ်။ ရှေးဦးစွာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီး

ခင်ဗျား။ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ တင်သွင်းခဲ့သော အရေး ကြီးအဆိုကို အောက်ပါအကြောင်းပြချက်များဖြင့် သဘောမတူ ကန့်ကွက်ပါကြောင်း တင်ပြအပ်ပါ တယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်ပြည်ထောင်စုရဲ့ ၂၆ ဦးမြောက် သမ္မတ Theodore Roosevelt က။

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းထွန်းဟိန် ခဏလေးပါ။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းအေး ခေါင်းပေါင်းဆောင်းပေးထားပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်ဆွေးနွေးပါ။

**ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်(နောင်ချိုမဲဆန္ဒနယ်)**။ ။ တတ်သိလိမ္မာခြင်းရဲ့ ၉၀ ရာခိုင်နှုန်းဟာ အချိန်မီနားလည်တတ်ခြင်းဖြစ်တယ်လို့ ဆိုဖူးပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ တင်သွင်းသော အဆိုကို လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရပါတယ်။ (၁) အဆိုရှင်သည် နိုင်ငံတကာ ပြဿနာအား ပြည်တွင်းပြဿနာဟု မှားယွင်းစွာတင်ပြထားခြင်း။ ထိုအချက်နှင့်ပတ်သက်ပြီး အကျယ် တဝင့် မရှင်း လင်းတော့ပါဘူး။ အထက်ဆွေးနွေးသူများက အထပ်ထပ်ဆွေးနွေးပြီး ဖြစ်ပါတယ်။ (၂) ရခိုင် ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခပြဿနာကြောင့် ယင်းပြဿနာကို ဖြေရှင်းရန် အကြံပေး ကော်မရှင်ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။ သို့သော်လည်း အဆိုရှင်က နိုင်ငံတကာပြဿနာဖန်တီးရန် အတွက် ကော်မရှင်ဖွဲ့စည်းသည်ဟု ပြောင်းပြန်ပြောဆိုနေခြင်းကို တွေ့ရပါတယ်။ (၃) အချို့သော လွှတ်တော်ကိုယ်စားလှယ်များက အကြံပေးကော်မရှင်သည် တစ်စုံတစ်ရာမဆောင်ရွက်ရသေးပါလျက် နဲ့ နိုင်ငံတော်၏ လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာနိုင်သည်ဟု ထင်ကြေးဖြင့် ပြောဆိုနေခြင်းတို့ဖြစ်ပါတယ်။ ထိုသို့ ထင်ကြေးဖြင့် ပြောဆိုနေခြင်းများကို လက်ခံနိုင်ဖွယ်ရာမရှိပါ။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ယခင်အစိုးရများ လက်ထက်၌ ကမ္ဘာတွင် လက်ခံနိုင်ဖွယ် မရှိလောက်အောင် လူ့အခွင့်အရေးများ ချိုးဖောက်သည့် နိုင်ငံ၊ လှေစီးပြေးဒုက္ခသည်များ ဖြစ်တည်ရာနိုင်ငံ၊ မျိုးတုန်းသတ်ဖြတ်မှုများ ဖြစ်ထွန်းရန်နိုင်ငံ စသည်ဖြင့် စွပ်စွဲပြောဆိုခံရမှုများ ရှိနေပါတယ်။ ယခုအစိုးရဟာ ယခင်အစိုးရရဲ့ ဆိုးမွေ၊ ကောင်းမွေတွေကို မလွှဲမရှောင်သာ ရင်ဆိုင်စမြဲ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတွင် ဆိုရိုးစကားတစ်ခုရှိပါတယ်။ ယင်းသည် အမှန်ကို စီရင်သည်ဆိုရုံဖြင့်မပြီး။ အမှန်ကိုစီရင်ကြောင်း အများကမြင်စေအပ်သည်ဟု ထုံးဖွဲ့ထားတာရှိပါတယ်။ ထိုဆိုရိုးကို လေ့လာပါက မိမိတစ်နိုင်ငံတည်းက မှန်ကန်သည်ဆိုရုံမျှဖြင့်မပြီး။ အခြားနိုင်ငံများကပါ မှန်ကန်သည်ဟု လက်ခံဆုံးဖြတ်ရန်လိုကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ Seeing is Believing ဆိုသည့် စကားရှိပါတယ်။ မျက်မြင်ကိုယ်တွေ့သည် ယုံကြည်စေပါတယ်။ နိုင်ငံတကာအကြံပေးပုဂ္ဂိုလ်များသည် ယင်းတို့၏လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရင်း မြန်မာအစိုးရ၏ မှန်ကန်သောဆောင်ရွက်ချက်များကို တွေ့မြင်ရမည်ဖြစ်သောကြောင့် ယင်းသို့တွေ့မြင်ချက်ကို ကမ္ဘာသို့ပြန်လည်တင်ပြခြင်းဖြင့် မြန်မာနိုင်ငံအတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ်သော လမ်းစဉ်ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ဖွဲ့စည်းခြင်းသည် ဥပဒေပါပြဋ္ဌာန်းချက်များအား ကျော်လွန်၍လုပ်ဆောင်သည်ဟု စွပ်စွဲချက်ရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို လေ့လာသုံးသပ်ပါက ပုဒ်မ ၂ ပုဒ်မခွဲ(ခ)တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုသည်မှာ အခန်း(၂)ပါရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဤဥပဒေအရ တာဝန်ပေးခြင်းခံရသူကိုဆိုလိုသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဆက်လက်ပြီး အခန်း(၂) ရည်ရွယ်ချက်များအခန်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)တွင် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ပြထားသဖြင့် အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ရမည့်သူဖြစ်ကြောင်း ထင်ရှားလှပါတယ်။ အခန်း(၄) တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များ အခန်း၊ ပုဒ်မ ၅ ပုဒ်မခွဲ(ဂ)တွင် ဤဥပဒေပါရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်တို့ကို ဖတ်ရှုရပါက အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥပဒေကိုကျော်လွန်ဆောင်ရွက်ထားခြင်းမရှိပါကြောင်း ပြန်လည်တင်ပြရင်း ပေါက်တောမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏အဆိုကို ကန့်ကွက်ပါကြောင်း တင်ပါအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ အောင်မြေသာစံမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ယနေ့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံ တင်သွင်းတဲ့ အရေးကြီးအဆိုဟာ လက်ငင်းအခြေအနေများနှင့် မကိုက်ညီပါသဖြင့် ကန့်ကွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရှေ့ပိုင်းမှာလည်း ကိုယ်စားလှယ်တော်ကြီး ၃၃ ဦးက ကော်မရှင်နဲ့ပတ်သက်ပြီး အမြင်အသီးသီးကို ဆွေးနွေးသွားကြတာကလည်း ရခိုင်ဒေသအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများက ဘယ်လောက်စိတ်ဝင်စားမှုရှိသလဲဆိုတာ ထင်ရှားစေပါတယ်။ ဒီလိုရခိုင်ဒေသအတွက် စိတ်ဝင်စားမှုရှိခြင်းကိုကလည်း ဒါပြည်ထောင်စုစိတ်ဓာတ်ရှိခြင်းပါ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုးရိမ်မှုဆိုတာ စိုးရိမ်မှုသာပါပဲ။ တကယ် လက်တွေ့အကောင်အထည်ဖော်ချိန်မှာ ဒီကော်မရှင်က တကယ်လက်တွေ့အကောင်အထည်ဖော်တဲ့အချိန်မှာ ရလဒ်ကောင်းတွေထွက်မလား၊ ရလဒ်ဆိုးတွေထွက်မလားဆိုတာ ဘယ်သူမှအတိအကျ ပြောလို့မရသေးပါဘူး။ အမှန်တကယ်ရခိုင်ဒေသအတွက် အကျိုးဖွံ့ဖြိုးမှုလိုလားတယ်၊ ရလဒ်ကောင်းတွေ ထွက်ချင်တယ်ဆိုရင် ဒီကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အလွန်ရေးပါပါတယ်။ ကိုယ့်ရဲ့ လိုလားချက်၊ ဖြစ်ချင်တဲ့ဆန္ဒကို ကော်မရှင်ကို ပြောကြားခြင်းအားဖြင့်၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒီအခွင့်အရေးတွေရရှိလာမှာဖြစ်ပါတယ်။ အချို့သော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးချက်ထဲမှာပါပါတယ်။ ယခင်ဖွဲ့စည်းသောကော်မရှင်ရဲ့ အကြံပြုချက်များကို ဆောင်ရွက်သင့်တယ်လို့ ဆိုပါတယ်။ ယခင်အစိုးရလက်ထက်တုန်းက ရခိုင်ပြည်နယ်ပဋိပက္ခစုံစမ်းရေးကော်မရှင်ကို ၂၀၁၂ တုန်းက ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မရှင်မှာ ပြည်တွင်းက တတ်သိနားလည်ပညာရှင်တွေနဲ့ အဆိုပါကော်မရှင်ဖွဲ့စည်းစဉ်ကလည်း ဒီကော်မရှင်ကို ကန့်ကွက်ခဲ့ကြတာပါ။ အချို့သောလူ့အဖွဲ့အစည်းတွေက မကျေနပ်ခဲ့ကြပါဘူး။ ဒီကော်မရှင်မှာ နောက်ဆုံးအစီရင်ခံစာ စာမျက်နှာ ၁၁၇ မှာ အကြံပြုထားတာကတော့ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ဒေသရှိလူ့အဖွဲ့အစည်းများကြား ဖြစ်ပျက်မှုမှန်သမျှ၏ မူလအကြောင်းအရာအမှန်တို့ကို သိရှိနိုင်ရန်အတွက် ရှာဖွေစိစစ်ဖော်ထုတ်တင်ပြရင်း ကော်မတီတစ်ရပ် ထပ်မံဖွဲ့စည်းသင့်တယ်လို့ ရေးထားပါတယ်။ နောင်အနာဂတ်မှာ ရခိုင်ဒေသရှိ လူမှုအဖွဲ့အစည်းနှစ်ခုကြား ယခုကဲ့သို့ သိမ်မွေ့သည့်ပြဿနာများ မဖြစ်စေရန် ဘယ်လိုကိုင်တွယ်ဖြေရှင်းရမယ်ဆိုတာကို အဖြေထုတ်ထားနိုင်ရန်ဖြစ်ပြီး လိုအပ်ပါက ပြည်ပတိုင်းပြည်များသို့ပါ ဖြစ်ရပ်မှန်ရှင်းလင်းရေးအဖွဲ့များ စေလွှတ်နိုင်ရေးကို စဉ်းစားထားရမယ်လို့ ဖော်ပြပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီရင်ခံစာတစ်ခုလုံးကို သုံးသပ်တဲ့အခါမှာ ပြည်တွင်းတတ်သိ

နားလည်ပညာရှင်တွေနဲ့ ဖွဲ့စည်းထားတဲ့ဒီကော်မရှင်ကို အယုံအကြည်မရှိတဲ့အတွက်ကြောင့် ရခိုင်ဒေသရှိ လူ့အဖွဲ့အစည်းတွေက ပူးပေါင်းဆောင်ရွက်မှု အပြည့်အဝမရပါဘူး။ ဒီလိုမရတဲ့အတွက် ပြဿနာဖြစ်ရတဲ့ မူလအကြောင်းအရင်းဇစ်မြစ်ကိုလည်း မဖော်ဆောင်နိုင်ခဲ့တဲ့အတွက် နောက်နောင်မှာ နောက်ထပ်ကြားနေအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းဆောင်ရွက်ဖို့ အကြံပြုထားခြင်းဖြစ်ပါ တယ်။ ဒီလိုစိစစ်ဖော်ထုတ်ပြီး နိုင်ငံတကာကို ဖြစ်ရပ်မှန် ရှင်းလင်းရေးအဖွဲ့များ စေလွှတ်ရန်အကြံပြုထားခြင်းဟာလည်းပဲ ကျွန်တော်တို့ရဲ့ ရခိုင်ဒေသပြဿနာသည် ပြည်တွင်းရေးသက်သက် မဟုတ်တော့ဘူးဆိုတာ ပိုမိုပြီးသိသာစေပါတယ်။ အခုဖြစ်ပေါ်နေတဲ့ ရခိုင်ဒေသအရေးဟာ ဒေသတွင်းအရေး၊ ပြည်တွင်းအရေးထက် နိုင်ငံတကာအရေးမဖြစ်ဖြစ်အောင် ပုံဖော်နေသူများကြောင့် နိုင်ငံတကာအလယ်မှာ ပုံရိပ်ကျဆင်းနေတဲ့ တစ်မျိုးသားလုံးအရေး အမျိုးသားရေးဖြစ်တယ်ဆိုတာ ကျွန်တော်တို့နားလည်ရပါမယ်။ အမျိုးသားရေးလို့ပြောရခြင်းဟာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ရှိလို့ဆိုတာကို ရခိုင်ဒေသသူ/ဒေသသားများ သံသယမရှိစေချင်ပါဘူး။ ယခင်တာဝန်ရှိသူများအဆက်ဆက်ကြောင့် ရခိုင်ဒေသလူ့အဖွဲ့အစည်းတွေအားလုံးအတွက် နာကျင်မှုတွေ ခံစားနေရတယ်ဆိုတာလည်း ကျွန်တော်တို့ နားလည်ပါတယ်။ ရှေ့မှာဘယ်လိုဟာဖြစ်ပါစေ။ ကျွန်တော်တို့အစိုးရလက်ထက်အနေဖြင့် အမှန်တကယ်စာနာသလား၊ ကိုယ်ချင်းစာနာသလား။ ပြည်ထောင်စုစိတ်ဓာတ်ရှိလား/မရှိလားဆိုတာကို လက်တွေ့ကျကျဆောင်ရွက်ပေးခြင်းရလဒ်ကြောင့် မကြာခင်မှာ မျက်ဝါးထင်ထင်တွေ့မြင်နေရတော့မယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ရခိုင် အမျိုးသားနှင့်ပတ်သက်ပြီး အသိပေးလိုတာကတော့ ပြည်တွင်းရေးလို့သတ်မှတ်မယ်ဆိုရင် ပြည်တွင်းမှာနေသူများရဲ့အရေးပါ။ ဒါကြောင့်မို့လို့ အဲဒီဖြစ်နေတဲ့လူ့အဖွဲ့အစည်းကို ကျွန်တော်တို့က နိုင်ငံသားအဖြစ်သတ်မှတ်ရတော့မယ်။ ဒီလိုမှ နိုင်ငံသားအဖြစ် မသတ်မှတ်နိုင်ဘူးဆိုရင် နိုင်ငံခြားက တရားမဝင်ဝင်ရောက်တာဆိုရင် နိုင်ငံတကာအရေးလို့ ကျွန်တော်တို့က သတ်မှတ်ရတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ရခိုင်ဒေသငြိမ်းချမ်းမှုအရေး၊ ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်အတူ နိုင်ငံ့ပုံရိပ်ပြန်လည်မြင့်မားလာစေဖို့အတွက် အမြန်ဆုံးဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့် ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ကို ကြိုဆိုပါကြောင်းနှင့် အဆိုအား ဝမ်းနည်းစွာဖြင့် မထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မူကြမ်း**

**ဦးအောင်ကျော်ဇံ၏ ပေါက်တောမဲဆန္ဒနယ်က တင်သွင်းသော အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးခင်မောင်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်အားလုံးကို ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဖြစ်ပါတယ်။ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ တင်သွင်းခဲ့တဲ့အရေးကြီးအဆိုနှင့်ပတ်သက်လို့ ကျွန်တော်က ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးပြီးတော့ တင်ပြခွင့်ပြုရန်ပန်ကြားအပ်ပါတယ်ခင်ဗျား။ အရေးကြီးအဆိုမှာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၄-၈-၂၀၁၆ ရက်နေ့သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြားသားသုံးဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှတတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

ရခိုင်ကိစ္စသည် နိုင်ငံတကာပြဿနာဖြစ်နေခဲ့သည်မှာ ဆယ်စုနှစ်တစ်စုမကကြာခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံက မြန်မာနိုင်ငံနှင့်ပတ်သက်လို့ ဆုံးဖြတ်ချက်နဲ့ပတ်သက်လို့ မူရင်းစာသားအတိုင်း ကျွန်တော်တင်ပြပါ့မယ်။ Express its concern about the continuing discrimination, human rights violations, violence, displacement and economic deprivation affecting numerous ethnic minorities, including, but not limited to, the Rohingya ethnic minority in Northern Rakhine State, and calls upon the government of Myanmar to take immediate action to bring about an improvement in their respective situations, and to grant citizenship to the Rohingya ethnic minority လို့ ပြင်းပြင်းထန်ထန်ဖော်ပြတောင်းဆိုခဲ့ပါတယ်။ ဒီစာပိုဒ်ဟာ ၂၀၁၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ပါဝင်လာခဲ့ရာမှာ ၂၀၁၄ ခုနှစ်ကစပြီး ပိုမိုပြင်းထန်တဲ့ အသုံးအနှုန်းတွေ

ပါဝင်လာခဲ့ပါတယ်။ အလားတူပင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီကို တင်သွင်းတဲ့မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာရေးသားသူကလည်း မြန်မာနိုင်ငံမှ ၎င်းတို့ ရိုဟင်ဂျာလို့ခေါ်ဆို နေတဲ့သူများနှင့်ပတ်သက်လို့ လုပ်ဆောင်ချက်များဟာ လူသားမျိုးနွယ်စုအပေါ်မှာ ကျူးလွန်တဲ့ ရာဇဝတ်မှု Crime Against Humanity လို့ ယူဆနိုင်ကြောင်း ဖော်ပြခဲ့ပါတယ်။ Many of the acts described would suggest a widespread or systematic attack against the Rohingya, in turn suggesting the possible commission of crimes against humanity လို့ဖော်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာပြဿနာအဖြစ် တံခါးဖွင့်ပေးခြင်းမဟုတ်ဘဲ(နိုင်ငံတကာမှ အလွန်အမင်းမီးမောင်းထိုး နေတဲ့ပြဿနာ)ပေါ်ပေါက်နေသည့်ပြဿနာကိုနိုင်ငံတကာမှ ထင်ရှားကျော်ကြားပြီး သမာသမတ် ရှိသူများပါဝင်စေခြင်းဖြင့် ပကတိအခြေအနေကို နိုင်ငံတကာမှသိရှိပြီး ပြဿနာပြေလည်အောင် ဦးတည်ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ အခုကိစ္စဟာ လူ့အခွင့်အရေးနှင့်ပါ ပါဝင်ပတ်သက်နေတဲ့ ကိစ္စရပ်လည်းဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ the World Conference on Human Rights in Vienna on 25 June 1993 မှာ Vienna Declaration and Programme of Action ကို ချမှတ်ရာမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးက လက်ခံသဘောတူညီခဲ့ ကြပါသည်။ ဒီကြေညာချက်အရ လူ့အခွင့်အရေးကိစ္စဟာ ပြည်တွင်းရေးကိစ္စမဟုတ်ဘဲ နိုင်ငံတကာ အသိုက်အဝန်းနှင့်ပတ်သက်တဲ့ကိစ္စရပ်အဖြစ် Promotion and protection of all human rights is a legitimate concern of the international community ဟု အတိအလင်းဖော်ပြထား ပါတယ်။ မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းမှာရှိတဲ့ နိုင်ငံများထဲမှ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အတွက် မြန်မာနိုင်ငံအနေနဲ့တာဝန်သိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ပြသရန်လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေကို ပြန်လည် ပြင်ဆင်ဖို့ ကုလသမဂ္ဂဆုံးဖြတ်ချက်နဲ့ ၂၀၁၀ ပြည့်နှစ်ကတည်းကပင် တိုက်တွန်းထားခဲ့ပြီ ဖြစ်ပါတယ်။ ယခင်အစိုးရအဆက်ဆက်ကတည်းက ထိုတိုက်တွန်းမှုကို လက်မခံခဲ့ပါဘူး။ နိုင်ငံသားဖြစ်မှုကို ၁၉၈၂ ခုနှစ်၊ ဥပဒေအရသာ ဆောင်ရွက်ရန်မူချမှတ်ခဲ့ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာလည်း နိုင်ငံသား ဖြစ်မှုကို ဒီဥပဒေအရသာ ဆောင်ရွက်မယ်လို့ အတိအလင်းပြောကြားထားပြီး လက်တွေ့မှာလည်း ဒီအတိုင်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာဥပဒေမှာလည်း နိုင်ငံသားဖြစ်မှု၊ မဖြစ်မှုကိစ္စများဟာ

သက်ဆိုင်ရာနိုင်ငံကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ Sovereign rights အဖြစ် ပြဋ္ဌာန်းထားတဲ့အတွက် ဒီကိစ္စကိုစိုးရိမ်ဖို့မလိုအပ်ပါဘူး။ ယခုဖွဲ့စည်းထားတဲ့ကော်မရှင်မှာ မြန်မာနိုင်ငံသားခြောက်ဦး ပါဝင်ပါတယ်။ ဒီပုဂ္ဂိုလ်များအနက် ဦးဝင်းမြ၊ ဒေါ်စောခင်တင့် အစရှိတဲ့ပုဂ္ဂိုလ်များဟာ ရခိုင်လူမျိုးများလေးစားဂုဏ်ယူရတဲ့ ရခိုင်လူမျိုးပညာရှင်များ ဖြစ်ကြပါတယ်။ ရခိုင်လူမျိုးများရဲ့သမိုင်းကို ဘယ်လိုမှအမှားမခံမည့် ရခိုင်လူမျိုးဂုဏ်သရေရှိပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ ဒေါ်စောခင်တင့်ဟာ ရခိုင်စာပေနဲ့ယဉ်ကျေးမှုအသင်းရဲ့ဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ ကျန်အဖွဲ့ဝင်များဖြစ်တဲ့ ပုဂ္ဂိုလ်လေးဦးဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ လူမှုရေးနှင့် ဘာသာရေးအခန်းကဏ္ဍတွေမှာ ဦးဆောင်အခန်းကဏ္ဍက ပါဝင်နေသူတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံသားကော်မရှင်အဖွဲ့ဝင်များဖြစ်တဲ့ ထိုခြောက်ဦးစလုံးရဲ့ အစွမ်းအစ၊ အရည်အသွေးကို ယုံကြည်လေးစားတဲ့အတွက် ဒီကော်မရှင်မှာ ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ ကော်မရှင်မှာပါဝင်တဲ့ နိုင်ငံခြားသားသုံးဦးဟာလည်း မြန်မာနိုင်ငံသမိုင်း၊ ရခိုင်လူမျိုးများသမိုင်းကို လေ့လာသိရှိနားလည်ပြီး ကျိုးကြောင်းညီညွတ်စွာ ဆောင်ရွက်မည့်သူများဖြစ်တဲ့အတွက် ဒီလိုရွေးချယ်ထားရတာဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့ရဲ့လုပ်ရပ်တွေကို မြန်မာပြည်သူပြည်သားများသာမက နိုင်ငံတကာကပါ စိတ်ပါဝင်စားစောင့်ကြည့်နေကြမှာဖြစ်လို့ ထိုပုဂ္ဂိုလ်တွေအနေနဲ့ ပြီးစလွယ်လုပ်ဆောင်မှာ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၂ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပြီး ၂၂-၄-၂၀၁၃ ရက်နေ့မှာ အစီရင်ခံစာထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီရဲ့ ဆုံးဖြတ်ချက်ဟာ ပိုမိုပြင်းထန်ခဲ့ပါတယ်။ အောက်ပါအတိုင်းဖြစ်ပါတယ်-

Resolution adopted by the General Assembly on 27 December 2013 68/242.Situation of human right in Myanmar

9. Urges the Government of Myanmar to accelerate its efforts to address discrimination, human rights violations, violence, displacement and economic deprivation affecting various ethnic and religious minorities;

10. Reiterates its serious concern about the situation of the Rohingya minority in Rakhine State, including repeater instances of communal violence and other abuses in the past year, and about attacks against Muslim minorities elsewhere in

the country, calls upon the Government of Myanmar to protect the civilian population from ongoing violence. To ensure full respect for human rights and fundamental freedoms, including full access to humanitarian assistance without discrimination, unhindered access across Rakhine State and the voluntary return of internally displaced persons and refugees to their communities of origin, to allow freedom of movement, equal access to full citizenship for the Rohingya minority and to address issues of land ownership and restitution of property လို့ ပိုမိုပြင်းပြင်းထန်ထန်စာသားများနဲ့ တစ်ဖက်သတ်ပြောကြားမှုများ ထပ်မံပြုလုပ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဖွဲ့စည်းဆောင်ရွက်ခဲ့တဲ့ ကော်မရှင်အနေနဲ့ ကြိုးစားဆောင်ရွက်သော်ငြားလည်း နိုင်ငံတကာမှ ပုံရိပ်အမှားကို အမှန်ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိဘူးဆိုတာ ထင်ရှားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ဦးစားပေးလွန်းမှာကို စိုးရိမ်ကြောင့်ကြတယ်ဆိုတဲ့အချက်တွေကိုလည်း ဖတ်ရှုသိရှိရပါတယ်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဟာ လူတိုင်းတောင့်တသင့်တဲ့ ဆုလာဘ်သာဖြစ်ပါတယ်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မိမိတို့အနေနဲ့ မိမိတို့နိုင်ငံသားများအနေနဲ့တာဝန်သိစွာကျင့်သုံးပြီး မိမိတာ မိမိလုံနေရင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို မီးမောင်းထိုးလာရင်လည်း ဘာမှစိုးရိမ်စရာမရှိပါ။ မိမိတို့ဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို အဆင့်မီမီကျင့်သုံးနေကြောင်းပြသနိုင်ရင် နိုင်ငံအတွက် ဂုဏ်ယူစရာ ဖြစ်လာမှာပါ။ ဒီလွှတ်တော်ကြီးထဲက ကိုယ်စားလှယ်တော်ကြီးများအပါအဝင် လွှတ်တော်အသီးသီးက ကိုယ်စားလှယ်တော်ကြီးများဟာ ပြည်သူများက ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင်မြှောက်ထားကြသူတွေဖြစ်ပြီး ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို လေးစားယုံကြည်ကြသူများဖြစ်ကြပါတယ်။ ထို့အတူနိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေ၊ ပြည်သူတွေအတွက် ဆောင်ရွက်မှုတွေဟာလည်း နိုင်ငံတကာရဲ့ဒီမိုကရေစီစံနှုန်းနဲ့ မှီနိုင်သမျှမှီအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မစ္စတာ ကိုဖီအာနန်အနေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့တောင်းဆိုမှုကို လက်ခံခဲ့ခြင်းဟာ မိမိတို့အစိုးရသစ်ရဲ့ ဒီမိုကရေစီစံနှုန်းကိုလေးစားလို့ဖြစ်ပြီး သူ့အနေနဲ့အစိုးရရဲ့ဆောင်ရွက်ချက်တွေကို နိုင်ငံတကာက သိရှိလက်ခံနားလည်အောင် ပူးပေါင်းဆောင်ရွက်မှုပြုလိုတဲ့အတွက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်ဆွေးနွေးတင်ပြခဲ့တဲ့ အချက်များအရ အကြံပေးကော်မရှင်တည်ထောင်ခြင်းဟာ အဆိုရှင်ဖော်ပြထားသလို မိမိနိုင်ငံရဲ့

ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေတယ်ဆိုတဲ့ အယူအဆဟာ မှန်ကန်ခြင်းမရှိပါဘူး။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကပင် နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးထားတဲ့ ကိစ္စတစ်ရပ်ကို နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှထင်ပေါ်ကျော်ကြားတဲ့ ရိုသေလေးစားမှုခံရတဲ့ပုဂ္ဂိုလ်များ ပါဝင်တဲ့ အကြံပေးကော်မရှင်ဖွဲ့စည်းခြင်းဟာ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန်အတွက် စီစဉ်ဆောင်ရွက်ချက်ဖြစ်တဲ့အတွက် ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ တင်သွင်းတဲ့ အရေးကြီးအဆိုကို အတည်မပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း ဆွေးနွေးမှုကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ အခုဆွေးနွေးသူတွေ၊ အကြံပေးသူတွေ စုံစုံလင်လင်ကြားရတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ဆွေးနွေးတဲ့အထဲမှာ အဓိကက နိုင်ငံခြားသားတွေပါလို့ဆိုတဲ့ကိစ္စ။ မကြာခဏကြားနေရပါတယ်။ ဒါဟာ နိုင်ငံခြားသား တွေပါတာက နိုင်ငံခြားသားကို ကြောက်တဲ့ရောဂါမဟုတ်ဘူး။ နိုင်ငံခြားသားနောက်မှာ OIC လို့ ကျွန်တော်တည့်တည့်ပဲပြောပါမယ်။ OIC ပါနေလို့ဖြစ်ပါတယ်။ တချို့ကတော့ နိုင်ငံခြားသားကိုပဲ တမ်းတနေတဲ့သဘောပါ။ တည့်တည့်ပြောရရင်တော့ အမျိုးသားရေးကိုယ်ခံအားနည်းတယ်လို့ ကျွန်တော် မြင်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့လူမျိုးဟာ စကားပြောတာရိုင်းရင် နည်းနည်း သည်းခံပါ။ သိုးလိုပဲပေါ့။ ရှေ့ကတစ်ယောက်သွားလိုက်ရင် တောက်လျှောက်လိုက်တော့တာပဲ။ မှားလား၊ မှန်လား၊ ချောက်ရှိလား မသိဘူး။ ဒီလိုဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် အခုလို ရှင်းပြရ ခြင်းဖြစ်ပါတယ်။ နောက် OIC က ဘယ်လောက်ထိနေရာယူလာလဲဆိုရင် ကျွန်တော်တို့ သမိုင်း အထောက်အထားအပြည့်အစုံရှိနေတဲ့ တိုင်းပြည်ကိုတောင် ကျွန်တော်တို့ မူလနေရာမဟုတ်ဘူး။ ရိုဟင်ဂျာဆိုတာ လူမျိုးတစ်မျိုးရှိတယ်။ နိုင်ငံတကာမှာ အခုနက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ပြောသွားသလိုပါပဲ။ ဒီလို မီဒီယာနဲ့ပေါက်အောင်လုပ်ပါ။ ပေါက်လည်း ပေါက်ပါတယ်။ ကျွန်တော် ဝန်ခံပါတယ်။ သို့သော်လည်းပဲ ဒီဟာသည် အမှန်တရားလား၊ အနာဂတ်မှာ ဘယ်လိုဖြစ်လာမလဲ ဆိုတာကိုတော့ စဉ်းစားဖို့ လိုပါတယ်။ ကျွန်တော်တို့ ပြဿနာက သိပ်တော့မခဲယဉ်းပါဘူး။ ကျွန်တော် က ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီနဲ့ ရခိုင်ဖြစ်တဲ့ပြဿနာ ဒီမှာတင်ဖြစ်နေတယ်။ ရခိုင်နေရာဟုတ်သလား။ ဘင်္ဂါလီနေရာဟုတ်သလားဆိုတာ သမိုင်းအထောက်အထားနဲ့ သမိုင်းပညာရှင်များ အကြိမ်ကြိမ်

အထပ်ထပ်ပြောပြီးဖြစ်ပါတယ်။ ကျွန်တော် ထပ်ပြောစရာမလိုပါဘူး။ သို့သော် အခုရှင်းရမယ့် ပြဿနာက ဒီမှာရှိနေတဲ့အကြောင်းကြောင်းကြောင့် ရောက်လာတဲ့လူတွေနဲ့ ဌာနေရခိုင်တွေနဲ့ သင့်သင့်မြတ်မြတ် ဘယ်လိုနေမလဲဆိုတဲ့ပြဿနာပဲဖြစ်ပါတယ်။ ကျွန်တော်ဒီလိုပဲမြင်ပါတယ်။ အဲဒါကို အရင်ရှိခဲ့တဲ့ အစိုးရတွေက လုပ်သလိုလို၊ မလုပ်သလိုလိုနဲ့ ထိထိရောက်ရောက်မလုပ်ခဲ့လို့ ဖြစ်ပါတယ်။ Immegration ပြဿနာဟာ အင်္ဂလိပ်လက်ထက်ကတည်းက အလုပ်သမားတွေခေါ်ရင်းနဲ့ ရောက်လာတာပါ။ အရင်တုန်းက စစ်တွေခရိုင်၊ Gazetter ထဲမှာ တိတိကျကျဆိုထားပါတယ်။ ရာသီအလိုက်ခေါ်သွင်းတယ်။ ရာသီအလိုက် ဘယ်လောက်ထွက်လဲဆိုတာ ပြန်ပြီးစာရင်းစစ်ပါတယ်။ အဲဒီလိုပဲ လုပ်တဲ့အခါကျတော့ များများစားစားမကျန်ခဲ့ပါဘူး။ ဒီရာသီမှာ။ အခုနောက်ပိုင်းမှာတော့ အစုလိုက်၊ အပြုံလိုက်ဝင်လာတာကို ပြန်ထွက်လား၊ မထွက်လားလည်းမသိ။ ရှိနေလား၊ မရှိနေလားလည်း မသိ။ ရိုးမတောင်ကို ကျော်သွားလား၊ မကျော်သွားလားမသိ။ ဒီလိုဖြစ်ပြီးရင် လုံးလည်လိုက်ပြီးရင် ဒီပြဿနာဖြစ်လာတာ။ တကယ့်တကယ်ကျတော့ တရားဥပဒေစိုးမိုးရေးပြဿနာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို နိုင်နိုင်နင်းနင်းသာ ဟိုတုန်းကတည်းက ကိုင်ခဲ့ရင် ပြဿနာမကြီးမားခင် လုပ်လို့ရပါသေးတယ်။ အခုကတော့ ထုတည်တော်တော်ကြီးလာတဲ့အတွက် အိမ်ငှားက ကြာလာတော့ သူ့ဟာသူ အိမ်ရှင်ထင်သွားတဲ့အဖြစ်ပါ။ အိမ်ရှင်ထင်သွားတဲ့အဖြစ်ပါ။ ဒါဟာနောက်တစ်ချက် ကျွန်တော်တင်ပြပါ့မယ်။ နောက်တစ်ချက်က အကြံပေးပညာရှင်အဖွဲ့ရဲ့ အကြံဉာဏ်ကို ယူချင်မှယူမယ်ဆိုတဲ့ ကိစ္စဟာ Childage ဖြစ်ပါတယ်။ ကလေးစကားပါ။ အကြံပေးပညာရှင်ကို ဒေါ်လာမြောက်မြားစွာ ပေးပြီးသော်လည်းကောင်း တစ်နည်းနည်းနဲ့ ခေါ်ယူခြင်းသည် အလကားခေါ်ယူခြင်းမဟုတ်ဘူး။ ဟိုလူတွေကလည်း ခင်ဗျားတို့ ဥစ္စာလုပ်ရင်လုပ် ကျွန်တော်တို့ ယူချင်မှယူမယ်ဆိုရင် ကျင့်ဝတ်ပေါ့ဗျာ။ Contduct ပေါ့။ ဒီလိုဖြစ်သွားမှာပါ။ အဲဒီလို အခြေအနေလည်းရှိပါတယ်။ ဒါကလည်း စဉ်းစားစရာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ နိုင်ငံသားဟုတ်/မဟုတ်ကို တောင်းဆိုတဲ့ကိစ္စမှာ နိုင်ငံသားတော့မဟုတ်ဘဲနဲ့ တိုင်းရင်းသားကိုတက်ပြီးရင် တောင်းဆိုတယ်။ ၁၉၂၃ ခုနှစ် ပထမ အင်္ဂလိပ်-မြန်မာ စစ်မတိုင်ခင်က ရှိနေပြီးသား ပုဂ္ဂိုလ်များကလွဲလို့ နိုင်ငံသားဟာ ဘယ်သူမှမဖြစ်ဘူး။ ကျွန်တော်တို့ ဥပဒေအရ။ အခုကတော့ ဒီမှာ ဒီနေ့ရောက်လာလည်း ဒီနေ့နိုင်ငံသားလျှောက်တယ်။ နိုင်ငံသားလျှောက်ရုံတင်မက တိုင်းရင်းသားလျှောက်တယ်။ တိုင်းရင်းသားဘယ်လိုလုပ်ဖြစ်မလဲ။ တိုင်းရင်းသားများ မတော်တဆများ အကြံဉာဏ်ပေးလို့ဖြစ်သွားရင် ကျွန်တော်တို့ တိုင်းရင်းသား ချင်းတွေ၊ ကချင်တွေ၊ ကရင်တွေနဲ့အတူတူ တစ်တန်းထဲဖြစ်မသွားဘူးလား။ ဒီဟာခံနိုင်ပါ့မလား။ နောက်တစ်ချက်

အကြံပေးချက်ကို ယူချင်မှယူမယ်ဆိုတဲ့ကိစ္စ ဥပမာ-ရှိတဲ့ ပုဂ္ဂိုလ်များ၊ ဒီမှာရောက်နေတဲ့ပုဂ္ဂိုလ်များကို နိုင်ငံသားအဖြစ် ပေးသင့်တယ်လို့ဆိုရင် ကျွန်တော်တို့ ရခိုင်ဒုက္ခရောက်မယ်။ လက်ခံပါ့မလား။ ကျွန်တော်တို့လက်မခံသလို၊ တခြားတိုင်းရင်းသားတွေက လက်ခံပါ့မလား။ ဒီဟာကို ရှည်ရှည်ဝေးဝေး စဉ်းစားပြီးတော့မှ၊ အခြေအနေကို သုံးသပ်ပြီးတော့မှ စဉ်စားဆုံးဖြတ်သင့်ပါတယ်။ ကျွန်တော့်အနေနဲ့ နောက်ဆုံးပြောချင်တာကတော့ အားလုံးအခြေအနေက နှစ်ဖက်အကျိုးအကြောင်းနှင့် တင်ပြထားတာ ရှိတဲ့အတွက် ဒီဟာကိုထင်ထင်ရှားရှားသိရအောင်လို့ မဲနဲ့ပဲဆုံးဖြတ်ပေးပါလို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ် အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၃၄ ဦးက ဆွေးနွေးပြီး နိုင်ငံတော်အတိုင်ပင်ခံ ရုံးဝန်ကြီးဌာနကလည်း အဆိုအား အတည်မပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်က မဲခွဲပြီး တော့ ဆုံးဖြတ်ပေးဖို့ ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြုပြီးတော့ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ် သွားမှာ ဖြစ်ပါတယ်။ သို့သော် ရှေ့တန်းက မဲပေးဖို့ စက်ခလုတ်နည်းနည်း ချို့ယွင်းနေတဲ့အတွက် ခေတ္တခဏ စောင့်ဆိုင်းပေးပါ။ အဆိုနှင့်ပတ်သက်လို့ပြောရမယ်ဆိုလို့ရှိရင် ကျန်တဲ့ကိစ္စကလည်း ဒီမှာ ဒီအဆိုနဲ့ပတ်သက်တာပဲဆွေးနွေးတာဆိုတော့ အဆိုနဲ့ပတ်သက်တာပဲ ပြောခွင့်ရှိတယ်။ အဆိုနဲ့ ပတ်သက်တာလည်းပြောပြီးသွားပြီ။ တခြားကိစ္စလည်း ဒီအဆိုကိစ္စမှာပြောခွင့်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ပြောပါ့မယ်။ ထောက်ခံမယ့် သူတွေက မတ်တတ်ရပ်ပါ။ လူရေပါ့မယ်။ ရေမပြီးမချင်းမထိုင်ပါနဲ့။ ဒီအဆိုကို ထောက်ခံမယ့်သူများက မတ်တပ်ရပ်ပါ။ ကန့်ကွက်မယ့်သူများက ထိုင်နေပါ။ ဒါကျွန်တော် နည်းဥပဒေအတိုင်းပြောတာပါ။ ထောက်ခံမယ့်သူများ မတ်တပ်ရပ်ပါ။ ဒီ ဦးအောင်ကျော်ဇံ၊ ပေါက်တောမဲဆန္ဒနယ်ရဲ့အဆိုနှင့်ပတ်သက် လို့ အခုအချိန်ကစပြီး ထောက်ခံတဲ့ကိုယ်စားလှယ်များ မတ်တပ်ရပ်ပါ။ သေချာလေးရေပေးပါ။

**ဥက္ကဋ္ဌ**။ ။ ထိုင်နိုင်ပါပြီ။ ကြားနေရှိမှာစိုးလို့ ကျွန်တော် ပွင့်လင်းမြင်သာအောင်လုပ်ပါ့ မယ်။ ဒီအဆိုကို ကန့်ကွက်မယ့်သူများ မတ်တပ်ရပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ထိုင်နိုင်ပါပြီ။ ကန့်ကွက်တဲ့သူလည်းမတ်တပ်ရပ်ပြီးပြီ။ ထောက်ခံတဲ့သူလည်း မတ်တပ်ရပ်ပြီးပြီ။ တကယ်လို့ ကန့်ကွက်တဲ့ထဲလည်းမပါဘူး။ ထောက်ခံတဲ့ထဲလည်းမပါဘူး။ ကြားနေရှိရင်မတ်တပ်ရပ်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုကို ထောက်ခံဆန္ဒမဲ ၁၄၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၅၀ မဲနဲ့ ကြားနေဆန္ဒမဲ တစ်မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးအောင်ကျော်ဇံတင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်မပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၅း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**